
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး
အောင်မြင်စာပေ၊
ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ(၅၀၀)၊

၈၉၅.၈၃
ဝိဇ္ဇာ
ဝမ်းဘိုင်ဖိုး ဖိုးအင်ဝမ်း/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၈၀ - စာ၊ ၁၃.၅ × ၂၀ စင်တီ။
(၁) ဝိဇ္ဇာ








# (၁)

"ကျွိ . . . အီ . . . အီ . . . ကျွိ"

အချင်းချင်း စိတ္တဇ ဇာတ်သွင်းခံနေရသည့် စိတ်ကျန်းမာရေး စောင့်ရှောက်မှုဌာနရှေ့၌ အမောဆို့ဟန်နှင့် ထိုးရပ်လိုက်သည့် ကွမ်းစား ထုံးရောင် တက္ကစီတစ်စင်း. . .

"လာကြပါဦးဗျို့. . . ကယ်တော်မူကြပါဗျို့၊ ကျွန်တော့်ကို သူတို့ ညာခေါ်လာကြတယ်. . . ကြည့်မနေကြပါနဲ့. . . အရပ်ကတို့"

အမှန်တော့ ဤပရဝုဏ်သည် မယ်သီလရှင်နှင့် ကြိုးမျောက် ဘရာစီယာလို သားလတ်ကိုအတွက် အစိမ်းသက်သက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရုပ်တည်ကြီးနှင့် ဖြဲချောက်နေသော ဆိုင်းဘုတ်ကြီးကြောင့် အကြောက်တရားက သူ့ခါးကို လက်တို့လိုက်သဖြင့် တတ်သလောက် မှတ်သလောက် ကိုယ်လုံပညာနှင့် ငယ်သံမပါ့ပါအောင် အော်လိုက်ခြင်းဖြစ်သည်။

တက္ကစီပေါ်၌ အတူပါလာကြသည့် အစ်ကိုဖြစ်သူ သားကြီးမောင်က မသိမသာဟန်ဖြင့် သူ့လက်မောင်းကို ပြောင်ကြီး ဖမ်းချုပ်လိုက်၏။ အမေဖြစ်သူ ဒေါ်သက်ငုံဖူးက သူ့ပခုံးကို ဖွဖွဖိ၍ ဖော့ဖေးဖေး စကားဆိုလိုက်ရာသည်။

"ခဏလေး. . . ခဏလေးပါ သားရယ်၊ တကယ့်ကို ပိစိညှောင့်တောင့် ခဏလေးပါကွယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . မေမေ ညာတယ်၊ မေညာကြီးနော်. . . အိမ်မှာ ပြောတုန်းကတော့ နက္ခတ်တာရာပြခန်း လိုက်ပို့မလို့ဆို အခု ဘာဖြစ်လို့ ဒီကိုခေါ်လာရတာတုန်း"

ဖျတ်ခနဲ အရေးကြုံလျှင် ဖြုန်းခနဲ ကြံသလို ရှင်းနေကျမို့ ဒေါ်သက်ငုံဖူးက သားကြီးမောင်ထံ လက်ညှိုးထိုးပြ၍ အပဟဒယားကို ရွှေ့လိုက်သည်။

"သားကို ပြဖို့မဟုတ်ဘူး၊ သားကြီးကို ပြမလို့ကွဲ့"

သူ တုန့်ခနဲ တွေဝေသွားရာမှ တန်းခနဲ တည့်တည့်မေးတော့သည်။

"ဟုတ်လား ကိုကို"

"ဟုတ်ရတော့မှာပေ့ါ. . . အဲ. . . ဟုတ်ပါတယ်၊ အရမ်းဟုတ်. . . သိပ်ဟုတ်"

သားကြီးမောင်၏ပြုံးပြုံးပြုံးပုံစံနှင့် ပြောဆိုဟန်အရ. . အင်း. . ဒီအဆင့်ဆိုရင် ပြဖို့ လိုအပ်နေတာ အမှန်ပဲ ဟူသောအတွေးကြောင့် တင်းမာခက်ထန်နေသည့် သူ့မျက်နှာ အနည်းငယ် ပြေလျော့ သွားရ





သည်။

ဒေါ်သက်ငုံဖူးက အနေအထားအရ ဇယားတစ်ကွက် ထပ်ရွှေ့လိုက်ပြန်သည်။

"သားလည်း ဗဟုသုတရအောင် အထဲဝင်ကြည့်ကြမယ်နော်"

"ဟင့်အင်းဗျာ. . . ဒီနားကပဲ စောင့်နေမယ်"

"အထဲမှာ သားစိတ်ဝင်စားတဲ့ သိပ္ပံပစ္စည်းတွေ ရှိတယ်တဲ့၊ နောက်ပြီး မေမေတစ်ယောက်တည်းဆိုရင်. . ."

စကား ခါးလယ်ဖြတ်ပြီး သားကြီးမောင်ထံ မေးငေ့ါပြရင်း မျက်စေ့တစ်ဖက် ဆတ်ခနဲ မှိတ်ပြလိုက်ဟန်ကြောင့် သူ မေမေ့အခက်အခဲကို နားလည်သွားရသည်။ ဟုတ်တယ်. . . မတော် ကိုကို ဝူးဝူးဝါးဝါး ရှန်းကန်လျှင် မေမေတစ်ယောက်တည်းနဲ့ ဘယ်ဖြစ်ပါ့မလဲ။

သူ့ ကိုကို့လက်မောင်းကို မိမိရရ ချုပ်ကိုင်လိုက်ရင်း မေမေ့ကို ခေါင်းညိတ်ပြကာ ဆေးရုံထဲသို့ ခပ်သွက်သွက် ဆွဲလျှောက်ဝင်လာခဲ့ဖြစ်သည်။ မေမေက သူ့ကို ကျေးဇူးတင် အားကိုးသောမျက်ဝန်းတွေနှင့် ကြည့်လို့ပေ့ါ။

အားအားယားယား အလကားနေ အလကားဆိုပြီး ဒီရောဂါ ထနေကြသည် ထင်၏။

တာဝန်ကျဆရာဝန်၏အခန်းဝတွင် တန်းစီစောင့်ဆိုင်းနေသူများက တပုံတခေါင်းမို့ သူ ကိုကို့လက်မောင်းကို ဆွဲဖိချရင်း သားအမိသုံးယောက် ခုံတန်းလျားအလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။ ပြီးမှ ကိုကို လူများများကြားမှာ အာရုံနောက်ပြီး ထမဖောက်ရန် စကားရောဖောရော လုပ်၍ ထိန်းထားရသည်။

"မြို့ထဲက အထူးကုဆေးခန်းတွေမှာ ဘာဖြစ်လို့ မပြတာလဲဟင် ကိုကို"

"ပြကြည့်ပြီးပြီ. . . မပျောက်လို့ ဒီကိုလာရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ညီညီ့ကို ပြောပြပါဦး၊ ဘာရောဂါဖြစ်နေလို့လဲ"

"အသက်ရှူတိုင်း ခေါင်းထဲမှာ ဒိန်းခနဲ ဒိန်းခနဲ မြည်ပြီး ရင်ဘတ်ထဲမှာလည်း ဒုတ်ခနဲ ဒုတ်ခနဲ ဆောင့်အောင့်နေလို့"

"ဒါလေးများ ကိုကိုရာ၊ အသက်မရှူဘဲ နေလိုက်ရင် ပွဲပြီးသွားမယ့်ဥစ္စာ"

"အန်. . ."

"ဒီဆေးရုံနဲ့ ဒီရောဂါက ဘယ်လိုပတ်သက်နေလို့လဲ"

"သိဘူးလေ. . . ခေါင်းထဲက အဓိက ဖြစ်နေတာဆိုတော့ ဆိုင်မယ်ထင်လို့ မေမေ ခေါ်လာတာပဲ"

"ရှူး. . . ကိုကို ဒါဆို မေမေ့ခေါင်းနဲ့ ဒီဆေးရုံ ပိုဆိုင်နေတာ သေချာတယ်ဗျ"

သားလတ်ကို ကောက်ချက်ကြောင့် ဒေါ်သက်ငုံဖူးတစ်ယောက် ဆတ်ခနဲ တွန့်သွားပြီး ဖျတ်ခနဲ ထရပ်လိုက်မိ၏။ သားနှစ်ယောက်က ပြိုင်တူ မော့ကြည့်လိုက်ကြသည်မို့. . .

"ဟို့ . သားတို့နှစ်ယောက် ဒီမှာ ခဏနေဦးနော်၊ မေမေ လက်ထရိန် ခဏဝင်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဒေါ်သက်ငုံဖူး အပြေးတစ်ပိုင်း ထွက်ခွာသွားသည်။ သည်အတိုင်း စီနီယာ စောင့်နေမည့်အစား ကြားပေါက်ကျော်ဝင်နိုင်ရန် ထုံးစံအတိုင်း တာဝန်ရှိ ပေါက်ရောက်မည့် တာဝန်ကျအပေါက်စောင့်တစ်ယောက်ယောက်နှင့် အိညှောင့်အိညှောင့်လုပ်ညှိနှိုင်းကြည့်ရန်ဖြစ်သည်။

သားကြီးမောင်သည် မေမေ့လှုပ်ရှားမှုနောက်သို့ မျက်လုံးငေးပါသွားသည့် ညီဖြစ်သူကို မသိမသာ ခိုးရှိုး၍ နောက်ထပ်ရောက်လာမည့် ဗရုတ်သုတ်ခ အခြေအနေအတွက် ကြိုတင်ပို့နှင့် ပင့်သက်လျှိုရှိုက်လိုက်မိသည်။





"ဒါထက် ဘယ်က စဖြစ်တာလဲ ကိုကို"

"ဟို. . . အဲ. . . မော်ဒန်ကဗျာတွေ ဖတ်ရင်းဖတ်ရင်း ဖြစ်လာတာကွ. . . ဟဲ. . . ဟဲ"

ညီဖြစ်သူ လတ်တလော စိတ်ကျေနပ်ရန် ပါးစပ်ထဲ ရှိရာ ဖြေလိုက်မိပြီးမှ ဤအရပ်ဒေသမှာ ရှိနေနိုင်သည့် မော်ဒန်ကဗျာဆရာတွေများ ကြားသွားလေမလားဟု အလန့်တကြား ဝေ့ဝဲအကဲခတ်ရင်း နီးစပ်ရာ အကြည့်မျက်နှာများကို ကတိုက်ကရိုက် ဟဲလုံးရိုက် သွားဖြဲပြလိုက်ရသည်။

အခုမှ တကယ့်ကို အသက်ရှူလိုက်တိုင်း ခေါင်းထဲမှာ ဒိန်းခနဲမြည်၊ ရင်ဘတ်ထဲမှာ ဒုတ်ခနဲ ဆောင့်အောင့်လာသလိုလို ဖြစ်လာ၍ ခဏငြိမ်သက်နေသည့် သားလတ်ကိုအလစ်မှာ နောက်ထပ် ပြဿနာရှာလာဦးမည့်မေးခွန်းတွေကို စတေးရှောင်ရန် ဆေးရုံအတွင်း လျှောက်ထွက်လာခဲ့၏။ ဘာရယ်မဟုတ်. . . ဟိုကြည့်ငေးငေး သည်ကြည့်ငေါင်ငေါင်ဖြင့် သားကြီးမောင် ဆေးရုံဝရန်တာ ရောက်လာခိုက်. . .

"ဒီမှာရှင့်. . . ဟိုလူကြီး"

"ဗျာ. . . ကျွန်တော့်ကို ခေါ်တာလားဟင်"

"ဟုတ်တယ်. . . ကျွန်မကို အကူအညီတစ်ခု ပေးစမ်းပါ"

"ရပါတယ်. . . ပြော. . . ဘာကူညီရမှာလဲ"

"ကျွန်မယောက်ျားကို ကားပေါ်က တွဲပြီးချပေးစမ်းပါရှင်"

သားကြီးမောင်က ပြောလာသည့်အမျိုးသမီးကို တစ်ချက်အကဲခတ်လိုက်၏။ ဥပမိရုပ်နှင့် အဆင်အပြင် ကာလာကတော့ အထည်ကြီးဒိုင်ဖိုင်းစုံနှင့်ပါ။ ကားသာဆိုလျှင် သူ့မမှာ သဘော်ချဖြစ်သည်။ မော်ဒယ်မြင့်သည်။ အက္ခရာကလည်း ၉/ဂ၊ အဲယားကွန်း၊ Push Start တီဗွီ၊ နောက်ကြည့်ကင်မရာ ပစ္စည်းစုံ ပါသည်။ သည်အဆင်နှင့် သည်အဆင့်မို့ သူ မငြင်းဆန်မိတော့ဘဲ သူမနောက်သို့ လိုက်ပါခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ရှင် ကောင်းကောင်းလိုက်မှာလား၊ ဒီလူ့လက်ထဲ အပ်လိုက်ရမလား"

"အဟဲ. . . အစ်ကိုကြီး ဘာမှမလုပ်နဲ့နော်၊ လိုက်ခဲ့ပါ့မယ်၊ ခုလိုက်ခဲ့ပါ့မယ်"

ရုပ်ကြမ်းလူထွား သားကြီးမောင်၏အဟန့်ကို ရှိန်သွားသည် ထင်၏။ သူ့အမေနှင့် ရွယ်တူခန့် ရှိမည့် ကားထဲမှ ပုဂ္ဂိုလ်သည် အစ်ကိုကြီးတွေဘာတွေ ခင်းပြီး ပရောပရီကြီး မျက်နှာချိုသွေးပြနေ၏။

ပြီးနောက် ခပ်သွက်သွက်ပင် သနပ်ခါးဘဲကြား၊ လည်ပင်းမှာ VeVe ဖူး ဆွဲထားပြီး လုံချည်ခါးတောင်းကျိုက်ထားသည့် တော်ဝင်ဆန်ဆန် ပုဂ္ဂိုလ်ကြီးသည် ရာဇဣန္ဒြေအပြည့်ဖြင့် ကားပေါ်မှ ဆင်းကြွလာတော်မူလေသည်။

"အဟဲ. . . အဟဲ. . . နောင်ကြီး၊ ကျွန်တော့ကို နည်းနည်းကွယ်ပေးထားပါဗျာ၊ လူတွေ ဝိုင်းကြည့်နေတာ ရှက်စရာကြီး"

"ဗျာ. . . ခင်ဗျားက ရှက်တယ်၊ ဟုတ်စ ကောင်းကွာ"

သားကြီးမောင် တကယ့်ကို ဂလယ်အူကြောင် ရိုက်သွားမိရတော့ ပုဂ္ဂိုလ်ကျော်က ဟျာဟျာသလဲ ဖြေရှင်းရှာ၏။

"တကယ်ရှက်လို့ပါဗျာ. . . ကျွန်တော့်ကို တလွဲမထင်ပါနဲ့"

"မထင်ပါဘူး. . . မထင်ပါဘူး"

"ကျွန်တော် ရှင်းပြပါ့မယ်"

"ရှင်းရှင်းကြီးကို ရှင်းပြရင် ရှုပ်ကုန်တော့မှာပဲ၊ အင်းပါလေ. . . ပြော. . ပြော၊ ခင်ဗျား စိတ်ချမ်းသာရင် ပြီးရော"

ငှက်တုပ်ကွေးလွတ် ခေါင်းပျိုမ တစ်ပတ်နွမ်းခြေလှမ်းဖြင့် သူတို့ရှေ့မှ မော့ကြွကြွ လှမ်းနေသည့် အမျိုးသမီးထံ ခိုးကြည့်ရင်း ခြေလှမ်းအနည်းငယ် နှေးချပြီး ပုဂ္ဂိုလ်က တိုးတိုးလေး ပြောလိုက်၏။

"ရှူး. . . တိုးတိုး၊ ကျွန်တော့်မိန်းမ ကြားရင် ပြဿနာ တက်





နေလိမ့်မယ်၊ တကယ် စိတ်မနှံ့တာက သူမှအစစ်ဗျ"

"အဟင်း. . . ဟင်း. . . ဟင်း. . . ဟုတ်လောက်ပါတယ်၊ ဖြစ်နိုင်တာပေါ့. . . ဖြစ်နိုင်ပါတယ်"

"တိုးတိုးရယ်ပါဗျာ. . . ဟိုမှာ ကြားသွားဦးမယ်၊ အင်းလေ. . . ကျွန်တော့်ပုံစံကလည်း ဒီလိုပဲ အထင်လွဲစရာ ဖြစ်နေတာကိုး၊ ဆေးရုံတို့ လာမယ်ဆိုတော့ ကျွန်တော့်ကို အခုလိုပုံစံအတိုင်း လိုက်ခဲ့ရမယ်တဲ့၊ အဲသလိုမှ မဟုတ်ရင် သူ့ရောဂါကို လုံးဝမပြနိုင်ဘူးတဲ့၊ ကဲဗျာ. . . ဘယ်သူရူးသလဲဆိုရင် နောင်ကြီးပဲ စဉ်းစားကြည့်ပါတော့"

"ဗုဒ္ဓေါ"

"ကျွန်တော် ရူးတာပါ၊ ဘယ်သူမှ မရူးဘူး၊ ကျွန်တော် ရူးတာပါခင်ဗျာ"

ဟု ဟစ်မချလိုက်မိရန် သားကြီးမောင် အမြန် ဘုရားတလိုက်ရတော့၏။

ထိုစုံတွဲကို ဆေးရုံထဲ လိုက်ပို့ပြီး ပြန်လှည့်ထွက်အလာ. . . ခြေသုံးလှမ်းကျော် လေးလှမ်းမပြည့်သေးခင် ခပ်ဝဝ အမျိုးသမီးတစ်ယောက်က သူ့ပခုံးကို လာပုတ်လိုက်ပြန်သည်။

"ဒီမယ်ရှင့်"

"ဗျာ. . . ဟုတ်ကဲ့"

"ကျွန်မလည်း လူနာသွားခေါ်စရာ ရှိလို့ပါ"

"ဟာဗျာ. . . မဟုတ်သေးပါဘူး၊ တစ်ခုခုတော့ မှားနေပြီထင်တယ်"

သားကြီးမောင် ခေါင်းတစ်ချက်ကုတ်ရင်း သူ့ရုပ် သူ့ခန္ဓာက အရူးထိန်း ဧည့်ကြိုအသွင်နှင့် ဖစ်ဆိုက်လာဖြစ်နေပုံရသည်ဟု အီလည်လည်တွေးမိခိုက် အနီအမျိုးသမီးကြီးက ဗလအားကိုးနှင့် ဟောက်ပြော ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်. . . ဒီမှာ၊ မှားတာတွေ မမှားတာတွေ ဘာမှလာပြောမနေနဲ့၊ ရှင့်တာဝန်အရ ရှင်လုပ်ပေးရမှာက ကျွန်မကို အကြံပေးရုံသက်သက်ပဲ. . . ရှင်းလား"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . အမိန့်ရှိပါခင်ဗျာ"

"မနေ့ညက ကျွန်မယောကျ်ား အိမ်ကို ပြန်တော့ သူ့ကိုယ်သူ နွားဖြစ်ပြီဆိုပြီး တွေ့ကရာကို ခေါင်းနဲ့ လိုက်ခွေ့နေတယ်၊ သူ့ပါးစပ်ကလည်း နွားလိုတစ်ညလုံး အော်နေတယ်"

"အဲဒါပဲဗျာ. . . ဒီကို ခေါ်လာခဲ့လိုက်ပေါ့"

"ဟုတ်ပါတယ်. . . သူ့ကို ခေါ်လာတဲ့အခါ စီးပြီးခေါ်လာရမလား၊ နဖားကြိုး ဆွဲပြီး ခေါ်လာရမလား၊ ဘယ်ဟာ ပိုအဆင်ပြေမလဲလို့ အကြံပြုစမ်းပါရှင်"

'ဟိုက်'ခနဲသံ. . နင်သွားရသည့် သားကြီးမောင်မှာ နောက်ဆုံးတော့ စေတနာသုံးတန် ပြဋ္ဌာန်း၍ အကောင်းဆုံးအကြံကိုပေးပြီး အပြေးတစ်ပိုင်း လှည့်ထွက်လာခဲ့တော့သည်။

"ဟုတ်ကဲ့. . . အဆင်အပြေဆုံးကတော့ အစ်မကြီးရဲ့ကောက်ရိုးတစ်ဖုတ်မှာ ပဲဖတ်ရည် နည်းနည်းသုတ်ပြီး ရှေ့ကပြ ချော့မော့ဆွဲလိုက်တာက အကောင်းဆုံးပါပဲခင်ဗျာ"

သားကြီးမောင် ပြန်ရောက်လာတော့ သူတို့ ပြသရန်အလှည့်က ကျလာပြီဖြစ်၏။

ဆရာဝန်အခန်းထဲသို့ မိသားစုသုံးယောက် ဝင်ရောက်ခဲ့ကြသည်။

သမ္မာရင့်မျက်နှာပေါ်မှ ခေါက်ရိုးကျိုးအပြုံးနှင့် ဆရာဝန်ကြီးက ဖော်ဖော်ရွေရွေဖြင့် တာဝန်ကျေ ပဋိသန္ဓာရပြု နေရာချ စကားစသည်။

"လာ. . . ထိုင်ကြ၊ နာမည်လေး ပြောပါဦးကွာ"

သူ့မျက်နှာထံ တည့်တည့်ရှု မေးလာသည်မို့ သားလတ်ကို





သည် သားကြီးမောင်ဆီ လက်ညှိုးထိုးပြီး ကမူးရှူးထိုး ပြောလိုက်ရသည်။

"လူနာက ကျွန်တော်မဟုတ်ဘူး. . . သူ. . . သူ. . . "

ဒေါ်သက်ငုံဖူးက ကမန်းကတန်း မျက်ရိပ်မျက်ခြည်ပြ၍ ဆရာဝန်ကြီးကို နားလည်ခွင့်လွှတ်ပေးရန် အသံတိတ် တောင်းပန်လိုက်၏။ အရှုပ်ပါးဝနေသည့် ဆရာဝန်ကြီးကတော့ ခေါင်းညိတ်အပြုံးကို ခါးဝတ်ဘောင်းဘီလို မြဲရှာပါသည်။

"ဩော်. . . လူနာက သူလား၊ ကဲဟေ့. . . ဒီလူနာကို ဟိုဘက်ခန်းထဲ ခေါ်ပြီး ဆေးထိုးပေးလိုက်ကြပါကွာ၊ ငါ ဒီက မိသားစုနဲ့ ဆွေးနွေးလိုက်ဦးမယ်"

သားကြီးမောင်တစ်ယောက် ဆေးရုံဝန်ထမ်း အမျိုးသားနှစ်ယောက်ကြားတွင် ကားရားကားရား တရွတ်တိုက် ပါသွားလေသည်။

"ကျွန်တော့်ကို တကယ်ဆေးထိုးကြမှာလားဟင်"

"အင်းလေ. . . ဆရာပြောတာ ခင်ဗျားလည်း ကြားသားပဲ"

"ဟာဗျာ. . . ကျွန်တော် လူကောင်းပါဗျ"

"ဒီကိုရောက်လာတဲ့သူမှန်သမျှ ဒီအတိုင်းပဲ ပြောကြတာချည်းပဲ"

"ကျွန်. . ကျွန်တော် တကယ်လူကောင်းပါဗျာ၊ မယုံရင် ရဲစခန်း ထောက်ခံစာ ပြန်ယူပေးပါ့မယ်၊ ဆေးတော့ မထိုးနဲ့နော်. . . နော်၊ ကျွန်တော်က ပင်နယ်ဆလင် ထိုးဆေးနဲ့ မတည့်လို့ပါ"

"အဲဒီ ပင်နယ်ဆလင် ငါးသိန်းအား တက်ဖလက်တွေနဲ့ အတောင်းမပြတ်ဘူး၊ ထိုးကို ထိုးရမှာပဲ"

"ဟော့လူတွေ. . . မလုပ်နဲ့နော်၊ အရှက်နဲ့အသက် လဲပစ်လိုက်မယ်. . . ဟွင်း၊ အဲဒီဆေးထိုးတဲ့အလုပ်ကို ဖင်လှန်ပေးရမှာ ရှက်လွန်းလို့ လူမှန်းသိကတည်းက ဝေရာမဏီ ရှောင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . သူ့အလှည့်ကျတော့ ကြောက်တတ်လိုက်တာ၊ တကယ်မထိုးပါဘူးဗျ၊ ခင်ဗျားကို သက်သက်မဲ့ အိပ်ငိုက်ပြေနောက်နေတာပါဗျာ"

"အာ. . . အဲဒီလိုကြီး မနောက်ကောင်းဘူးလေဗျာ၊ ဒီမှာက ရှူးတော့မလို့ တဲတဲလေးပဲ လိုတော့တာဗျ"

သားကြီးမောင်ကို လူနာအဖြစ် တခြားခန်းသို့ ခေါ်သွားစဉ် ဆရာဝန်က သားလတ်ကိုအား စကားစလိုက်လေသည်။

"ကဲ. . . လူနာကို ဆေးသွားထိုးနေတုန်း ဆရာတို့ စကားနည်းနည်းပြောကြရအောင်ကွာ"

". . . . . . . ."

"အခုလို စကားပြောမယ်ဆိုတော့ သားစိတ်ထဲ ဘယ်လိုနေသလဲကွ"

". . . . . . . ."

"သားငယ်. . . ဆရာကြီး မေးနေတာ ဖြေလိုက်လေ"

ဒေါ်သက်ငုံဖူးက အားနာဟန်ဖြင့် ဝင်တိုက်တွန်းလိုက်သည်။ ဆရာဝန်ကြီး လက်ဝါးကာပြလျက် ကာယကံရှင်မှတပါး ဘာမှဝင် မပြောရန် မျက်လုံးဖြင့် တိတိကျကျ သတိပေး တားမြစ်လိုက်၏။ ပြီးမှ. . .

"သားရဲ့နားထဲမှာ အသံတွေ ကြားနေရတာမျိုး ရှိသလား၊ ဥပမာကွာ. . . တစ်ယောက်ယောက်က အနီးကပ် ကြိမ်းမောင်းနေတာမျိုးပေါ့"

သားလတ်ကိုက ဝတ်ကျေတမ်းကျေ ခေါင်းယမ်းပြလိုက်၏။ သူ့အကြည့်က ဆရာဝန်ကြီးထံမှာ မရှိ။ သူ့မျက်ဝန်းအစုံက ပြတင်းပေါက် ဟိုဘက်ရှိ ပြင်ပမြင်ကွင်းထံမှာ မျက်တောင်မခတ်တမ်း စူးနစ်နေလေသည်။





"ဆရာမေးတာကို ဘာဖြစ်လို့ ပါးစပ်က မဖြေရတာလဲ"

"ဖြေချင်ပါတယ် ဆရာ၊ ဟို. . . ဟို. . . ဒါပေမယ့်. . ."

"ဟုတ်ပြီ. . . ဒါပေမယ့် ဘာဖြစ်သလဲ၊ ဘာမှမကြောက်နဲ့. . . ပြော. . . ပြော"

"ဟိုမှာ အန္တရာယ်အငွေ့အသက်တွေ တွေ့နေရလို့ပါ"

သူ ပြတင်းပေါက်မှ မြင်နေရသည့် ဓာတ်ကြိုးတို့ကို လက်ညှိုးထိုးပြလိုက်သည်။ ဆရာဝန်ကြီးရော ဒေါ်သက်ငုံဖူးပါ သူညွှန်ပြရာဆီ ပြိုင်တူကြည့်လိုက်မိကြသည်။

"အဲဒီဓာတ်ကြိုးတွေက အန္တရာယ်ပဲ၊ အမြန်ဖြုတ်ပစ်လိုက်ပါ ဆရာ"

ဆရာဝန်ကြီးက သူ့မျက်နှာကို စိုက်ခနဲ ကြည့်ရင်း အလိုက်သင့် မျှောမေးလိုက်၏။

"ဘာဖြစ်လို့လဲကွဲ့. . . ဝါယာတွေ ရှော့ခ်ဖြစ်နေလို့လား"

"မဟုတ်ဘူး ဆရာ၊ ဓာတ်ကြိုးထဲက အီလက်ထရွန်နစ်အမှုန်တွေ စိမ့်ထွက်နေလို့၊ အဲဒီအီလက်ထရွန်အမှုန်တွေ လူ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်သွားရင် အာရုံကြောတွေ ချို့ယွင်းပျက်စီးကုန်ကြလိမ့်မယ် ရေဒီရေးရှင်းအဆိပ်သင့်ကုန်ကြလိမ့်မယ်"

"ဒီလိုလည်း မဟုတ်သေးဘူးလေကွယ်၊ ရေဒီယိုအက်တမ်ဆိုစ်တူးပွိုင့်ဖိုက် မီလီဂရမ်ကျော်မှ ရေဒီရေးရှင်း အဆိပ်သင့်မှာပါ၊ ပြီးတော့ ရေဒီရေးရှင်းဆိုတာ ဆိုးကျိုးရှိသလို ကောင်းကျိုးလည်း ရှိပါတယ်ကွဲ့"

"ကောင်းကျိုးရှိတာလည်း ရှိတာပေါ့လေ၊ အခုဟာက လေထုထဲမှာ ဘယ်လောက်အထိ ပျံ့နှံ့နေပြီမှန်း မသိနိုင်တာ၊ လျှပ်စစ်ဓာတ်ကို မိုက်ကယ်ဖာရာဒေး ရှာဖွေတွေ့ရှိပြီးကတည်းက သုံးစွဲလာကြတာ ကြာပြီမဟုတ်လား"

တွေးတွေးဆဆနှင့် နှိုင်းနှိုင်းချင့်ချင့် ပြောနေဟန်ကို ချင့်ချိ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဆရာဝန်ကြီးက မေးခွန်းတစ်စ ချကျွေးလိုက်သည်။

"ဒီတော့ သားက ဘယ်လိုဖြစ်စေချင်လို့လဲကွ"

"ကြိုတင်ကာကွယ်မှုတွေ လုပ်ထားရမယ်၊ အိမ်တိုင်းမှာ ဖေးလ်တာပေပါတွေ တပ်ထားရမယ်၊ ရောင်ခြည်ကာဝတ်စုံတွေ ဝတ်ထားရမယ်"

"ဟုတ်ပြီ. . . အိုကေ၊ သက်ဆိုင်ရာ ကမ္ဘာ့ထိပ်တန်း သိပ္ပံနည်းပညာရှင်ကြီးတွေဆီကို သားရဲ့အကြံပြုချက်တွေကို အမြန်ဆုံး တင်ပြပေးပါ့မယ်"

"တကယ်. . . ဝေးဟေးဟေး. . . ဒါမှ တို့ဆရာကွ"

သူသည် ဝမ်းသာရွှင်ပျဟန်ဖြင့် ဆရာဝန်ကြီး၏ခါးကို အပြေးအလွှား ထဖက်လိုက်လေသည်။ ဒေါ်သက်ငုံဖူးမှာ လန့်ခနဲ ထိတ်သွားရသကဲ့သို့ အနီးအပါးမှ တာဝန်ကျဝန်ထမ်းတို့က အသင့်အနေအထားဖြင့် အရိပ်အခြေ စောင့်ကြည့်နေကြသည်။

ဆရာဝန်ကြီးက ဘာမျှထူးခြားဟန် မပြဘဲ သားလတ်ကို၏ပခုံးကို ခပ်ဖွဖွ သုံးချက်ပုတ်လိုက်ရင်း. . .

"ဆရာ အခုလို ကူညီတာ ကျေနပ်ရဲ့လားကွ"

"လောကလူသားအကျိုးအတွက် တာဝန်သိတတ်ပြီး လိမ္မာရေးခြားရှိတော့ အရမ်းကို ကျေနပ်တာပေါ့ဆရာရယ်"

"ဒါဖြင့် ဆရာ့ကိုလည်း သား တစ်လှည့်ပြန်ကူညီရမယ်. . . အပြန်အလှန်ပေါ့"

"ရပါတယ် ဆရာ. . . ပြော၊ ဘာကူညီရမလဲ ခင်ဗျ"

ဆရာဝန်ကြီးက သားလတ်ကိုအား မူလထိုင်ခုံဆီ ပြန်နေရာချထိုင်စေ၍ မျက်နှာကို အနည်းငယ် တည်လိုက်ပြီး. . .

"ဆရာ့ကို အမှန်အတိုင်း ပြောစမ်း၊ သားစိတ်ထဲမှာ တူးတူးခါးခါး မုန်းနေတဲ့သူ ရှိသလား"





"မရှိဘူး ဆရာ၊ ဘယ်သူ့ကိုမှ မမုန်းဘူး"

"ဖြည်းဖြည်း. . စဉ်း. . . စား. . . ကြည့်. . . ပါ. . . ဦး"

သူ တွေခနဲ ခေတ္တငူ၍ မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်နေပြီးမှ ခဏချင်း တိုးဖွဖွ ဖြေလေ၏။

"သြော်. . . အင်း၊ ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဟို. . တစ်ယောက်တော့ ရှိတယ်. . . ဟုတ်တယ်"

"ဘယ်သူလဲဆိုတာ ပြောပြပါလား"

"ဟို. . . ဟိုလေ. . . သုန်သုန်. . . သုန်သုန်. . . ဝသုန်မြတ်နိုး"

"သူ့နာမည်က ဝသုန်မြတ်နိုးတဲ့လား၊ ဘယ်မှာ နေတာလဲကွဲ့"

သားလတ်ကို၏စကားကြောင့် သူ့အနားမှာ ယှဉ်ထိုင်နေသည့် ဒေါ်သက်ငုံဖူး၏မျက်နှာပြင် အရေပြားများ ခေါက်ခနဲ တွန့်သွားကာ မျက်ဝန်းညို့ဖျော့ဖျော့ဖြင့် သားမျက်နှာကို နင့်ခနဲ ကြည့်လိုက်မိသည်။

ဖြစ်မှဖြစ်ရလေခြင်း သားရယ်။

နှစ်ရှည်လများ ဆွေမျိုးရင်းချာသဖွယ် ခင်မင်ဆက်ဆံခဲ့ရပါသော အိမ်နီးချင်းမိတ်ဆွေတို့၏တစ်ဦးတည်းသောသမီးလေး။ သားချည်း နှစ်ယောက်မွေးပြီး သားအိမ်ရောဂါကြောင့် နောက်ထပ် သမီးတစ်ယောက်မှ ထွန်းကားခွင့် မရှိသော သူမအတွက် ဖြေပြေရာ အစားထိုးနေရသည့် သမီးချောလေး သုန်သုန်။

ပြီးတော့ သား၏စားဖော်၊ သွားဖော်၊ ကစားဖော်၊ ကျောင်းနေဖက် ငယ်သူငယ်ချင်းမိန်းကလေးကိုမှ ပြောထွက်လေခြင်းကွယ်။ ကာယကံရှင် သုန်သုန်နှင့် သူမမိဘများသာ ကြားသွားပါက ဘယ်လောက် စိတ်နှလုံးထိခိုက်ကြရှာမလဲကွယ်။

ဒေါ်သက်ငုံဖူးမှာ ဆရာဝန်ကြီး၏ကနဦး မေတ္တာရပ်ခံချက်ကြောင့် ဘာတစ်ခုမျှ ဝင်ရောက်ပြောဆိုရန် အခွင့်မသာသည်မို့ အ



www.burmeseclassic.com

www.burmeseclassic.com



တော် နေမထိထိုင်မသာ ညှိုးရော်နေရသည်။ သားလတ်ကိုထံမှ စကားသံ ပြန်ထွက်လာ၏။

"ဝသုန်မြတ်နိုး နေတာ ကျွန်တော်တို့အေးချင်းကပ် ခြိမှာပါ။ သူ့ကို မုန်းတီးသူအဖြစ် မသတ်မှတ်တော့ပါဘူးလေ၊ တကယ်တော့ သုန်သုန်က စိတ်ထားအရမ်းဖြူတာ၊ တကယ့်ကို အပြစ်ကင်းတဲ့ သိုးလေးတစ်ကောင်လိုပါပဲ၊ ချစ်စရာကောင်းသလို ဘယ်သူ့ကိုမှလည်း မကောင်းမကြံတတ်ဘူး ဆရာရဲ့. . . သိလား"

"ဟုတ်လား. . . ဒါ ဝမ်းသာစရာပေါ့ကွယ်၊ ကဲ. . . ဒါဖြင့် သား မုန်းတဲ့သူ တစ်ယောက်မှ မရှိတော့ဘူးပေါ့နော်"

"ဟာ. . . မဟုတ်ဘူး. . . သတိရပြီ၊ ရှိတယ်. . . ဟိုကောင်. . . ဟိုတိရစ္ဆာန်ကောင်"

"ဟို. . တိရစ္ဆာန်ကောင်ဆိုတာ ဘာကောင်လဲကွ"

"ခွေးတိရစ္ဆာန်ကောင်လေ. . ဟုတ်တယ်. . သေချာတယ်၊ အဲဒီကောင်ကို ကျွန်တော်အရမ်းမုန်းတယ်၊ ဒင်းနာမည်ကို ပါးစပ်ထဲ ထည့်ပြောရမှာ ချီးလို ရွံ့အောင် သနတယ်၊ တောက်. . . ခွေးမသားတက်နေစိုး"

"ဒုန်း. . ."

သူ ရုတ်တရက် ပြောရင်းဆိုရင်း အံကြိတ်တောက်ခေါက်၍ ရှေ့က စားပွဲကို လက်သီးဖြင့် ထုချလိုက်သဖြင့် ဒေါ်သက်ငုံဖူး ဗျာဗျာသလဲ ဝင်တားလိုက်မိတော့၏။

"သားလေး. . . သား. . . ဆရာကြီးကို ယဉ်ယဉ်ကျေးကျေး အေးအေးဆေးဆေး ပြောလေကွယ်၊ ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောပြီး ကြမ်းကြမ်းတမ်းတမ်းတွေ လုပ်နေရတာလဲ"

"ရပါတယ်. . . ကိစ္စမရှိပါဘူး၊ သူ့စိတ်ထဲ ခံစားရတဲ့အတိုင်း ပြောပါစေ၊ ဒါမျိုးက ဒီလိုပါပဲခင်ဗျ"





ဆရာဝန်ကြီးက ဒေါ်သက်ငုံဖူးကို စာနာဖေးမမှုဖြင့် နှစ်သိမ့်ပေးလိုက်ရင်း တစ်ဆက်တည်း. . .

"ဒါထက် မောင်သားလတ်ကိုက အဲဒီတက်နေစိုးကို ဘာကြောင့် ဒီလောက်မုန်းတီးနေရတာတုန်း၊ ဆရာ့ကိုလည်း ပြောပြပါဦး သားရဲ့"

သူ ဂနာမငြိမ် လှုပ်လှုပ်ရှားရှားဟန်ဖြစ်လာပြီး မျက်သားထောင့်တွက်သားများ တဆတ်ဆတ် တုန်၍ အသံမာတင်းတင်းကြီး ဆိုလိုက်လေ၏။

"ဒီကောင့်ကို သည်းခြေပေါက်အောင် မုန်းရတာက. . ."



www.burmeseclassic.com

www.burmeseclassic.com





(၂)

ဒေ ရှိုင်မြို့ကြီးတစ်မြို့ရှိ ခြံဝင်းကျယ်တစ်ခုအတွင်း. . .

ဟောသည် ပိတောက်ပင်ခြေရင်းက ခုံတန်းလျားတွင် သူမ ထိုင်နေခဲ့သည်မှာ အချိန်အတိုင်းအတာကိုပင် သတိမထားခဲ့။ အတန် ငယ် ကြာပြီဟုတော့ အနည်းငယ် ပူဖျဉ်းဖျဉ်းဖြစ်နေသည့် တင်ပါးတစ်စုံ က ခိုင်ခိုင်လုံလုံ သက်သေခံနေပါပြီ။

သူမမျက်နှာတစ်ပြင်လုံး ညှိုးလုငယ်မှိုင်းနေပုံကို လတ်တလော အားဖြင့် ထပ်တူကျ ခိုင်းနှိုင်းပြဖို့ အလင်္ကာနိမိတ်ပုံတို့ တိုရေရှားရေ နိုင်လွန်းလှသည်။





အတွေးပေါ် အငေးဆင့်ပြီး ပင့်သက်ပြင်းမောများ တရစပ် ခြွေချနေမိ၏။

သက်ပြင်းတစ်ကြိမ် ချလိုက်တိုင်း ပိုက်ဆံတစ်ကျပ် ရမည်ဆို ပါက စောစောလောက်ကတည်းက ဘီလ်ဂိတ်၏ကြွယ်ဝမှုကို ရယ်မော နေနိုင်လောက်ပြီ။

"ဟင်း. . . သူ အခုထိ ဆေးရုံက ဆင်းမလာသေးဘူး၊ အ တန်းတင်စာမေးပွဲကလည်း နီးနေပြီ၊ မသက်သာသေးဘူးလား မသိဘူး"

အသံတိတ် တမ်းရော်လိုက်မိသည့် ယောင်ချင်း၏ဂယက် ကြောင့် ပိတောက်ရွက်တချို့တောင် လှိုင်းပုတ်သလို လှုပ်သွားလေ၏။

တကယ်တော့လည်း သူမနှင့်သူသည် အမွေးအတောင် မစုံခင် ငယ်ဘဝတည်းကပင် ကစားအတူတူ၊ စားအတူတူ၊ သွားအတူတူ၊ လာ အတူတူ၊ အိပ်. . အဲ. . ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြသည့် ကျောင်းသွား ဖော်များဖြစ်ခဲ့ကြသည်။

ခြံချင်းကပ်၊ အိမ်နီးချင်း ရင်းနှီးသော သားချင်းသဖွယ် မိသားစု နှစ်ခုကြား တံခါးမရှိ ဓါးမရှိ၊ လက်ပွန်းတတီး ဆက်ဆံခဲ့ကြသူများ ဖြစ် သည်။

သည်တော့လည်း 'သုန်သုန်ရေ. . .'နှင့် စီစီညံအောင် အော် ဟစ်နှောင့်ယှက်တည်းခဲ့သည့် သူမတို့နှစ်ဦး၏သံယောဇဉ် အတိုင်းအတာကို နှစ်မိသားစုသာမက လောကပါလနတ်မင်းကြီးတောင် ရှင်းရှင်းကြီး ရိပ်မိလက်ခံထားခဲ့ရသည်လေ။

သူမထက် ခြောက်ပတ်နှင့်ငါးရက် စော၍ 'အူဝဲ' အော်ခွင့်ရခဲ့ သောသူသည်. . .

သူမအပေါ် ညီမထွေးတစ်ယောက်သဖွယ် အလိုလိုက်ဖူးမ ခဲ့၏။ သူငယ်ချင်းကောင်းတစ်ယောက်လို ဖော်ရွေနွေးထွေးခဲ့၏။ သူမအပေါ်မှာ ဆရာတစ်ယောက်လို ရှင်းပြသင်ကြားပေးတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နေပြန်သေးသည်။

အနီ့ သားလတ်ကို မည်သော ဝသုန်မြတ်နိုး၏ပုဂ္ဂလဆိုင်ရာ အစ်ကိုဆရာသူငယ်ချင်းဖြစ်သည့် သူ၏အန္တိမရည်မှန်းချက် ပန်းတိုင်သည် ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်တို့နှင့် ဘယ်လိုမှ မြူဆွယ်၍မရသော ကမ္ဘာ့အဆင့်မှီ ထူးချွန်သိပ္ပံ ပညာရှင်တစ်ဦး ဖြစ်မြောက်ရေးပင်။ ထို့ကြောင့်လည်း ရည်ရွယ်ရာလမ်း၏ပထမ ခြေလှမ်းတံခါးဝဖြစ်သည့် ယခုနှစ် ဆယ်တန်းစာမေးပွဲကို သိပ္ပံတွဲဖြင့် အမှတ်အကောင်းဆုံး ရယူအောင်မြင်ရန် မပြတ်ကြိုးစားနေသူဖြစ်သည်။

ကံကြမ္မာသာ အကောင်အထည်ရှိလျှင် သင်းအမြီးကို လှန်ချိုး၍ ဂုန်နီအိပ်ချုပ်အပ်နှင့် တဆတ်ဆတ် ထိုးလိုက်ဖို့ပင် ကောင်းသေးတော့သည်။ ကံဆိုးမိုးမှောင်တွေ စည်းမဲ့ကမ်းမဲ့ ပစ်ချထား၍ ဘဝလမ်းမှာ ဖင်ထိုင်ဟပ်ထိုးနှင့် မျှော်လင့်ချက် သွင်သွင်ကျိုးရသည့် ဘဝတွေအတွက် မျက်နှာလွှဲခဲပစ်လည်း လုပ်တတ်လွန်းလှ၏။

ခုပဲကြည့်. . . မမျှော်လင့်သော ကံဆိုးမှုခေါင်းစဉ်လောက်နှင့် သူ့ဦးနှောက်ကို ထိခိုက်ပြီး စိတ်ကျန်းမာရေးဆေးရုံသို့ သွားရောက်ပြသနေရပြီ။

ဘာထူးသနည်း။ သူမ၏စိတ်အာရုံလည်း စိတ္တဇဆေးရုံ ရောက်ခဲ့ရပြီပဲလေ။

"ဟူး. . . သားလတ်ရယ်"

သူနှင့်အတူ လိုက်ပါသွားကြသည့် အန်တီသက်ငုံဖူးနှင့် အစ်ကိုသားကြီးမောင်တို့ကလည်း ပေါ့ဆလွန်းကြသည်ဟု သူမ ထင်သည်။ မသကာ ဆယ့်ငါးမိနစ်တစ်ခါ အကျိုးအကြောင်း အဆိုးအကောင်း သတင်းတော့ ပို့ပေးသင့်တာပေါ့နော့လေ။

ခုတော့ ညနေစောင်းတိုင်း တစ်ဖက်ခြံကို စည်းရိုးမလွယ်ပေါက်မှ ကူးပြီး သူ့သတင်း သွားမေးနေရသည်မှာ ခြံစည်းရိုး ပုဏ္ဏရိပ်တန်းပင်





ရိုးကန်းလုလုဖြစ်နေရသည်။

ခုလည်း ထုံးစံမပျက် တစ်ဖက်ခြံထဲဝင်၊ အိမ်ထဲ ရောက်တော့ သူ့ဖေဖေ အန်ကယ်ဦးခင်ကိုလတ်က ဒရင်းဘတ်ပေါ်မှာ ပက်လက်ငှတ်တုတ်။

"သားလတ်သတင်း ဘာကြားရပြီလဲ အန်ကယ်"

ဟုတ်ဟုတ်ညားညား သူမက အားတက်သရော မေးသလောက် အဖေတစ်ယောက် မဟုတ်တဲ့အတိုင်း အန်ကယ်ဦးခင်ကိုလတ်က အေးတိအေးစက်။

"ဟင့်အင်း. . . ဘာမှ မကြားရပါဘူး သုန်သုန်ရယ်"

"ဟွန့်. . . အန်တီတို့ကလည်း နေနိုင်လိုက်ကြတာနော်"

စိတ်တိုင်းမကျဟန်နှင့် အပြစ်ဖို့သယောင် လေသံကြောင့် အန်ကယ်က သူမကို မျက်မွေးတစ်ချက် လှန်ကြည့်လိုက်သည်ကို မြင်ရ၏။ ကြည့်. . ဘာရိုပေ့။ ဟုတ်တာ ပြောတာပဲဟာ။

"စိတ်မပူရလို့နေမှာပေ့ါ သုန်သုန်ရယ်၊ နို့မို့ အကြောင်းကြားမှာပေ့ါ"

"အင်းလေ. . . အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲ၊ အန်ကယ်လည်း အားရင် အိပ်ငိုက်မနေပါနဲ့လား၊ ကိုယ့်သားအတွက် ရည်မှန်းပြီး ဂုဏ်တော်လေးဘာလေး ပွားပြီး ဆုတောင်းနေပါလား၊ အားအားယားယား ရှိနေတာပဲဟာ"

"အွတ်. . . ဖွီး"

ဦးခင်ကိုလတ်မှာ ဒါရိုက်ကစ်လာသည့် ဩဝါဒ ကထာကြောင့် လေနင်သွားသဖြင့် ရေနွေးတစ်ခွက် ကယောင်ကတမ်း ကောက်မော့မိခါမှ လက်ဖက်ခြောက်ရိုးက လျှာခင်ကို ထိုးနေပြန်၍ ချောင်းတဟွတ်ဟွတ် ဆိုးသွားရလေ၏။

"အဟွတ်. . . ဟွတ်. . . အဟွတ်. . . ငါ့သမီးလည်း သား



www.burmeseclassic.com

www.burmeseclassic.com

အတွက် ကြားက အတော်စိတ်ပင်ပန်းနေရရှာတာကိုး. . . အဟွတ်"

"စာမေးပွဲက နီးနေပြီ အန်ကယ်ရဲ့၊ အချိန်က နီးလာလေ သားလတ်အတွက် စိုးရိမ်ရလေပဲ၊ ဝမ်းရေတောင် စပ်တယ်. . . တကယ်. . . အဲ. . ."

သူမစကားကို နားထောင်နေသည့် အန်ကယ့်မျက်လုံးက တစ်မှိုး တိုးတိုးကြီးမို့ သူမရင်ထဲ ဘာဂလို တိုတိုဖြစ်ကာ စကားလိပ်သွားပြီးမှ ချက်ချင်း လျှာလိပ်ဖြေချလိုက်ရသည်။

"မဟုတ်ဘူးလေ အန်ကယ်ရဲ့၊ ဟုတ်တယ်လေ. . . သားလတ် ရှိရင် ဒီအချိန်ဆို သုန်သုန့်အတွက် အရမ်းအားကိုးရတာ၊ နားမလည်တဲ့ ပုစ္ဆာတွေများဆို သူရှင်းပြလိုက်ရင် လွယ်ခနဲဆို ဖြစ်သွားရော"

"ဩော်. . . သုန်သုန်က အခု ဘယ်ပုစ္ဆာ အခက်အခဲတွေ့နေလို့လဲ"

"ဖန်ရှင်ကိန်းပုစ္ဆာတစ်ခု တွက်မရဘူးဖြစ်နေတာ၊ သားလတ်သာရှိရင် သိပ်ကောင်းမှာ"

သူမ၏ညည်းပြောကြောင့် ဦးခင်ကိုလတ် စိတ်ဝင်စားသွားသည်။

"ဘာကွ. . . ဖန်ရှင်ကိန်း ဟုတ်လား"

"ဟုတ်. . . အန်ကယ် တွက်တတ်လားဟင်"

သူမ အားတက်သရော မေးတော့ အန်ကယ်က ခေါင်းယမ်း၍ 'စာတွေက ကျောင်းပြန်ကုန်ပါပြီ သမီးရယ်' ဟု ဆိုရင်း အံ့ဩ နားမလည်ဟန်ဖြင့် စုတ်သပ်၍ ညည်းတွားရှာလေ၏။

"ဩော်. . . ကျွတ်. . . ကျွတ်. . . ကျွတ်၊ ကျောင်းက ဆရာတွေ ခုချိန်ထိ ဖန်ရှင်ကိန်းအကြောင်း မသိရှာသေးဘဲကိုး၊ အန်ကယ်တို့ ကျောင်းသားဘဝတည်းက သူတို့တွေ ဒါကိုပဲ အထပ်ထပ် မေးနေကြတာ သမီးရဲ့"





"အာ. . . အန်ကယ်ကလည်း ဘာတွေပြောနေရတာလဲ၊ ဒီမှာ သားလတ်အတွက် ပိုရင်ပူလာရတဲ့ကြားထဲ"

သဘာဝနှင့် စရွေးကိုက်မကိုက် သူမ မသိတော့ပါ။ အမှန်ပင် စိတ်ကူးက သူ့ထံ ရောက်သွား၍ ရင်ထဲကအတိုင်း သူမ ပြောချလိုက်ခြင်းပင်ဖြစ်သည်။

အမှန်တော့ သူတို့မိသားစု ဖွဲ့စည်းပုံ မေတ္တာပရိဝုဏ်မှာ သားလတ်က အဓိကနေရာမှာ လှုပ်ရှားရှင်သန်ခွင့် ရနေသူတစ်ဦး။

ဤသို့သော ရင်သွေးနှစ်,တစ်ယောက် ဆေးရုံရောက်နေရသည့်အချိန်မျိုးတွင် သူမ၏ပူပန်စိုးရိမ်စွာ ဝေဒနာဟန်ချက်ပျက်နေမှုက သေနတ်မှန်ထားသူတွေကြားမှာ ဆူးစူးနေသည့်ဝေဒနာကို ကြေညာနေသလိုဖြစ်နေပေလိမ့်မည်။ သွေးသားရင်း မိဘအစ်ကိုတို့ ရင်ထဲ ဖွဲမီးလို အငွေ့လှိုက် တောင်လောင်နေမည်ကို သူမ နားလည်စာနာမိပါသည်။

သိပင် သိသော်ငြားလည်း သည်ရင်ထဲ စွဲနေသည်ကလည်း ကောက်ရိုးမီးမှ မဟုတ်တာလေ။ စိုးရိမ်သောကများက ရှားမီးခဲမှာ တစ်ဖျစ်ဖျစ် မြည်နေရသည်ပဲကွယ်။

အရင်းလဲမှ အဖျားထင်းဖြစ်ရတာမှ မဟုတ်ပါ။ အမြစ်မီးမြိုက်ရင်လည်း အဖျားမီးကျွမ်းတတ်သေးသည် မဟုတ်လား။

သူမ ရိုးသားစွာ ခံစားရသမျှ ရိုးရှင်းစွာ ခံစားဖြစ်ရသည်။

အိုး. . . ဘာတတ်နိုင်မလဲ။ ငါ့ရင်ပူဆာ မနေသာပေါ့လေ နော်။

"ဟင်း. . . အန်တီ့အနေနဲ့ အကျိုးအကြောင်းလေးတော့ ဆက်သွယ်ပြောသင့်တာပေါ့ အန်ကယ်ရယ်နော်၊ ကျန်ရစ်တဲ့သူတွေလည်း စိုးရိမ်တတ်တာပဲဟာ"

သူမက ပူဇော်ချင်း ဖြေဖော်ညှိသလို ပြောမိပြန်တော့ အန်



www.burmeseclassic.com

www.burmeseclassic.com


ကယ်က ခေါင်းညိတ်ပြီး ဖြေရပြန်၏။

"မှန်သပေါ့ကွယ်. . . ခက်နေတာက သမီးအန်တီရဲ့စိတ်ပဲကွဲ့"

"အန်တီ့စိတ်က ဘာဖြစ်လို့လဲဟင်"

ထင့်ခနဲဖြစ်သွား၍ သူမ စပ်စပ်လေး စုံလိုက်မိပြန်သည်။

"သူ့စိတ်က တစ်ခုခုကို အာရုံဝင်စားမိရင် ကျန်တာတွေ မထည့်တော့ဘူး၊ ဟိုရက်တွေတုန်းကဆိုရင် ဘုရားရှိခိုးတာတောင် ပြီးစလွယ် ဝတ်ပြုတာ. . . သားဇောကပ်နေတာဆိုတော့. . ."

"ဘယ်လို ဖြစ်စလွယ် ရှိခိုးလို့လဲ အန်ကယ်ရဲ့"

"ဗုဒ္ဓံသရဏံဂစ်. . . ဓမ္မံသရဏံဂစ်. . . သံဃာသရဏံဂစ် ဆာမိ ဆာမိသုံးဆာမိပါဘုရားဆိုပြီး တက်သုတ်ရိုက် ဦးချလိုက်တာလေ ကွယ်"

"ဩော်. . ."







(၃)

**ဘဘား**လတ်ကို အခုကဲ့သို့အခြေအနေ ရောက်ရှိသွားရသည့် ပယောဂများ၏ အဓိကတရားခံမှာ သူမ ဖြစ်သည်ဟု . ဝသုန်မြတ်နိုး စူးစူးနင့်နင့် ယုံကြည်ခံစားနေမိသည်။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဟု နှစ်ဖက်မိဘများက မည်မျှပင် နားလည်လက်ခံကြသော်လည်း သူမကတော့ သူမစိတ်အစွဲကို တစိုးတစိမျှ ဖျောင်းဖျခြင်း မပြုခဲ့ချေ။

အပြစ်တင်လက်ညှိုးဖြင့် သူမကိုယ်သူမ စုံထိုးမဆုံးနိုင် ဖြစ်နေရသည်။



www.burmeseclassic.com

*ခြောက်အိပ်မက်တစ်ခုလို သူမပြန်တွေးချင်သော အဖြစ်အပျက်က* အရှိုက်ကို လက်လာတို့ပြန်သည်မို့ မျက်ရည်ညို့သည့်နေ့ဆိုးထံ သူမ လိပ်ပြာလွင့်ရပြန်ပါသည်။

အမှန်ရှိတရားက အမှတ်အတေးကြီးလွန်းလှချေ၏။

ထိုနေ့ကား. . .

နှင်းသရဖူဆောင်းထားသည့် ဒီဇင်ဘာရက်ထဲက နံနက်ခင်းလေးတစ်ခုသာ. . .။

❦ ❦ ❦

**ခ**ရမ်းပြာနု ဟောမာန်ဆောင်း၏ငွေနှင်းမှုန် ငွေ့ရည်ဖွဲ့ဖွဲ့များကြားမှာ သူမနှင့်သူ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ဆွတ်နူးဖွယ်ရာသီယခုလို ငြိမ်းစိမ့်စိမ့်၊ အရုဏ်ဖူးကာလ ရောက်တိုင်း သူမတို့နှစ်ယောက်အတူ လမ်းလျှောက်ဖြစ်လေ့ရှိသည်။

အားကစားဝတ်စုံ ထရက်ဆုလေး ဝတ်ပြီး ကိုယ်လက်လှုပ်ရှားရင်း ဆောင်းလေအေးကို တဝရှူရှိုက်၊ နောက် အငွေ့နွေးကို တိမ်စက်ဝိုင်းလို ပုံဖော်မှုတ်ထုတ်လိုက်ရသည့် အရသာကိုလည်း သူ့ဝင် သူမကို နှစ်သက်လာအောင် ဆွဲဆောင်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။





ပုံမှန်ဆို အိပ်ရာပေါ်က စောင်ခြုံထဲမှာ နဖူးဒူးတိုက်ကွေးနေချင်သည့် ပိုးဟပ်ဖြူလေး သူမကို ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုအဖြစ် သူ လမ်းလျှောက်သင်ခဲ့ခြင်းသာ။

သူမကို အတူယှဉ်ပြီး သည်အရွယ်ရောက်မှ ဒုတိယအကြိမ်မြောက် လမ်းလျှောက်သင်ပေးခဲ့သည့် သူ့ကို ‘တတိယအကြိမ်မြောက်နဲ့ စတုတ္ထအကြိမ်မြောက်မှာ ဘယ်လိုလမ်းလျှောက်နည်းများ သင်ပေးဦးမှာလဲ’ ဟု နောက်တောက်တောက် မေးမိတော့ သူက ပြုံးလုံ့တည်ကြည်စွာဖြင့် ‘နှလုံးသားနဲ့ လမ်းလျှောက်နည်း၊ ဦးနှောက်နဲ့ လမ်းလျှောက်နည်းတွေ သင်ပေးရဦးမှာ’ လို့ ဆိုပြန်လေရဲ့။ တကယ့်လူ. . .

ခုတော့ သူနှင့်ယှဉ်၍ နှစ်ယောက်သား-သွက်သွက်ပြေး၊ ဖြည်းဖြည်းလျှောက်၊ သွက်သွက်လျှောက်၊ ဖြည်းဖြည်းပြေးရင်း ပျော်ရွှင်နေတတ်သည့် လွတ်လပ်ပြည့်စုံသော အထုံအကျင့်က စွဲခိုင်နေခဲ့ပြီ။

“သားလတ်. . . နင် ညတုန်းက စာကျက်တာ အရမ်းညဉ့်နက်တယ်နော်၊ နှစ်နာရီလောက် ငါတစ်ရေးနိုးတော့ နင့်အခန်း မီးလင်းနေတုန်းပဲ”

“အင်း. . .”

“အဲဒီလောက် ညဉ့်နက်တဲ့အထိ အိပ်ရေးပျက်သိပ်မခံနဲ့လေ၊ တော်ကြာ ကျန်းမာရေး ထိခိုက်နေဦးမယ်”

“သိပါတယ်ဟာ. . . ဆရာမလုပ်စမ်းပါနဲ့၊ Physics ဉာဏ်စမ်းပုစ္ဆာထဲ စျာန်ဝင်သွားလို့ပါ”

“ဆရာလုပ်တာ မဟုတ်ရပါဘူးဟယ်၊ ကျန်းမာရေး ထိခိုက်ရင် စာမေးပွဲမှာ ခြေချော်လက်ချော်ဖြစ်မှာစိုးလို့၊ ဖွဟဲ့. . . လွဲပါစေ ဖယ်ပါစေ”

“သုန်သုန်ရယ်. . . တကယ်ဘဲ အယူသီးနေလိုက်တာ၊ အဘွားကြီးအိုလေး ကျနေတာပဲ”

www.burmeseclassic.com



"အယူသည်းတာ မဟုတ်ဘူးဟဲ့၊ စကားနောက် တရားပါ ဖြစ်မှာစိုးလို့. . . သိရဲ့လား"

စေတနာကို ဖော့တော့တော့ လုပ်လွန်းသည်ဟု ဖျတ်ခနဲ ဝမ်းနည်းစိတ်ကြောင့် သူမ ဖောင့်ဆတ်ဆတ် ပြောလိုက်မိသည်။ သူက သူမစိတ်ကို ဖတ်တတ်နေသူပီပီ ခေါင်းက ဆံပင်ကို ခပ်ဖွဖွ ကိုင်ပွတ်ရင်း ပြုံးချိုချို ဆို၏။

"ဟုတ်ကဲ့ပါ ဆရာမကြီး ဒေါ်ဝသုန်မြတ်နိုး ခင်ဗျား၊ ကျွန်တော် မောင်သားလတ်ကို မလိမ်မိုး မလိမ္မာလေးကို အမျက်တော် မရှရန် နှာခေါင်းပက်လက်လှန်ပြီး တောင်းပန်အပ်ပါတယ်ခင်ဗျာ"

"ခစ်. . . ခစ်. . ."

သူမရဲ့ စိတ်မနောဒေါသောလေး အရည်ပျော် အငွေ့ပျံသွားရပြန်သည်ပေါ့။ သူက မျက်နှာထား ချက်ချင်းပြန်တည်ပြီး သူမကို ဂရုတစိုက် ပြောလာသည်။

"ခုလို အိုင်တီခေတ်ကြီးထဲမှာ တရားလွန် အယူမသီးပါနဲ့ သုန်သုန်၊ အရာရာကို လက်တွေ့ကျကျ သုံးသပ်လေ့လာစမ်းပါ၊ ငါတော့ ငါ့အဖေကို နမူနာထားတယ်"

"အန်ကယ်က ဘယ်လိုလက်တွေ့ပြလို့လဲဟင် သားလတ်"

"ဖေဖေက အရေးကိစ္စတစ်ခု ရင်ဆိုင်ရပြီဆိုရင် အနုလုံ ပဋိလုံ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး စေ့စေ့စပ်စပ် တွေးခေါ် စဉ်းစားတယ်၊ ပြီးရင် အကောင်းဆုံး အဆိုးဆုံး ဖြစ်နိုင်ခြေတွေ သေသေချာချာ တွက်ဆပြီးတဲ့အခါ ဖြစ်သင့်တဲ့လမ်းကြောင်းတစ်ခုကို အကြမ်းဖျင်း လျာထားလိုက်တယ်၊ အဲဒီအချက်အလက် အခြေအနေတွေ အားလုံးပြည့်စုံပြီဆိုတော့မှ တိတိကျကျဖြစ်အောင် ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်လိုက်တယ်လေ"

"ဟား. . . ဟား"

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"





သူက ရုပ်တည်ကြီးနှင့် ရင်းပြီး အဖျားရှူး တဟားဟား ရယ်လိုက်သဖြင့် သူမလည်း သူ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ထုပြီး တဟင်းဟင်း ရယ်ချမိတော့သည်။

သူမ၏ရယ်သံလွင်လွင်လေးများကြောင့် ဆောင်းနံနက်ခင်းမှာ ကပိုကရိုနှင့် ပိုလှသွားသလောက် သူ၏ရယ်သံဗြဲကြီးကြောင့် ဈေးချိန်အမီ ကသုတ်ကရက် သွားနေကြသော ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တချို့ လှည့်ကြည့်ရင်း ခလုတ်တိုက်ကုန်ကြ၏။

နူးညံ့သော စပ်ကူးမတ်ကူးကာလသည် ကြည်နူးဆွတ်ပျံ့ဖွယ်ရသကို နောက်ပြန်ဆုတ်တတ်ပါသလား။ သူမ မသိပါ။ သူပြောပြ၍ နေရောင်ခြည်ကြောင့် ပန်းများ ပွင့်လန်းရသလို နှားနို့များလည်း ချဉ်သိုးတတ်ကုန်သည်ဆိုသော အဆိုးအကောင်း ဒွိသနစကားကို သူမ ကြားခဲ့ဖူးပါသည်။

ကံကြမ္မာကား အကျီစားသန်လွန်းလှ၏။

သူမနှင့် သူတို့၏ရင်ဖျော်ခွက်ကို ရုတ်တရက် မှောက်ချလိုက်ပြီ။

အားလုံး ကစဉ့်ကလျား။

နှင်းမှုန်ကြားမှ ဘွားခနဲ ပေါ်လာသည့် စက်ကုန်ဖွင့် မော်တော်ဆိုင်ကယ်တစ်စီး။

လမ်းကူးဈေးသည်ကို ဆွဲကွေ့ရှောင်လိုက်သည့် လားရာ. . .

သူမနှင့်သူ့ဆီ တူရူတည့်တည့်. . .

"အား. . ."

နှလုံးပြောင်းဆန် အသံတိတ် အော်ဟစ်ရင်း သူမ မျက်စိမှိတ်ချလိုက်၏။ ရင်ဝတည့်တည့် ဝင်လာမည့်ဝေဒနာကို ကြောက်လန့်တကြား စောင့်စားနေဆဲ. . .

သူမပခုံးကို ဆောင့်တွန်းခံလိုက်ရပြီး လွင့်ခနဲ လိမ့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည့် သူမခန္ဓာမှာ နာကျင်မှု ပြင်းပြင်းထန်ထန် မရှိ။ မူးခနဲ ဝေရီမှိုင်းနေဆဲ အာရုံမှာအသံတွေက ထင်ထင်ကြားကြား။

"ဝရော. . ."

"ဝုန်း. . ."

"ကျွိ. . ."

"အား. . ."

"ဖျိုး. . . ဘရီး. . . ဘရီး"

"ဟာ. . . တိုက်မိကုန်ပြီဟေ့"

ငရဲဖျက် သံစုံကြားမှ ထုံထိုင်းနေဆဲ သူမ၏နှလုံးသည်းပွတ်ကို တစ်စုံတစ်ရာက ဆောင့်ဆွဲလိုက်သလို အသိလှိုက်တက်လာ၍ အသံကုန် ဟစ်ပြီး ကျိုးထလိုက်မိသည်။

"သား. . . လတ်. . ."

သူမ လွှင့်စဉ်ကျရာ လမ်းဘေးမြောင်းစပ်ဆီ ခြေထောက် ခွေညွတ်ပြန်ကျသွား၏။ ခါးဆီမှာ ဆိုးမျက်မျက် နာကျင်မှုနှင့် ထမရတော့ပြီလား။ ဟင့်အင်း. . .။ တာနှုတ်ခမ်း လက်ထောက်ပြီး သူမ ဖြုန်းခနဲ ထ၍ ခြေထောက်ဒရွတ်ဆွဲကာ ထော့နဲ့နဲ့ ပြေးလာမိသည်။

ပက်လက်တုံးလုံး ဆိုင်ကယ်မီးရောင်အောက်မှာ လဲကျနေတာ သူ. . . သူ. . . သူ. . . သားလတ်. . .။

သူမထံမှ နာကျင်မှုအားလုံး ကွယ်ပျောက်သွားပြီး လဲကျနေသည့် သူ့အပါး ဒူးထောက်ပွေ့ပိုက်ရန် ကြိုးစားလိုက်စဉ်. . .

"ကိုယ်လည်း ဘရိတ်အုပ်လိုက်တာပါပဲ၊ နှင်းတွေနဲ့ ချော်ပြီး စလစ်ဖြစ်သွားတာကြောင့် အရှိန်မထိန်းနိုင် ဖြစ်သွားရတာပါ မြတ်နိုး"

တန်းလန်း တွဲလွဲကျနေပြီး ကျိုးသွားဟန်တူသည့် လက်တစ်ဖက်ကို ဆုပ်ကိုင်၍ ပြောလာသည့် ရင်းရင်းနှီးနှီးအသံကြောင့် သူမ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ ဆိုင်ကယ်မီးရောင် နှင်းပြယ်အလင်း





ကြားမှာ မိစ္ဆာတစ်ကောင်ရဲ့မျက်နှာ။

"ဟင်. . . တက်နေစိုး"

ဘယ်ပုံဘယ်နည်း သူမ ထရပ်လိုက်မိသည် မသိ။ စိတ်အရှိတိုင်း ဝုန်းဒိုင်းကျဲပစ်လိုက်ဖြစ်တော့သည်။

"ဒါ. . . နင့်ရဲ့မဟာအကြံအစည်ကြီးပေ့ါ ဟုတ်လား"

"ဖြန်း. . . ဖြန်း"

"ယုတ်မာ အောက်တန်းကျလှချည်လား တက်နေရဲ့. . . တဲ့. . ."

"ဖြန်း. . . ဖြန်း. . . ဖြန်း"

"ရိုက်ပါ. . . နင်ကျေနပ်တဲ့အထိ ရိုက်ပါ မြတ်နိုးရယ်"

"အေး. . . ရိုက်မယ်ဟေ့. . . ရိုက်တယ်"

"ဖြန်း. . . ဖြန်း. . . ဖြန်း"

"ဒါဟာ. . . ကိုယ် ကြိုတင်ကြံစည်ချက် လုံးဝမပါတဲ့ မတော်တဆမှုဆိုတာတော့ မြတ်နိုး ယုံပါ"

"နင့်ပါးစပ်ပိတ်ထား၊ မပြောနဲ့. . . ဘာမှမကြားချင်ဘူး"

"ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဖြန်း. . . ဖြန်း"

သူမ၏ရွှံရှာမုန်းတီးမှုအပြည့်ပါသော ဒေါသများက မိုးကြိုးသွားလို လက်ဝါးမှတဆင့် မတ်ရပ်ပေခံနေသည့် တက်နေစိုး၏ ပါးပြင်နှစ်ဖက်ပေါ်သို့ ဘယ်ညာပြန်ကျရောက်နေတော့သည်။

"ကလေးမ. . . ကလေးမ. . . စိတ်ကို လျှော့ပါကွယ်၊ ဒီမှာ လဲနေတဲ့သူငယ်ကို ဆေးရုံကို ပို့ဖို့က အရေးကြီးတယ်၊ ခေါင်းကို ထိသွားပုံရတယ်"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သွေးလွန်ပြီး ဒုက္ခရောက်သွားနိုင်တယ်၊ ကဲ. . . ရပ်ကြည့်မနေနဲ့၊ ဆေးရုံကို ပို့ဖို့ လုပ်ကြပါ"

မည်သည့်အချိန်က တစ်စတစ်စ ဝိုင်းအုံကြည့်နေသည် မသိ၊



www.burmeseclassic.com

www.burmeseclassic.com

လမ်းသွားလမ်းလာတို့၏တစ်ယောက်တစ်ခွန်း တိုက်တွန်း စီစဉ်နေသံများကြောင့် သူမ တုံ့ခနဲ တုန်သွားပြီး သားလတ်ဆီ လှည့်ငုံ့ကြည့်လိုက်၏။

သူမ ရင်ညှာတစ်ပြုလုံး လေ့ဟာနယ် ဘလက်ဟိုးထဲ ဖောက်ထိုးမိုးမျှော် ကျသွားခဲ့ပြီ။

"ဟင်. . . သားလတ်. . . သားလတ် သေသွားပြီလား၊ သွေးတွေအများကြီး. . . သားလတ်မှာ သွေးတွေအများကြီး၊ လုပ်ကြပါဦး. . . သွေးတွေ. . . သွေးတွေ. . . သွေး. . ."

"မြတ်နိုး. . ."

တက်နေစိုး၏အော်သံတစ်ချက်သာ ကြားလိုက်ရပြီး သူမ ဦးခေါင်း သားလတ်ရင်ဘတ်ပေါ် ညွတ်အကျမှာပင် သူမအာရုံအားလုံး ဒုန်းဒုန်းကျ ပိန်းပိတ်မှောင်သွားလေတော့၏။







(၄)

ဆိုင်ကယ်တိုက်ခံရပြီး ဒဏ်ရာအနေအထားတို့ စိတ်ချရသည့်အခြေအနေ ရောက်သောအခါ မြို့နယ်ပြည်သူ့ဆေးရုံမှ သူ့ကို ဆင်းခွင့်ပြုလိုက်လေသည်။ အက်ဆီးဒင့်ကြုံနေစဉ်က ခေါင်းနှင့် ပေတရာလမ်းတို့ အရှိန်ပြင်းပြင်း ဆောင့်ခဲ့မိသဖြင့် ဦးခေါင်းအတွင်းပိုင်းဆိုင်ရာ ချို့ယွင်းချက်အတွက် ဂရုတစိုက်စောင့်ကြည့်ရန် မိဘများကို ဆရာဝန်ကြီးက မှာကြားလိုက်ရင်း. . .

အကြောင်းထူး တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဆေးရုံကို အမြန်ဆုံး ပြန်လာပြသရန်လည်း အထူးညွှန်ကြားခဲ့လေသည်။ ကံကွက်


www.burmeseclassic.com

www.burmeseclassic.com



ကြား ဖြစ်ရပ်ဆိုး ကြုံတွေ့ပြီး ဆယ်ရက်ခန့်အကြာမှာ သူကျောင်းကို ပုံမှန်ပြန်တက်နိုင်ခဲ့သည်။ မူလစရိုက် ပုံစံမပျက် သွက်လက်ရွှင်လန်းစွာ ရှိနေသည်မို့ မိဘတို့ အတော်အတန် စိတ်အေးချမ်းနိုင်ခဲ့ရ၏။

သို့သော်လည်း သူ၏ပင်ကိုယ်စိတ်ပိုင်းဆိုင်ရာ အပြုအမူများ မသိမသာ ပြောင်းလဲနေကြောင်းကိုတော့ မိဘများ တစ်စစ သတိပြုမိအောင် ကြုံတွေ့လာခဲ့ရသည်။ နံနက်ခင်း မိသားစု လက်ဖက်ရည်ဝိုင်းဆီ ခါတိုင်းထက် နောက်ကျစွာ ဝင်လာသည့် သားဖြစ်သူကို ဖခင်ဦးခင်ကိုလတ်က ပြုံးရင်း မေးလိုက်၏။

“ဘယ်လိုလဲကွ. . . ဒီနေ့မနက် အိပ်ရာထတာ နေအတော်မြင့်နေပါလား သားရဲ့”

“ဟုတ်တယ် ဖေဖေ၊ ဘောလုံးပွဲ ကောင်းနေလို့”

“ဘယ်လို. . . ဘယ်လို. . . သား ဘယ်တုန်းက ဘောလုံးပွဲကြည့်တာလဲ”

တအံ့တသြ စူးစမ်းသလို မေးလာသည့် ဖခင်ကြီးအမေးကို သူ အေးဆေးစွာ ရှင်းပြလိုက်ပါသည်။

“ဘောလုံးပွဲက အိပ်မက်ထဲမှာလေ၊ အဲဒီမှာ ဇီဇီနဲ့ အချိန်ပိုပါဆက်ကစားနေတော့ ဘောပွဲပြီးတဲ့အထိ စောင့်အိပ်နေရတာပေါ့”

“ဟေ. . .”

ဦးခင်ကိုလတ်၏ ကျီးကြောင် ကြောင်အကြည့်ကို ပကတိတည်ငြိမ်စွာ ဖျောင်းဖျလိုက်သလို သူက ပတ်တောပိတ် အဆစ်ထည့်ပေးလိုက်သေး၏။

“ဟုတ်တယ် ဖေဖေရဲ့၊ ဒါတောင် ကံကောင်းလို့ အချိန်ပို လေလွင့်ချိန် သုံးမိနစ်မှာ တစ်ဖက်အသင်းက တစ်လုံးသွင်းလိုက်နိုင်လို့၊ နို့မို့ဆို သား ဒီအချိန်ထိ ထနိုင်မှာ မဟုတ်သေးဘူးဗျ”

သည်လိုမျိုး အိမ်ကွင်းမှာ အတို့အဆိတ်လေးများနှင့် ခြေစွမ်း





စပြလာသလို။ အဝေးကွင်းကျောင်းမှာလည်း သူ့အချိတ်အဆက်များက ခပ်ဟဟလေး လွတ်လာ၏။

စာသင်ခန်းထဲတွင် မြန်မာဆရာမက အဖြေလွှာ လေ့ကျင့်ခန်းစာအုပ်များအား ကြည့်ရှုစစ်ဆေး အမှတ်ပေးနေလေသည်။ အဖြေလွှာလေ့ကျင့်ခန်းစာအုပ်တစ်အုပ်ကို စစ်ဆေးနေခိုက် ဆရာမ၏မျက်နှာအလိုမကျဟန် အမူအရာသို့ ရုတ်တရက် ပြောင်းသွား၏။ စာအုပ်ကိုဖျတ်ဆို ပိတ်ပြီး စာအုပ်အဖုံးမှ ပိုင်ရှင်နာမည်ကို ကြည့်လိုက်၏။ နောက်တော့ စာအုပ်ရှင် ကျောင်းသားအမည်ကို စီခနဲ အော်ခေါ်လိုက်သည်။

“မောင်သားလတ်ကို”

ရုပ်လှသည်။ စာအသင်အပြ ရှင်းသည်။ သို့သော် စည်းကမ်းပိုင်း တင်းသည် ဟူသည့် ဝိသေသ ဂုဏ်ပုဒ်ကို ပလက်တီနမ် ရင်ထိုးလုပ်ထားသော မြန်မာဆရာမ ဒေါ်ယဉ်ယဉ်ထွေး၏အသံကြောင့် ကိုယ့်အစုလေးနှင့်ကိုယ် ကျိတ်ကျိတ်တွတ်ထိုးနေသော ဒသမတန်း(A)အတွင်းမှ ကျောင်းသားအားလုံး ခေါင်းထောင်ထပြီး မျက်လုံးအားလုံး ဆရာမထံ ပြူးဆို ရောက်သွားကြ၏။

“ရှိပါတယ် ဆရာမ”

“မနေ့က အိမ်စာလုပ်ခိုင်းလိုက်တာ ဘာအကြောင်းလဲ”

“ဝန်းကျင် သန့်ရှင်းရေးအကြောင်း စာစီစာကုံး ရေးခိုင်းတာပါ ဆရာမ”

“အေး. . . ဘယ်လောက်ရေးခဲ့ရမယ်. . . မှာလိုက်သလဲ”

“စာမျက်နှာ ငါးမျက်နှာပါ”

“အေး. . . ကျောင်းသားအားလုံးက ငါးမျက်နှာ ရေးလာကြတယ်၊ မင်းက ဘာဖြစ်လို့ တစ်မျက်နှာပဲ ရေးလာရတာတုန်း၊ ဘာလဲငါ့ကို အကဲစမ်းတဲ့သဘောလား၊ ဂရုမစိုက်တဲ့သဘောလား. . . ခုမယ်ထင်လို့ ချိုးကြည့်တာလား. . . ဘာလား. . . ညာလား၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်း. . . မင်း. . . ခု. . . ပြောစမ်း”

ကဲခနဲဆို ပြုံခနဲ ဖြစ်တတ်သည့် ဒေါ်သကုမ္မာရ ဆရာမ ဒေါ် ယဉ်ယဉ်ထွေး၏ နန်းစတော့ကွက်ရှင်အောက်မှာ ကျန်ကျောင်းသူ ကျောင်းသားများ အန္တရာယ်အငွေ့အသက်ကြောင့် တစပြင်လို တိတ်ဆိတ်သွားသော်လည်း သူ ရေလည်အောင် ရှင်းပြလိုက်ပါသည်။

“ဒီလိုပါ ဆရာမ၊ စာစီစာကုံးထဲမှာ တံမြက်စည်း လှည်းတဲ့ အကြောင်း ရေးရင်း တံမြက်စည်း ဘယ်နား ထားမိမှန်း မသိတော့လို့ အမြန်နိဂုံးချုပ်လိုက်ရတာပါ”

“ဟောတော်”

“ဝါး. . ဟား. . ဟား. . ဟား”

ဆရာ ပန်လန်လက်သွားသကဲ့သို့ တစ်ခန်းလုံးလည်း ရယ်မောသံတွေ ညံစီသွားကြတော့သည်။ မြန်မာစာဆရာမလည်း တန်းချိန်မပြီးခင်မှာပင် သူ့အခြေအနေကို ကျောင်းအုပ်ဆရာမကြီးထံ အပြေးအလွှား သတင်းပို့ အစီရင်ခံလိုက်ရလေသည်။

သုံးရက်ခန့်အကြာတွင် ထူးခြားမှုတစ်ရပ်ကို သူ ထပ်မံ တင်ဆက်လာပြန်သည်။ ထိုနေ့က သူ ကျောင်းတက်ချိန် အတော်နောက်ကျခဲ့သည်။ ကျောင်းဝင်းဂိတ်တံခါးကြီး ပိတ်သွားပြီဖြစ်၍ ဂိတ်စောင့်ဝန်ထမ်းကို သူ လှမ်းခေါ်လိုက်၏။

“ဒီမှာ. . . ဦးလေးကြီး. . . ပလိစ်”

ဂိတ်စောင့်ကြီးက တံခါးနားသို့ ရောက်လာသည်။

“ကျွန်တော့်ကို တံခါးဖွင့်ပေးပါဗျာ”

“ကျောင်းတက်သွားတာ ကြာလှပြီဉစ္စာ၊ သော့ကို ကျောင်းအုပ်ကြီးရုံးခန်း အပ်လိုက်ရပြီကွ”

“လုပ်ပါဗျာ. . . ဦးလေးကြီးက လိမ္မာပါတယ်၊ ဒါကြောင့် အိမ်မှာဆို ဦးလေးကြီး သဘောကောင်းကြောင်းတွေ ဟောင်းဟောင်းထ





အောင်ကို ပြောနေကြတာ၊ ဖွင့်နော်. . . ကျောင်းပိတ်ရက်ကျရင် အိမ်လည်ခေါ်ပြီး ထမင်းလည်း ကျွေးမယ်၊ နင်းလည်း နင်းပေးမယ်၊ ကျွန်တော်က လူ့အကြော ကျွမ်းတယ်ခင်ဗျ. . . ဖွင့်ပေးပါနော်”

ကျောင်းဂိတ်စောင့်ကြီး စိတ်ဝင်စားသွားဟန် ပေါ်သည်။ နှာခေါင်းတစ်ချက် ပွတ်ရင်း အသံထွက်လာ၏။

“မင်းကွာ. . . ဒီကျောင်းက စည်းကမ်းကြီးတာ သိသားနဲ့ ဘာဖြစ်လို့ နောက်ကျရတာတုန်း”

“ဘာကြောင့်ရမှာလဲ. . . ဟိုနားက ဆိုင်းဘုတ်ကြောင့်ပေါ့၊ ကျွန်တော်က အရင်လို ပုံမှန်ကျောင်းလာတာပါပဲ၊ အဲဒီဆိုင်းဘုတ်မှာ ‘ကျောင်းရှိသည်. . . ဖြည်းဖြည်း’ လို့ ရေးထားတော့ ကျောင်းတော့ မပျောက်သွားသေးပါဘူးဆိုပြီး စိတ်ချလက်ချနဲ့ သူခိုင်းသလို ဖြည်းဖြည်းလျှောက်လာမိလို့ ခုလိုနောက်ကျသွားတာပါ”

ဤသို့ဖြင့် သူ၏အဖြစ်အပျက် အကျိုးအကြောင်းများသည် ဂိတ်စောင့်ကြီးမှတဆင့် အတန်းပိုင်ဆရာမ၊ အတန်းပိုင်ဆရာမမှတဆင့် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာကြီးမှတဆင့် တွေ့ဆုံညှိနှိုင်းဆုံးဖြတ်ပြီးနောက် သူ့မိဘများဆီသို့ ပရိုစီဂျာကျကျ ခေါ်ယူတွေ့ဆုံ သိခွင့်ရလိုက်ပါတော့သည်။

ဆရာ ဆရာမများနှင့် မိဘနှစ်ပါး၏ ထိန်းထိန်းသိမ်းသိမ်း ဂရုတစိုက် စောင့်ရှောက်မှုများနှင့်ပင် အနှီ ‘သားလတ်ကို’ တစ်ယောက် (တစ်ချက်တစ်ချက် ပလပ်ကျွတ်သည်မှလွဲ၍. . . ) ဆယ်တန်းစာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။ ဆယ်တန်းစာမေးပွဲပြီးလို့ မိဘနှစ်ပါး၏ရင်ဝမှ အပူလုံး ကျခါစမှာပင် သားလတ်ကို၏ အံ့မခန်းနိုင်စရာ အစွမ်းများက ထပ်မံပေါ်ထွက်လို့ လာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



**မော်**ဒယ်လ်ခေတ်ဦးဝတ်စုံပြည့် မဟူရာနိုက်ဒရက် လုံလုံခြုံခြုံ ဆင်မြန်းထားသည့်. . ည။

အချိန်အားဖြင့် ည(၂)နာရီဝန်းကျင်။

မတိုးမကျယ် ခေါ်သံတစ်ခု ပေါ်ထွက်လာသည်။

"သုန်သုန်. . ရေ. . . သုန်သုန်"

ဝသုန်မြတ်နိုးသည် အအိပ်အနေ ပါးလျားသူဖြစ်ရာ ချက်ချင်းနိုးလာခဲ့သည်။ ဇဝေဇဝါ ဖြစ်နေသေးသည့် နားထဲသို့ အသေအချာ ခေါ်သံတစ်ခု ထပ်မံကြားလိုက်ရသည်။

"သုန်သုန်ရေ. . . သုန်သုန်"

သူမအမည်ကို ခေါ်နေမှန်း သေချာသွားသဖြင့် အိပ်ရာမှ လူးလဲထပြီး အခန်းပြတင်းပေါက်တံခါးကို ခပ်သွက်သွက် ဖွင့်ကြည့်လိုက်သည်။ ပိန်းပိတ်အမှောင်ကြောင့် သူမ၏မြင်လွှာ၌ ရုတ်တရက် ဘာပုံရိပ်မှ သဲကွဲရေရာ မမြင်ရရှာသေးချေ။

မှုန်ပျပျ ကြယ်ရောင်အားကိုးဖြင့် စူးစိုက်ကြည့်လိုက်သည့်အခါမှ အိမ်ဘေးရေစင်ကြီးပေါ်မှာ လူရိပ်သဏ္ဍာန်တစ်ခုကို ထင်ဝါးဝါးတွေ့လိုက်ရသည်။

"သုန်သုန်ရေ. . . ငါဒီမှာဟ၊ ဒီပေါ်က ခေါ်နေတာ"

"ဟင်. . . သားလတ်"

အရိပ်နှင့်အသံ ထပ်တူညီ တွဲစပ်မိသည့်အခါ သားလတ်ကိုဖြစ်ကြောင်း ခန့်မှန်းမိသွားသဖြင့် သူမ အထိတ်တလန့် ဖြစ်ရတော့သည်။

ရုတ်တရက် မသိစိတ်၏စေ့ဆော်မှုအတိုင်း နောက်ပြန်လှည့်ရင်း မိဘနှစ်ပါးကို အားကိုးတကြီး အော်ခေါ်မိ၏။

"ဖေဖေ. . . မေမေ. . . ထပါဦး၊ ဒီမှာ. . . ဒီမှာ. ."

"သမီး. . . သမီး. . . ဘာဖြစ်တာလဲ"

သူမ၏အလောသုံးဆယ် ဟစ်အော်သံနှင့် တစ်ဆက်တည်းမှာ မိခင်နှင့်ဖခင်တို့ ဝရုန်းသုန်းကား နိုးထပြီး ကသောကမျော မေးမေးမြန်းမြန်း ရောက်လာကြကုန်၏။

သူမမိခင်က သမီးလက်မောင်းကို ကိုင်ဆုပ်၍ စိုးရိမ်တုန်လှုပ်စွာ မေးသည်။

"သမီး. . သမီးလေး. . ဘာ. . ဘာဖြစ်လို့လဲဟင်"

"ဟို. . . ဟို. . . ဟိုမှာကြည့်"

ဟိုမှာကြည့်ဆို၍သာ သူမ လက်ညှိုးညွှန်ရာ ဟိုမှာကို ကြည့်လိုက်ကြသော်လည်း မိဘနှစ်ပါးမှာ ဒုက္ကုလနှင့်ပါရိက ဖြစ်နေကြလေသည်။ သူမကတော့ သုဝဏ္ဏသာမ မဟုတ်ပါ။

"ဘာလဲ သမီးရဲ့၊ မိုးပေါ်မှာ ဘာတွေ့လို့လဲ၊ မေမေတော့ မမြင်ဘူး"

"မိန်းမရယ်. . . ကောင်းကင်မှာ ရဟန္တာ ဈာန်ကြွတာကို မြင်တာ ဖြစ်မှာပေါ့၊ ဒါတွေက ဘုန်းကံမြင့်တဲ့သူတွေမှ မြင်ရတာ၊ အမယ်. .





www.burmeseclassic.com

www.burmeseclassic.com



အံမယ်. . ချာန်ပျံတဲ့ ရဟန္တာက သုံးပါးတောင်မှ၊ ဟုတ်တယ်နော် သမီး"

"အာ. . . ဖေဖေကလည်း၊ အိပ်မှုန်စုံမွှားနဲ့ ဘာတွေပြောနေတာလဲ၊ သမီးပြတာက ဟိုရေစင်ကြီးပေါ်ကို"

ဖခင်လက်ထဲမှ ဓာတ်မီးကို ဆွဲလုယူ၍ ရေစင်ပေါ်ကို ထိုးပြလိုက်ရသည်။

သည်တော့မှ ကိုယ်ယောင်ကိုဝါ ထင်လင်းစွာ ပြလိုက်သူကို မြင်ပြီး ဦးမင်းမြင့်မောင်နှင့်ဒေါ်နွဲ့သိင်္ဂီတို့ ထင်ရာမြင်ရာအပေါ် ထင်ရာမြင်ရာ ပြောကုန်ကြလေသည်။

"လား. . . လား. . . ဘယ်လိုပုဂ္ဂိုလ်လဲ မှတ်တာ. . . သားလတ်ကိုပဲကွ"

"ဟုတ်ပ. . . သူက ရေစင်ပေါ် ဘာတက်လုပ်နေနေရတာတုန်း"

"မိန်းမရယ်. . . ဉာဏ်ကို လွှာသုံးစမ်းပါ၊ ရှင်းရှင်းကြီး ရှင်းနေတဲ့ဥစ္စာ၊ ရေစင်ပေါ် ဘာတက်လုပ်ရမှာလဲ၊ တိုင်ကီပေါက်လို့ တက်ဖာတာ နေမှာပေါ့"

"ဒီမယ် ကိုမင်းမြင့်မောင်၊ ရှင် အဲသလို ရမ်းပြောလွန်းလို့ ရုံးတက်ပြီး ပြဿနာ ရှင်းရပေါင်းလည်း များပြီ၊ ခုနကလည်း ဒီလိုပဲ သူ့ကိုယ်သူ ဆရာကြီးဒီဗိုင်းနဲ့ ရဟန္တာ ကြွတာ မြင်ရလို့ ဘုန်းတွေကံတွေ သိပ်ကောင်းနေသလိုလို ဘာလိုလိုနဲ့. . ဟွန်း. . ."

"တိတ်. . . ငါထလုပ်လိုက်ရ ပေကျုံကုန်တော့မယ်၊ မင်း ငါ့ကို ဘာမှဝေဖန်နေစရာမလိုဘူး၊ ငါ့စိတ်ကြီးတာ သိတယ် မဟုတ်လား၊ ပြန်ပြောရင် ကြုံတောပဲ၊ အဖြေမပေးရင်တော့ ရေဝေးပဲ၊ အချိန်မီ မပြင်ရင်တော့ ထိန်ပင်ပို့လိုက်မယ်နော်. . . ဟွင်း. . . ဟွင်း"

ဝသုန်မြတ်နိုးမှာ ကျွဲနှစ်ကောင် ခတ်သည့်ကြားမှ မြေစာပင်ကို





အမြန်ဆွဲနှုတ်လိုက်ရသည်။

"တဲ့. . . တော်ကြပါတော့ ဖေနဲ့မေရယ်၊ သားလတ်ကို ဘာတက်လုပ်နေတာလဲ မေးကြမြန်းကြပါဦး"

"အေး. . . ငါပြောရင် မလွဲမချင်း လွဲကိုမလွဲစေရဘူး. . . ကြည့်ထား၊ ဒီကောင် တကယ့်ကို တိုင်ကီပေါက် ဖာတာ ဖြစ်ရမယ်"

"သုန်သုန်ရေ. . . သုန်သုန်"

"ရှင်. . . အေး. . . သားလတ်"

အနားမှာ မိဘနှစ်ပါး စစ်ကူရောက်နေပြီမို့ သူမ အရဲစွန့်ပြီး အသံပြန်ပြုလိုက်သည်။

"ငါတီထွင်ထားတဲ့ သိပ္ပံကိရိယာတစ်ခု အောင်မြင်သွားပြီဟ၊ အခု စမ်းသပ်ပြမယ်၊ အဲဒါ နင့်ကို ဦးဦးဖျားဖျား မြင်စေချင်လို့"

"ဘာကို စမ်းသပ်ပြမှာလဲဟင်"

"ဟောဒီမှာ မိုးပျံဂျက်ဘူး၊ ဒါကို ကျောမှာ လွယ်ပြီး ခလုတ်နှိပ်လိုက်ရင် စူပါမင်းလို မိုးပေါ် ပျံတက်သွားမယ်၊ လိုက်ချင်သူ ရှိရင် ခေါ်သွားပေးမယ်၊ ငါ့ခြေထောက်ကို လာဆွဲထားကြ"

သားလတ်ကိုက အရာဝတ္ထုတစ်ခုကို ကိုင်မြှောက်ပြနေသည့်အတွက် သူမလည်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြီး အသေအချာ ကြည့်လိုက်သည့်အခါ. . .

ဒေါ်နွဲ့သိင်္ဂီမှာ အလန့်တကြားဖြင့်. . .

"ဟဲ့. . . ပလုတ်တုတ်၊ သူ ပြနေတာ မီးသတ်ဆေးဘူးကြီးတော့၊ ဘုရား. . . ဘုရား"

ဝသုန်မြတ်နိုး ရင်ခုန်တုန်ဆတ် ပျာယာခတ်သွားရပြီ။

"သားလတ်ပုံစံက မဟုတ်တော့ဘူး ဖေဖေ၊ သမီးတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ခဏလောက်တော့ စောင့်ကြည့်စမ်းပါ သမီးရယ်၊ ပြောတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း တကယ်ပျံပြနိုင်တာ ဟုတ်ချင်ဟုတ်လောက်တယ်၊ သားလတ်တနိုထဲက ညာဏ်ခပ်ထက်ထက်ရယ်"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ဖေရယ်၊ အခုဟာက မီးသတ်ဆေးဘူးကြီးပဲ၊ သားလတ်. . သူ. . သူ ဒုက္ခရောက်တော့မယ်"

ဟိုက ဒုက္ခမရောက်ခင် ဒီက ဒုက္ခရောက်တော့မည်။ နှလုံးရောဂါ အခံရှိသည့် သမီးကြောင့် ဦးမင်းမြင့်မောင် မေးစေ့ကို ပွတ်၍ အသည်းအသန် စဉ်းစားရတော့သည်။

လက်နှစ်ဖက် နောက်ပစ်၊ ရှေ့တစ်လှမ်းတက်. . စလျှောက်၊ တစ်ခေါက်. . . နှစ်ခေါက်. . သုံးခေါက်၊ ခေါက်တုံ့ခေါက်ပြန် လေးခါမြောက်မှာ ခြေတစ်ဖက်မြှောက် လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟား. . . ဟုတ်ပြီ၊ သမီးက သူ့ကို စကားမပြတ် ပြောရင်း အချိန်ဆွဲထား"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေ ကိုခင်လတ်တို့ကို သွားနိုးခေါ်ခဲ့မယ်၊ ကဲ. . . မိန်းမ၊ မင်းက ရေစင်ပေါ် တက်ပြီး သူ့ခြေထောက်ကို ဆွဲထား"

"ဘာ-ပြော-တယ် ကိုမင်း-မြင့်-မောင်၊ ကျုပ်က ရေစင်ပေါ် တက်ရမယ်. . . ဟုတ်စ"

"ဟာ. . . လန့်လိုက်တာ၊ ဖြည်းဖြည်းအော်ပါ မိန်းမရဲ့ ဟုတ်တယ်လေ. . . မိန်းမဆိုတာ ယောကျ်ားသား စီမံရာ နာခံရတာ ထုံးစံပဲ"

"ဘာထုံးစံလဲ. . . မဟုတ်တရုတ် စီမံတာကို နာခံရအောင် ကျုပ် မဟုတ်တရုတ် မဟုတ်ဘူး၊ တော်က ယောကျ်ား၊ တက်စရာရှိရင် ရှင် တက်ပါလား"

"ဟာကွာ. . . ငါ့အမြင့်ကြောက်တာ မင်းလည်း သိသားနဲ့၊ ဒါကြောင့် အိမ်က ပေးစားတဲ့ ဟိုဆရာဝန် စာရေးဆရာမ မြင့်မိုရ်မြင့်မြင့်ကိုတောင် မယူဘဲ မင်းကို ခိုးပြေးခဲ့တာကြည့်"





"အော်. . . ကိုယ်မတက်ရဲတိုင်း သူများသားသမီးကို လိုက်မြှောက်ထိုးပင့်ကော် လုပ်ရသလား၊

ကျုပ်က တကယ်လို့ သူခြေထောက် တက်ဆွဲပါပြီတဲ့၊ မတော်လို့ သူပြောသလို မိုးပေါ်များ ထထက် ပျံတက်သွားရင် ကျုပ်က တွဲလွဲနောက် တန်းလန်းပါသွားမှာ"

"ပါသွား အေးရော. . (အဲ) ကဲပါကွာ. . . ကိုယ်ပဲ တက်ပါတော့မယ် (အဟဲ) မိန်းမက စိတ်ကြီးပဲ"

ဒေါ်နွဲ့သီဂီက မျက်စောင်းထိုးပြီး ကန့်လန့်ဖြတ်ချလိုက်၏။

"ကိုင်း. . . သမီးက ဟိုဘက်ခြံပြေးပြီး မသက်ငုံဖူးတို့ကို နိုးခေါ်ခဲ့၊ ရှင်က မီးကင်းသမားတွေဆီ သွားပြီး အကူအညီတောင်း၊ ပြေပြေလည်လည်လည်း ပြောဦး၊ ဒီအချိန်ဆို သူတို့က အိပ်ကောင်းနေကြတာ၊ ကျွန်မ သူ့ကို ချော့ထားပေးမယ်"

နောက်ဆုံးတော့ ဒက်ခနဲ ဒက်ခနဲ ချက်ကျလက်ကျ စီမံလိုက်သည့် ဒေါ်နွဲ့သီဂီ၏ပရိုဂရမ်အတိုင်းပင် 'အရာရာ မမလုပ်မှ ပြီးမှာပါမမရယ်' ဟု ပဒုမပေါင်တိုဇာတ်ထဲက ကိုပေါင်တို အော်ခွဲလိုက်သလို ပွဲစဉ်ရွေ့လိုက်ကြရလေ၏။

ဝသုန်မြတ်နိုးက သားလတ်မိဘနှစ်ပါးနှင့် ပြန်ရောက်လာပြီ။ ဦးမင်းမြင့်မောင်က မီးကင်းစောင့်နှစ်ဦးနှင့် ပြန်ရောက်လာပြီ။

"သား. . . သားလတ်. . . ပြန်ဆင်းခဲ့ပါ. . . သားရယ်"

စိုးရိမ်တကြီး ရှိုက်သံနှော၍ အော်ဟစ်လိုက်သော ဒေါ်သက်ငုံဖူး၏အသံက ညဉ့်ယံမှာ လျှံတက်သွားသည်။

သူ့မိခင်အသံကို မသိဟန်ပြုလျက် ရှန်စောင်တစ်ထည်ကို စူပါမင်းဝတ်ရုံလို ခြုံလွှားလိုက်သည်။ နောက် မီးသတ်ဆေးဘူးကို သူ့ရင်ခွင်ထဲ ထွေးပိုက်လိုက်၏။

ဦးမင်းမြင့်မောင်ထံမှ မချိတင်ကဲ အသံကြီး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောက်. . . အခုနေ လောင်းမယ့်သူ ရှိရင် ဆယ်လေးတစ်လေး ပေးပြီး လောင်းလိုက်ချင်စမ်းပါဘိ၊ ကျုပ်တော့ ဒီကောင့်စကားကို ယုံတယ်၊ ဟော. . . ကြည့်. . ကြည့်. . ပျံပြတော့မယ်"

"ဖြောင်း. . . တော့အပေါက်ကို ပိတ်ထားစမ်း"

သားလတ်၏မိဘများ ကြားသွားမည်ကို စိုးရိမ်အားနာစိတ်ဖြင့် ဒေါ်နွဲ့သိဂီက အိမ်ဦးနတ်ကြီးကို ကြင်နာစွာ ဖက်ပိုးအုပ်ပြီး ဒုန့်စပီ လုပ်လိုက်ရလေသည်။

အခြေအနေကို ရိပ်စားမိသော မီးကင်းသမားနှစ်ယောက်မှာ သားလတ်ကို မရိပ်စားမိအောင် မှောင်ရိပ်ခိုပြီး ရေစင်ပေါ်သို့ အမြန်ဖက်တွယ် တက်ရောက်သွားကြသည်။

သားလတ်ကို. . . သူ. . .

မီးသတ်ဆေးဘူးကို ပိုက်ရင်း ရေစင်အစပ်သို့ ရွှေ့ကာ ရင်ကော့ မတ်တတ်ရပ်လိုက်ပြီး. . .

အောင်မြင်ခန့်ညားသည့်အသံကြီးဖြင့်. . .

"အဟမ်း. . . အဟမ်း. . . ကြွရောက်လာကြကုန်သော မြို့တော်သူ မြို့တော်သား၊ နယ်တော်သူ နယ်တော်သား၊ ကာယဉာဏအလုပ်သမား၊ လယ်သမားဦးကြီးများနဲ့ ကျောင်းတော်သူ ကျောင်းတော်သား ညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျား. . .

အခုလို ဂုဏ်ယူစရာကောင်းတဲ့ မင်္ဂလာညချမ်းမှာ ကျွန်တော် တီထွင်ထားတဲ့သိပ္ပံလက်နက် မိုးပျံဂျက်ဘူးအစွမ်းကို ရှုစားကြရတော့မှာ ဖြစ်ပါတယ်. . .

ရယ်ဒီ. . . ဝမ်း. . . တူး. . ."

မီးကင်းသမားနှစ်ယောက်က သူ့ကို အချိန်မီ ကယ်တင်နိုင်ခဲ့လိုက်လေသည်။

"ဖြစ်ရလေ သားရယ်"





ဒေါ်သက်ငုံဖူးမှာ သားဖြစ်သူကို တင်းတင်းဖက်ရင်း ရှိုက်သံပျောက် ငိုချလိုက်မိလေတော့၏။ သူကတော့ အိပ်မက်ယောင် မျက်နှာနှင့် ငေးငေးကြောင်ကြောင် ဝေါင်ဝေါင်ဝိုင်ဝိုင်. . . ဖြစ်လို့။

သူ့ကို ညတွင်းချင်း မြို့နယ်ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဦးနှောက်ပိုင်းဆိုင်ရာ ဝေဒနာဖြစ်သောကြောင့် နောက်ဆုံး. . .

မဟာရန်ကုန်ရှိ စိတ်ကျန်းမာရေး အထူးကုဆေးရုံကြီးသို့ ရောက်သွားရခြင်းဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# (၅)

**တက်**နေဆိုတဲ့ ကိုယ့်ကို. . သတ်ပစ်ချင်လောက်အောင် သည်းခြေပေါက် မုန်းတီးသွားပြီဆိုတာ ကိုယ် ကြေကွဲစွာ အသေအချာ ယုံကြည်ထားလိုက်ရပါပြီ မြတ်နိုး။

ဘာပဲ ဘယ်လိုဖြစ်နေနေ. . . ကံတရား မျက်နှာသာပေးလို့ အခွင့်သာတဲ့ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာတော့ ရုပ်ပျက်ဆင်းပျက် အဖြစ်ဆိုးကြီးထဲမှာ ကိုယ်ပါဝင်ပတ်သက်ရတဲ့အပိုင်းကို အမှန်အမှန်အတိုင်း အရှိအရှိအတိုင်း စီကာပတ်ကုံး ရင်တစ်ဆုံး ရှင်းပြချင်နေတာ ကိုယ့်ဝင်သက်တိုင်းနဲ့ အမျှပါ။





တကယ်တမ်းတော့ မြတ်နိုးရယ်. . . ပြန်ပြင်လို့ မဖြစ်နိုင်တော့တဲ့ ပြီးဆုံးခဲ့တဲ့ဖြစ်ရပ်ဟာ ကိုယ်ရဲ့ကြိုတင်ကြံစည်ချက် တွေ မြူတစ်မှုန်စာတောင် ပါဝင်ပတ်သက်မနေဘူးဆိုတာ ဘုရားအဆူဆူရှေ့မှာ သစ္စာဆိုဝံ့ပါတယ်။

ဒါပေမယ့် မြတ်နိုးရဲ့အမြင်မှာတော့ သားလတ်နဲ့မြတ်နိုးတို့အပေါ် အကြံတူရန်သူဆိုပြီး မစားရတဲ့အမဲ သဲနဲ့ပက်ပြီး မင်းသားမလုပ်ရလို့ ပတ်မကြီး ထိုးခဲ့သူအဖြစ် ကျောက်သလင်းသားပေါ် သံပူစို့နဲ့ ထွင်းထားသလို သေရာပါအစွဲကြီး ထင်နေရော့မယ်နော်။

ယုံပါ. . . ကိုယ်လေ မိန်းကလေးတစ်ယောက်ရဲ့မေတ္တာကို ရနိုင်ဖို့ ကြိုးစားတဲ့နေရာမှာ အခြေအနေအရ လူဆိုးတစ်ယောက် ဖြစ်ကောင်းဖြစ်နေနိုင်ပေမယ့် လူယုတ်မာတစ်ယောက်တော့ တစ်သက်မဖြစ်စေရဘူးလို့ ခံယူထားခဲ့သူပါ။

ဖြစ်ရပ်တိုင်းမှာ အမှားနဲ့ အမှန်ဆိုတာ ရှိပါတယ်။ ဒါဟာ ဖြစ်ရပ်တစ်ခုအပေါ် ကြည့်ရှုသူနဲ့ပဲ သက်ဆိုင်ပါတယ်။ အဲ. . . တရားခြင်း မတရားခြင်းဆိုတာမှာတော့ အားလုံးနဲ့ သက်ဆိုင်သွားပါပြီ။ ကိုယ်ဟာ မှားယွင်းသူ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် မတရားသူတော့ လုံးဝအဖြစ်မခံနိုင်သူပါ မြတ်နိုး။

ကိုယ့်ရဲ့အကြိမ်ကြိမ်အခါခါ မေတ္တာရေးရာ အဆိုပြုချက်ကို မြတ်နိုးရဲ့နှလုံးသားတရားခွင်က လုံးဝလျှောက်လဲခွင့် မပေးဘဲ တစ်ဖက်သတ် စီရင်ချက်ချပြီး သားလတ်ကိုအပေါ် အနိုင်ဒီဂရီ ချပေးခဲ့ပေမယ့် ကိုယ့်နှလုံးသားမှာ တစိုးတစိမှ အမုန်းတရား မပေါ်ခဲ့ရိုး အမှန်ပါ။

ကံမမီတဲ့ချစ်ခြင်းကိုသာ ကျောသပ်ဖေးမရင်း စစ်မက်တဲ့အရှုံးကို မချိပြုံးနဲ့ ရဲရဲတင်းတင်း လက်ခံခဲ့ပါတယ်။ ခြေခွင့်မသာပေမယ့် ကြေလွင့်လာလေမလားရယ်လို့ တမ်းမျှော်စောင့်စားမိနေခဲ့ဆိုတာတော့ ဝန်ခံရဲပါတယ် မြတ်နိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးကို ကိုယ်ပြောချင်တယ်. . .

ကိုယ်တို့ အက်ဆီးဒင့် မဖြစ်ခင်နေ့ကပေါ့။

မေမေရယ် ရုတ်တရက် အိမ်မှာ မူးလဲကျသွားလို့ ဆေးရုံကို အရေးပေါ် တင်လိုက်ရတယ်။

ဆေးရုံက မေမေ့အပါးမှာ တစ်ညလုံး စောင့်ရှောက်ပြုစုနေခဲ့ရလို့ ကိုယ် အိပ်ရေးပျက်နေခဲ့တယ်။ မေမေရယ် မနက်လင်းခါနီးအချိန်မှာ ဆိုးဆိုးရွားရွား အမောဖောက်လာပါလေရော။

ကိုယ်တစ်ယောက်တည်းနဲ့ မေမေနဲ့ ဒီထက်အခြေအနေမဆိုးရွားခင် မမကြီးနဲ့မမလေးတို့ဆီ အကြောင်းကြားမှ ဖြစ်တော့မှာမို့ ဆိုင်ကယ်ကို အမြန်မောင်းလာမိခဲ့တာပါ။ အမြန်ရောက်ချင်နေတဲ့စိတ်၊ အိပ်ရေးပျက်ထားတဲ့ဒဏ်၊ ဆေးရုံဆီ နောက်ဆံ တင်းနေတဲ့ သောကရာသီဥတုကလည်း နှင်းတွေ ဒလဟော ကျနေတဲ့ အဲဒီအခြေအနေတွေအားလုံး တိုက်ဆိုင်သွားတဲ့အခါမှာတော့. . .

ကိုယ်တို့ ကမ္ဘာလေးတွေ ဖွာလန်ကျဲသွားစေတဲ့ မတော်တဆဖြစ်စဉ်ကြီးထဲမှာ အားလုံးကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ခဲ့ရပြီလေ။

သိလား. . . မြတ်နိုး။ ဒီကိစ္စကြောင့် ကိုယ် အချုပ်ခန်းထဲမှာ ပြစ်ဒဏ်ကျခံခဲ့ရတယ်။ အဆိုးဝါးဆုံးက မေမေ ကွယ်လွန်တာတောင် ကိုယ် သင်္ဂြိုဟ်ခွင့် မရလိုက်တော့ဘူးလေ။

ကိုယ့်အမှုအခင်း ပြစ်ဒဏ်ခံပြီးတော့ အမိမဲ့သားအဖြစ်နဲ့ ထိချက်ပြင်းလွန်းတဲ့ဝေဒနာကြောင့် စာမေးပွဲဆိုတာ အာရုံထဲ မရှိတော့လို့ မဖြေဖြစ်လိုက်တော့ဘူး။ ဟုတ်ပါတယ်လေ. . . သားလတ်ကိုလည်း စာမေးပွဲကို မဆိုထားနဲ့၊ သူ့ကိုယ်သူတောင် စိတ်ကျန်းမာရေးဆေးရုံမှာ မရမက ပြန်ရှာနေရတာကို ကိုယ် စာနာစိတ်နဲ့ ထပ်တူခံစားနေခဲ့ရတယ် ပြောရင် မြတ်နိုး ယုံမယ်မထင်ဘူး။

ထားပါလေ. . .





ကစဉ့်ကလျား ဖြစ်ကျန်ရစ်တဲ့ ကိုယ်တို့မောင်နှမတွေ ဘဝစေရာအတိုင်း တောနယ်လေးတစ်ခုစီ လွင့်စဉ်ထွက်ခဲ့ရပါတယ်။ အပစ်ပယ်ခံပြီး ဗီလိန်တံဆိပ် သံပူကပ်ခံထားလိုက်ရတဲ့ ကိုယ့်လိုလူတစ်ယောက်ရဲ့တွေးခေါ် မျှော်မြင်နိုင်စွမ်းက ဘယ်မှာလာပြီး ဟန်ချက်ငြိမ်နိုင်ပါတော့မလဲ မြတ်နိုးရယ်။

ပျော့ညံ့တယ်လို့ ဆိုကြစေတော့. . .

ကိုယ့်ထက်မြက်စူးရှမှု မှန်သမျှ ကန္တာရသဲပြင်ထဲမှာ အရည်ပျော်ကျသွားခဲ့ရပါပြီ။

ဒါပေမယ့်ပေါ့ မြတ်နိုးရယ်. . .

မင်းရင်ထဲမှာ နာနာကျင်ကျင် သယ်ပိုးထားရတဲ့ ကိုယ့်အပေါ် နာကြည်းမုန်းတီးစိတ်ကြီးကို ကိုယ် တစ်နိုင်တစ်ပိုး ဖြေဖျောက်ပေးရင်း ကိုယ်ဟာ မြတ်နိုးနဲ့ ပတ်သက်လာရင် ချစ်မှုအတ္တကင်းကင်းနဲ့ အသည်းလှိုက် ဘဝခင်းပြီး မြတ်နိုးရကြောင်းကို မြတ်နိုးသိအောင် သက်သေပြခွင့်ကြုံပါစေလို့. . .

လိုချင်ရာကို ငုတ်တုတ်ထိုင် ဆုမတောင်းတတ်တဲ့ ကိုယ် လိုလိုချင်ချင် ဆုတောင်းနေမိပါတယ် မြတ်နိုးရယ်။





www.burmeseclassic.com

www.burmeseclassic.com





(၆)

**တယ်**နေစိုးသည့် ဝသုန်မြတ်နိုးကို အကြိမ်ပေါင်းများစွာ ရည်းစားစာ ပေးဖူးပါသည်။ သို့သော်. . .

ဝသုန်မြတ်နိုးထံမှ အချိန်ပေါင်းများစွာ ချိုသည်ခါးသည် အကြောင်းပြန်ကြားချက်ကင်းစွာ ဥပေက္ခာပြုထားခံရလေ၏။ သည်တော့. . .

အလိုရှိရာ တောင်းတိုင်းရသည့် မာဒင်မျော် မအောင်သည်မို့ 'ပပထူမှ ထမယ်' ဟူသည့် မင်းကုသထုံးနှင့် 'နောက်ဆုံး ဇွဲဆုချိတ်လည်း ဒီဖလား ရမှာပဲ"





ဟု သူ့လုံ့လဉာဏက ဘယ်လိုအခွင့်အရေးများ အောက်စလွှတ်လေမလဲ အမြဲချိုသွေးနေလေတော့သည်။

အခွင့်အရေး ချောင်းနေသူအဖို့ အခွင့်အလမ်းကောင်းက ဆိုက်ဆိုက်မြိုက်မြိုက် နှာခေါင်းကျည်ပွေ့ တွေ့လေပြီ။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သည်။

ဝသုန်မြတ်နိုးတစ်ယောက်တည်း ပလတ်စတစ် ခြင်းတောင်းလေး ဆွဲပြီး ဈေးဝယ်ထွက်လာခြင်းကို အကောင်လိုက် အရှင်လတ်လတ် မြင်လိုက်ရသဖြင့် သူ့ရင်ထဲမှာ တောင်ပြုံးနတ်ပွဲနှင့် ချစ်တီးဘုရားပွဲ ပူးတွဲကျင်းပနေသလို ခုန်ပေါက်မြူးကြွသွားရသည်။

ဈေးသွားချိန်မှာ အခြေအနေမသာသဖြင့် ဈေးဝယ်ပြန်ချိန်ကို စောင့်စားရန် ဈေးထိပ်လက်ဖက်ရည်ဆိုင် ကတွတ်ပေါက်မှ ကိုးတောင်ဗျိုင်းလို စောင့်ကြည့်နေမိသည်။ ရုတ်တရက် ကာမဂုဏ်ဘက်မှာ အာရုံဖျက်အောင် စားပွဲထိုး ကိုယ်တော်မြတ်က ဇာတ်လမ်းလာရှုပ်လိုက်လေသည်။

"ထိုင် အစ်ကို. . . ဘာသောက်မလဲ"

"ဘာမှမသောက်ဘူး. . . စောင့်စရာရှိလို့"

"ဘာမှမသောက်ရင် ဘာမှမထိုင်ရပါဘူးခင်ဗျား"

"ဘာပြောတယ်ကွ"

"ဟုတ်ပါတယ်ခင်ဗျာ. . . ဘာမှ ဝယ်မသောက် ဝယ်မစားဘဲ ရေနွေးအလကား သောက်ပြီး ရေနွေးအိုးဖောက် ဖောက်သယ်ပေးရတဲ့ ဖောက်သည်တွေကို အဲဒီလို ပြေပြေလည်လည် ဆက်ဆံဖို့ ဆိုင်ရှင်က မှာထားလို့ပါ၊ မယုံရင် ငွေသိမ်းကောင်တာမှာ ထိုင်နေတဲ့ ဆိုင်ရှင် ယောက္ခမကြီးကို မေးကြည့်ပါ"

"ဟေ. . . ဂလိုလား၊ ဒါဖြင့် မုန့်တစ်ပွဲ ချကွာ"

"ဘာမုန့်စားမလဲ အစ်ကို၊ ရွှေကြည်၊ နန္ဒင်းမကင်း၊ အိကြာကွေး



www.burmeseclassic.com

www.burmeseclassic.com



တော်ပြန့်၊ ထမင်းကြော်၊ ပေါက်စီ၊ ပဲပလာတာ၊ နံပြား. . .”

“ဟိုး. . . ဟိုးထား. . . မုန့်တွေ တယ်စုံပါလားကွ”

“ဟင့်အင်း. . . အဲဒါတွေ မမှာနဲ့၊ တစ်ခုမှ မရှိဘူး အစ်ကို၊ စမူဆာတစ်မျိုးပဲ ရှိတယ်”

“အေး. . . အေး. . . စမူဆာတစ်ပွဲချကွာ”

စားချင်စိတ် ရှိလှသည်မဟုတ်ဘဲ ပြီးပြီးရောသဘောဖြင့် စမူဆာတစ်ခု နှိုက်ဝါးလိုက်သည့်အခါ သူ့လျှာဖျားမှတဆင့် အကြောပေါင်းတစ်ထောင် စိမ့်ဝင်သွားရသည်။

“ဟာကွာ. . . ဖွတ်ဖလိုးပဲ၊ အထဲက အစာတွေက ချဉ်သိုးပြီး ပုပ်စော်တောင် နံနေပြီ၊ ဘယ်အချိန်ထဲက ကြော်ထားတာတွေလဲ ဟေ့ကောင်”

“အဲဒါတော့ မသိဘူး အစ်ကို၊ ကျွန်တော် ဒီဆိုင်မှာ အလုပ်ဝင်လုပ်တာ နှစ်ဆယ့်သုံးရက်ပဲ ရှိသေးတယ်”

မင်္ဂလာယူနေချိန်မှာ အဆင်မပြေမှုနိဒါန်းက ညှောင့်ပိုးထိုးလိုက်သဖြင့် သူ့ရင်ဘတ်ထဲမှာ ဖျဉ်းစပ်စပ်ဖြစ်သွားသည်။ သို့သော် သူ့မျှော်လင့်ချက်ကတော့ လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးရက် မတိုင်မီကာလက ကြော်ထားသည့်စမူဆာ မဟုတ်၍ ကြွပ်ရွနေပါသည်။

သူမ ဈေးဝယ်ပြီး ပြန်အလာကို သူ ကြည့်မျှော်စောင့်နေပုံမှာ လဲင်ပျောက် ဆပ်ပြာသည်လိုလို၊ နှာခေါင်းသမန်းရှု မျှောက်လိုလို၊ တောင်းမှောက်ကျိုးကန်းလိုလို၊ ဟိုလိုလို ဒီလိုလို. . လိုလိုတွေ ဗရပွနှင့်။ လေကြွေသစ်ရွက်ကမှ ကြွေရပေဦးမည်။

“ဟော. . . တွေ့ပြီ. . . တွေ့ပြီ”

“သူပဲ. . . သူပဲ”

လူရှုပ်လူများကြားမှ ဝသုန်မြတ်နိုး၏ပြက်ဝင်းသောကောက်ကြောင်းကို တွေ့၍ နှုတ်သံကျူး ဝမ်းသာလိုက်မိသည်ကို အနားရှိ





ဆေးလွှဲထိုးချာတိတ်က ဝင်နှောက်လိုက်သည်မို့ သူ နှာတင်းသွား၏။

“ဟေ့ကောင်. . . မင်းက ဘာဆိုင်လို့ ဝင်အော်နေရတာတုန်း”

“သိဘူးလေ. . . အစ်ကို စမူဆာ စားရင်း သံချပ်တိုက်တယ် မှတ်လို့ အဖောက်အော်ပေးတာ၊ ရွာမှာဆို ကျွန်တော်က သကြံန်သံချပ်ခေါင်းသားဗျ၊ မယုံရင် ငွေသိမ်းကောင်တာမှာ ထိုင်နေတဲ့ ဆိုင်ရှင်သော်ကွဲမကြီးနားမှာ ယပ်ခတ်ပေးနေတဲ့ ငွေသိန်းကို မေးကြည့်၊ အဲဒီကောင်နဲ့ ကျွန်တော်က တစ်ရွာတည်းသားတွေ”

“ဖွတ်ဖလိုးပဲ. . ကဲ. . ရော့. . စမူဆာဖိုး၊ ဒီဆိုင်ဝင်ထိုင်မိတာ မှားပါတယ်”

“မှားတယ်ထင်ရင် အစ်ကို မှားပြီ၊ ဒီမှာထိုင်ပြီး ခွင်ကောင်းတွေ့သွားတာ နည်းမှတ်လို့၊ ဟိုတစ်လောက ဘကြီးတစ်ယောက်ဆို ဒွတ်ရော ဒွဲရော ဝင်သွားတာဗျ”

သူ မိကျောင်းသားကို ကျောခိုင်းပြီး ဝသုန်မြတ်နိုးနောက်သို့ သမန်းကတန်း လိုက်၍ ဆိုက္ကားခေါ်သလို အသံပြုလိုက်သည်။

“ဝသုန်မြတ်နိုး. . . ဝသုန်မြတ်နိုး”

သူမက ခေါ်သံဆီ နွဲ့နွဲ့လေး ငဲ့ကြည့်သည်။ ခေါ်သံရှင်ကို ကြည့်၍ နှာခေါင်းရှုံ့သည်။ ပြီးတော့ မျက်နှာကိုတည့်. . ရှေ့လှည့်. . ဆက်. . . လျှောက်. . .။

သူမက ရှေ့သွား၊ သူက နောက်လိုက်. . .။

“မြတ်နိုး. . . ခဏလောက်ဟာ. . . စကားပြောစရာရှိလို့”

“ဘာလဲ. . . စာနဲ့ ရေးပြောရတာတွေကို ဓာတ်ပြားဟောင်းဖွင့်ပြမလို့လား တက်နေစိုး”

“ဒီတစ်ခါ ဓာတ်ပြားအသစ် ဖွင့်ပြမှာပါ၊ အခုခေတ်စားနေတဲ့ မင်းသမီးအခွေလေ. . . (အဲ. . )ဘွာ. . . ဘွာ”



www.burmeseclassic.com

www.burmeseclassic.com

သူ့လျှာချော်ထွက်သွားသည်နှင့် သူမခြေလှမ်း ဇတ်ခနဲ ရပ်သွား၏။ သူမဖိနပ် ချော်ထွက်မလာပါ။

“ဘာပေါက်ကရတွေ လာပြောနေတာလဲ၊ နင် ဟောဒီဖိနပ်ကြည့်ထား”

“အေး. . . မြင်ပါတယ်ဟ၊ ခွာထူခုံမြင့်၊ ဖန်စီကြိုးတပ်၊ တံဆိပ်က ပန်းသီး၊ ပန်းသီးဆိုတာ အချစ်သင်္ကေတ၊ ဧဝက အာဒမ်ကို အရင်စကျွေးတာ”

“တက်နေစိုး. . . နင် ငါ့ကို မနှောင့်ယှက်နဲ့နော်”

မျက်နှာရှစ်ခေါက်ချိုးနှင့် ဝသုန်မြတ်နိုး၏ခပ်စူးစူး အော်ဟစ်ကြိမ်းမောင်းလိုက်သံကြောင့် သူ့မျက်နှာကို ဆယ့်ခြောက် ခေါက်ချိုးညှိုးချလိုက်ရင်း ရင်ဟိုက်သံဖြင့် တိုးဖွဖွ ပြောလိုက်ရသည်။

“မြတ်နိုးရယ်. . . နင့်ရင်ဘတ်ကြီးက တင်းမာလှချည်လားဟာ”

“တင်းတယ်ဟဲ့. . . တင်းတယ်၊ ခပ်တင်းတင်းပဲ ဘာဖြစ်လဲ”

တစ်ဖက်က သရုပ်ဆောင် ကဝေရှင်မ ဘွဲ့ခံမင်းသမီးကြီး၊ စွာတေးလန် ဇာတ်ဝင်ခန်းမှာ အိုဟာအိုက်တင် လုပ်သလို ဖြစ်လာသည့်အတွက် ဒီဖက်ကလည်း ကုပ်ကျိုးချပြီး နှာခေါင်းသံနှင့် စကားလေးလုံးမကွဲအောင် လေးတွဲ့တွဲ့နှင့် ပြောရလေတော့သည်။

“မြတ်. . . နိုး. . . ရယ်. . ငါဟာ နင့်အတွက်ဆို ပတ်ဝန်းကျင်ကို စိမ်ခေါ်ပြီး နေထွက်သောညမှာ စံအိမ်ကိုစိန်နဲ့ မွန်းထားချင်လို့ ရွှေလဝန်းကို ခွင်းမည့်သူပါဟာ၊ နင့်ရင်ဘတ်ကြီးထဲမှာ ငါ့အတွက် နေရာပိစိညှောင့်တောင့်လေးတစ်ခုတောင် မပေးနိုင်ဘူးလားဟင်. . . ဟင်”

“မပေးနိုင်ဘူးဟေ့. . . မပေးနိုင်ဘူး၊ နင့်အတွက် နေရာလုံးဝမရှိဘူး”





“ဒါဖြင့်လည်း တိကျတဲ့အဖြေတစ်ခုခုတော့ ပေးခဲ့ပါဟာ”

“ဘာအဖြေပေးရမှာလဲ. . . ဒီထက်ရှင်းတဲ့အဖြေမရှိဘူး၊ ဘာမှ ရှုပ်ရှုပ်ယှက်ယှက် ငါမစဉ်းစားချင်ဘူး၊ ငါ့ခေါင်းထဲမှာ ဒီနှစ်စာမေးပွဲ နှစ်ချင်းပေါက်ဖို့ပဲ ရှိတယ်”

“နင့်ခေါင်းထဲက စာမေးပွဲ နှစ်ချင်းပေါက်ချင်ပေါက်ပါ၊ နင့်ရင်ထဲကိုတော့ သားလတ်ကို ထုတ်ချင်းပေါက် ရောက်မလာပါစေနဲ့ မြတ်နိုးရယ်”

“ဘာ. . . တက်နေစိုး၊ အဲဒါ ငါ့ကိစ္စ၊ နင်နဲ့ သားလတ်နဲ့ ဘာမှမဆိုင်ဘူး. . . မှတ်ထား”

သူမ၏နှုတ်ထွက်စကားတွေက အစာသိုး စမူဆာ ဝါးရသည်ထက် အက်ဆစ်ပိုပါပုံ ရသည်။

သူ့တစ်ကိုယ်လုံးပင် ထုံကျဉ်တက်သွားရလေပြီ။

ဝသုန်မြတ်နိုး၏ကျောပြင်ကို ရပ်ငေးကြည့်ရင်း သူ့အလိုလိုဝမ်းနည်းလာမိသည်။ ကျွမ်းနင့်စွာ လွမ်းခွင့်ရှိသူအတွက် လွမ်းချိန်ရမည်ဆိုပါက စန္ဒရားချစ်ဆွေနှင့် ကိုတင်လှိုင်သီချင်းတို့ကို ခပ်မှိုင်းမှိုင်း မျက်နှာပေးလေးနှင့် တိုက်ပုံလေး ပခုံးပေါ် တင်၍ ဆိုလိုက်ချင်ပါသည်။

လတ်တလော အစိမ်းတိုက် ရှုံးနိမ့်ခြင်းတရားကို ခံနိုင်စွမ်း သူ့မှာမရှိတော့ပါ။

သူ့အတွက် မြင်မြင်သမျှအရာတိုင်း အကျည်းတန်နေ၏။ တက်နေစိုး၏ဦးတည်မဲ့ ခြေလှမ်းရွေ့ရွေ့က ဦးတည်ချက်မဲ့ အရပ်တစ်ခုသို့ ဦးတည်ခဲ့မိလေသည်။

တစ်ခွက်သောက်ရုံနှင့် ဘဝင်ရောက်ဖို့ ခပ်သွက်သွက် အရောက်နှင်နေသည့် ပါရမီရှင်များကြား. . .

သူ ဇွတ်တိုးဝင် လာခဲ့မိလေပြီ။ ဖြစ်ချင်တာ မဖြစ်မှတော့. . . ဖြစ်ချင်ရာဖြစ်ဆိုပြီး ကြားဖူးနားဝရှိသမျှနှင့် သူ ခပ်တည်တည် အမိန့်


www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၏။

"ဟော့. . . ဝိတ်တာ၊ ငါ့ကို ဘီယာသုံးပက် ပေးကွာ"

"ဘီယာကို ပက်ချင့်နဲ့ မရောင်းပါဘူး၊ ပုလင်းနဲ့ပဲ ရောင်းပါတယ် ဆရာ"

"အေး. . . ဒါဆိုလည်း ဘီယာတစ်ပုလင်းချ၊ ကန်စွန်းရွက်ကြော် တစ်ရာဖိုးပါ ယူခဲ့"

"ကန်စွန်းပလိန်းက လေးပုံတစ်ပုံ ခွဲမရောင်းပါဘူး"

"ကောင်းပြီ. . . ကန်စွန်းပလိန်း တစ်ပွဲ"

အူရှိုင်းဖြစ်ပြီး တစ်ခါမှ မတစ်ခါဖူး၍ ဘီယာတစ်ပုလင်းမှာ သူ့အဖို့ မူးရန်လုံလောက်ရုံမက ဟိုဘက် နှစ်ဘူတာလောက် လွန်သွားသည်။ သိုင်းပြောင်းပြန် ဆယ့်နှစ်ကွက်ဖောက်ချွန်းအကွက်ဖြင့် နင်းလျှောက်လာသည့် တက်နေစိုးမှာ အမူးဒီဂရီ တက်လာသည်နှင့်အမျှ အသက်ရှူ တဖြည်းဖြည်း ခက်ခဲလာသောကြောင့် နီးစပ်ရာဆေးခန်း တစ်ခုသို့ ဝင်ပြလိုက်သည်။

ဆရာဝန်မတစ်ဦးက သူ့ကို စမ်းသပ်ပေးပြီးနောက်. . .

"အေး. . . မင်းမှာ အယ်ကိုဟောနဲ့ မာတ်မတည့်တဲ့ရောဂါ ရှိနေတယ်၊ တို့ ဆေးစာရေးပေးလိုက်မယ်. . ဟုတ်လား"

"အဲဒီဆေး ဝယ်သောက်လိုက်ရင် ပျောက်ပြီပေါ့နော် ဒေါက်တာမမ"

"တို့လည်း အဲဒါကို သိချင်နေတာ"

ဘာမှဆက်မပြောတော့ဘဲ သူ ဆေးခန်းမှ ရီဝေစွာ ပြန်ထွက်လာခဲ့သည်။ အဆင်မပြေ အလိုမကျမှုများက သူ့ရင်ထဲမှာ ခွေးသေကောင်ပုပ် လောက်ကျသလို ရွစိတက်လာခဲ့၏။

တက်နေစိုးအတွက် မျှော်လင့်ချက် ပမာဏထုထည်တို့သည် အခြေခံ ဒေတာအလွဲနှင့် ပရိုဂရမ်ဖော်မြူလာအမှားတို့ကြောင့် သွက်





သွတ်ခါ ကိုယ်ကျိုးနည်းပြီး သွက်သွက်လည် ရင်ကျိုးကွဲနေရသည်။

မြို့စွန်ခန်းမနားအရောက်မှာ မီးတထိန်ထိန်နှင့် အင်ဒိုနီးရှားဗိုလာဘာလီ သီချင်းတီးလုံးသံစဉ်များ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေသည်မို့ သူ ခန်းမဆီ ရောက်သွားသည်။

"ဟင်. . . အား/ကာရံပုံငွေ ဖော်ပင်ရှိုးပွဲ(အဲ. . )ဖက်ရှင်ရှိုးပွဲဆိုပါလား. . . စိတ်ပြေလက်ပျောက် ဝင်ကြည့်ဦးမှ"

ရှပ်ကီအရှိန်နှင့် အပေါက်ဝ တန်းဝင်တော့ ရင်ဝကို တွန်းထားသည်က ရင်ဘတ်တံဆိပ်ပြူးပြူးကြီးနှင့် ဘောင်းဘောင်းဝတ်များ။

"ညီလေး. . . လက်မှတ်မပါရင် ဝင်ခွင့်မရှိဘူး"

"ဘာလက်မှတ်လဲ"

"ဝင်ခွင့်လက်မှတ်ပေါ့ကွ"

တာဝန်ရှိက ပျူပျူငှာငှာ ချိုချိုသာသာ ငေါက်လာသည်မို့ သူ့ဘယောင်ကတမ်းဖြင့် အကျီအိတ်ထဲ ဟိုစမ်းသည်စမ်း လုပ်မိတော့ ဒေါက်တာမမ၏ဆေးစာကို စမ်းသပ်မိသွားသည်။ ဘာရယ်ညာရယ် မဟုတ်ဘဲ ထိုပုဂ္ဂိုလ်များလက်ထဲ ထိုးထည့်ပေးလိုက်တော့ တစ်ယောက်က မျက်မှန်ပင့်၍ ခပ်ဝင့်ဝင့် ဖတ်ကြည့်လိုက်ပြီး. . .

"ဟာ. . . ညီလေးရေ ဆောရီးနော်. . . ဆောရီး၊ အစ်ကိုတို့ကလည်း တာဝန်အရ လုပ်ရတာပါ"

"လာပါ. . . ဝင်ပါ၊ ကဲ. . . ကိုအောင်ရေ ဒီညီလေးကို ဗီအိုင်ပီ ခုံနံပါတ်ဆယ့်ရှစ်ကို နေရာလိုက်ချပေးလိုက်ပါဦး၊ သူက မေတ္တာလက်ဆောင် အထူးလက်မှတ်နဲ့ဗျ"

သူ ယောင်တောင်ပေါင်တောင်နဲ့ ပွဲခင်းခန်းမထဲ ရောက်ရှိသွားသည်။ စတိတ်စင်မြင့်ပေါ်မှာတော့ ကိုယ်ဟန်ပြမယ် ခေါ်လား ဘာလား ညာလား မသိသောသူများ နောက်ဆုံးပေါ် ဝတ်စုံဒီဇိုင်းမျိုးစုံ ဝတ်ပြီး ဟန်ရေးပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့သာ ကြည့်ရ. . . သူ့အမြင်ကတော့ အရက်ခိုးရိုက်မူးဝေဆဲမို့ တယ်လည်း မသဲကွဲချင်။

မသဲကွဲပေမယ့် သူ့ရင်ထဲက သဘောထားကိုတော့ ဘေးခုံမှ တစ်ယောက်ကို လက်ကုပ်ပြီး ထုတ်ဖော်ပြောလိုက်သည်။

"တကယ့် ဖွတ်ဖလိုးပဲ. . . ကြည့်ပါဦး၊ နွေရာသီ အပန်းဖြေဝတ်စုံဆိုပြီး လန်ကွတ်တီ ဝတ်ပြတဲ့ မိန်းကလေးက အရှက်နည်းလိုက်တာ"

"ဟဲ့. . . အဲဒါ ငါ့သားကွဲ့"

ဟိုက်. . . လွဲပဟာဆိုပြီး သူ ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ဆောရီးနော်. . . ကျွန်တော်က မိန်းကလေးထင်လို့ ပြောလိုက်မိတာပါ။ စိတ်မရှိပါနဲ့ အန်တီ"

"ဟေ့ကောင်. . . ငါ သူ့အဖေကွ"

သူ့ခေါင်းမွေး ထောင်ထသွားအောင် ဟိန်းလိုက်သည့် အသံကြောင့် လက်ကျန်အမူးများ ကောက်ခါငင်ခါ ပျောက်သွားပြီး ရုံအပြင်သို့ ကမူးရှူးထိုး ပြန်ထွက်ခဲ့ရတော့သည်။

တစ်နေကုန် မှားလို့ရယ်တဲ့မှ မကုန် ဖြစ်နေမှတော့ အိမ်ပြန်အိပ်ချလိုက်တာပဲ ကောင်းပါတော့မည်ဟု သံမိဋ္ဌာန်ခိုင်ခိုင် ဆောင်ပြီး သူ တပ်ခေါက်ပြန်လာခဲ့ပါတော့သည်။

ဒါတောင် အမေ့အိမ်နှင့် တစ်ခုလပ် ဒေါ်လွင်လွင်အောင်ပဲလှော်ဖို မှားဝင်အိပ်မိဦးမလို့ တဲတဲကလေး လိုတော့သည်. . .။







(၇)

"ဒါ မင်းကို လျှို့ဝှက်တိုင်ပင်စရာရှိလို့ ဒီနေရာကို ချိန်းတာကွ"

"ငါ သဘောပေါက်ပါတယ် တက်နေရယ်၊ ငါ့ဆီက ပိုက်ဆံချေးမလို့ဆိုတဲ့ကိစ္စနဲ့ ဒေါ်လာ(၂၅)သန်းတန် အိုစမာဘင်လာဒင်ကို ရှာခိုင်းတဲ့ကိစ္စကလွဲရင် ဘာဖြစ်ဖြစ်ပြော၊ ငါကူညီဖို့ အသင့်ပဲ"

"ဘင်လာဒင်က. . . ရှောသွားပြီလေ. . ."

ဆန်နီဘို့ုင်းသည် တက်နေစိုး ပါးစပ်တစ်ချက် ဟလိုက်သည်နှင့် အူအခွေတင်မက ပင်နီစကုပ်ဖြင့် အစာအိမ်လမ်းကြောင်းထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်သကဲ့သို့ နိုက်နိုက်ချွတ်ချွတ် ကွက်ကွက်ကွင်းကွင်း မြင်ရသူပမာ ပြောလိုက်သည်။

"ငါဟာ မိကောင်းဖခင် သားတစ်ယောက်ပီပီ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်တယ်ဆိုတာ မင်းသိတယ်နော်"

"သိပါတယ်. . . မင်းအမေရော အစ်မနှစ်ယောက်စလုံးက အလုပ်ကိုယ်စီနဲ့ပဲဟာ"

"ဟာ. . ဖွတ်ဖလိုးပဲ ဆန်နီရေ ငါဆိုလိုတာက. . . အဲ. . ဘာလဲဟင်"

"အဲဒါပေါ့ တက်နေရယ်. . . အဲဒါပေါ့"

ချက်ခနဲဆို ဗိုက်ကပ်နေတတ်သူနှင့် အထာနပ် ဖျတ်ဖျတ် ဖျတ်ဖျတ်ဖြစ်နေသူ ဆိုးဖော်တေဖက်တွေမို့ အတိုင်အဖောက်က (ကန်တော့ပါရဲ့) သောက်တစ်လွဲ။

"ဆန်နီရာ. . . မင်းခံစားကြည့်ကွာ"

"အာ. . . ဟဲ့ကောင် မလုပ်နဲ့၊ ငါ မခံစားနိုင်ဘူး"

ပြောသာပြောရသည် တက်နေစိုးမျက်နှာက မြစ်ရေတိုက်စားကမ်းပါးပျက်လို ဖြစ်နေသည်မို့ ဆန်နီဘွိုင်လည်း မျက်နှာထားကို ပြင်လိုက်ရသည်

"မင်း ငါ့ဝေဒနာကို အလိုက်ပေးပြီး နေရာရွှေ့ဖို့ မကြိုးစားပါနဲ့ သူငယ်ချင်းရာ၊

ငါ့ကို မချစ်နိုင်တာ ဝဋ်နာကံနာလို သဘောထားနိုင်ပေမယ့် ခါးခါးသီးသီး တုံ့ပြန်ဆက်ဆံတာကတော့ ဟတ်ထိတယ်ကွာ"

အထာသိ အညာသိ လေချွန်နတ်ဟောဆရာလို ဆန်နီဘွိုင် မျှော့ကြိုးငင်ရတော့၏။

"အေးပါ. . . ငါနားလည်ပါတယ် တက်နေရာ၊ မင်း ဖီးလ်တွေ





ဖွတ်တင်မနေနဲ့ ကမ်းပါးပြိုကျရင် အားလုံး. . ဂိန်"

"ဟေ့ကောင်. . . ဆန်နီ ဖွတ်ဖလိုး၊ မြတ်နိုးနဲ့ ပတ်သက်ရင် ဓာန်သင်းရိုးကို နွားဖျဉ်းထိုးသလို (အဲ. . )ငါ သူ့ကို မရရင် မက်တတ်ငုတ်တုတ် ကိစ္စပြုတ်တော့မှာကွ၊ မင်းပဲ သိပစေ၊ ဘယ်သူမှ မသိစေနဲ့"

ဘယ်သူမှ မသိသလို ဆန်နီဘွိုင်းလည်း မသိပါ။

ထို့ကြောင့် ရိုးသားစွာပင် သတ်သတ်လွတ် မေးခွန်းဖြင့် အရှက်ဆွမ်းပို့လိုက်ရသည်။

"အဲဒီတော့ တက်နေ ရှင်းရှင်းပြော၊ မင်း ဘာလုပ်ချင်သလဲ"

"ဘာလုပ်ချင်သလဲဆိုတော့. . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

တီးတိုးပလမ်အဆုံးမှာ ဆန်နီဘွိုင်းက တက်နေစိုးပေါင်ကို ရိုက်ပြီး ဥဒါန်းကျူးလေသည်။

"ဟုတ်ပြီ. . အိုကေ. . အဲဒီအချိန်ကျရင် လိုက်ဖက်တာတွေက တောင်ရှည်ပုဆိုးနဲ့ တိုက်ပုံနဲ့ ခေါင်းပေါင်းနဲ့ ရေခဲမုန့်ကိတ်မုန့်နဲ့ ဝက်သားတုတ်ထိုးနဲ့ ပေါက်စီနဲ့ မင်းကြီးဒေါ်နဲ့ ကုလားကြီးနဲ့. . ."

"ဟေ့ကောင် ဆန်နီ. . . ဖွတ်ဖလိုးတဲ့မှပဲ၊ မင်းစကားတွေက ချော်တောငေါ့ကုန်ပြီ"

"အေးပါ တက်နေရာ၊ ငါလည်း လိုက်ဖက်တာတွေ ပြောရင်း အရှိန်လွန်သွားလို့ပါ. . ဟီး. . ဟီး၊ စာမေးပွဲတွေဘာတွေ နောက်ချိတ်ပြီး စွတ်တင်မယ်ဆိုတော့. . . တဲ. . . ပြော၊ ဘယ်အချိန် လုပ်ငန်းစမလဲ"

တက်နေစိုး တွေခနဲ တစ်ချက်စဉ်းစား၏။

အတော်တွက်ချက်လိုက်ရဟန်တူသည်။ (၇)စက္ကန့်မျှအကြာမှာ ပြတ်သားသောဆန္ဒကို လှစ်ဟရှာ၏။

'ဒါမျိုး ဖြစ်နိုင်သမျှ မြန်တာ အကောင်းဆုံးပဲ၊ မီးညှိ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"အယ်. . . ဒီည"

ဆန်နီဘွိုင်း နိမိတ်ဆိုးတစ်ခု မြင်လိုက်သလို ဝိုင်းခနဲ ပါးစပ်ဟသွားရင်း. . .

"အင်း. . . နေဦးကွ. . . စိတ်သိပ်မလောနဲ့၊ ပညာရှိနှင့် မညီမဆ ပြုသမျှကား မလုစီးပွား ရေနစ်သားသို့ ဆိုတာ ဆိုက်ကားဆရာထိန်လင်း ပြောတာ ငါကြားဖူးတယ်၊ ဒီတော့ လုပ်ငန်းအောင်မြင်မယ့်အချိန်ကောင်း ရွေးရအောင် ဗေဒင်ဆရာတစ်ယောက်ဆီ သွားဖို့တော့လိုမယ်ကွာ၊ ဈေးသုံးလည်း မလွယ်နဲ့၊ ရှေးထုံးလည်း မပယ်နဲ့ဆိုတဲ့အကြောင်းကျား ကွမ်းယာသည် ကျော်ကြီး ပြောသလိုပေါ့ကွာ"

ဘုန်းကြီးကျောင်းနှင့် တရားရိပ်သာတို့ရှိ ဥပသကာ ယောဂီတွေကြားထဲ၌ ဗီဇတူ၊ ဦးတည်ချက်တူ၊ ခံယူချက်တူသူ လူစားမျိုးတွေ ရှာရဖွေရ လက်ပေါက်ကပ်သော်လည်း မဟုတ်တမ်းတရားနှင့် တုတ်ရမ်းကားမည့် သူတို့နှစ်ယောက်အတွက် အဂ္ဂလူထွက် ခွက်စောင်းခုတ် ဗေဒင်ဆရာတစ်ဦးနှင့် နဖူးစာ ရွာလည်ခဲ့ပါသည်။

ဗေဒကဝိသည် ဥပမိရုပ် ဇိကုပ်ပြီးဖြဟ္မာဘုံ ပို့မည့်ဒီဇိုင်းနှင့် အာဝိုင်း၍ဝိုင်းဆင်ပြီးသည်နှင့်. . .

"အိမ်း. . . ဦးချိုရှိတဲ့သတ္တဝါက ခွအားကိုးတယ်ဆိုလား၊ အဆိပ်ရှိတဲ့သတ္တဝါ ငယ်ပါအမြီးကို အားကိုးတယ်ဆိုလား၊ ထားပါတော့. . ငါက အတတ်ပညာရှိသူဆိုတော့ မငတ်ရုံ၊ နပ်မှန်ရုံ၊ ပညာကိုပဲ အလှဲသုံးစား လုပ်သကွဲ့. . ၊ ရော့. . ရော့. . ဟောဒီဆေးဖယောင်းတိုင်ကို ယူသွားပြီး ယုံယုံကြည်ကြည် ထွန်းကြ၊ ကြံသမျှစည်သမျှ အောင်မြင်ပြီးသာမှတ်ကွဲ့"

ဟုတ်သော်ရှိ မသော်ရှိ လူရာဝင်အောင် ခေါင်းကလေးများ စုတ်သင်ညိုလို ညိတ်ခဲ့ကြသည်။ အပျိုလိုချင်သည်ကိုး။





"ဟုတ်ကဲ့ပါ ဆရာကြီး. . . ကျေးဇူးတင်ပါတယ်၊ ကြံစည်သမျှသာ အထမြောက်ရင် နောက်တစ်ခေါက် ကလေးဇာတာဖွဲ့ဖို့ လာခဲ့ပါဦးမယ်"

ဆန်နီဘွိုင်းက တဘောင်နိမိတ်နှင့် အောင်ဟိတ်ယူပြီး နှုတ်ဆက်တော့ ဗေဒင်ဆရာက မိန့်မိန့်ကြီး။

"အေးကွယ်. . . အေးကွယ်. . . ကောင်းပါလေ့၊ ဟဲ့. . . ဟဲ့ . . . နေကြဦး. . . မသွားကြနဲ့ဦး"

"ခင်ဗျာ. . . ဘာကျန်သေးလို့လဲ၊ ကျွန်တော်တို့ ယတြာခွင်ဖိုးလာဘ်ထိုးပြီးပြီနော်"

တက်နေစိုးက အလျင်အမြန် အပေးအယူရှင်းတမ်း ထုတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်. . . ဘာမှမကျန်ပါဘူး၊ ငါလည်း ဘာမှမကြံတတ်လို့၊ ဟိုမှာ လာတဲ့ မိန်းမကြီး ငါ့ကို မေးရင် ဂန္ဓာရီခရီးကို ဘတ်စကီးနဲ့ လှည့်သွားတယ်၊ ဆယ့်နှစ်လ ကိုးသီတင်းလောက် ကြာမယ်လို့ ပြောပေးကြပါကွာ"

ဗေဒင်ဆရာကြီး ဘုန်းကြီးကျောင်း အုတ်တံတိုင်းပျက်ကြားသို့ အရှင်ထွက်သွားသည်နှင့် မရှေးမနှောင်းမှာ တက်နေစိုးနှင့် ဆန်နီဘွိုင်းတို့အနားသို့ အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသည့် အမျိုးသမီးကြီး တစ်ဦး ရောက်ရှိလာ၏။

"ဒီက ဗေဒင်ဆရာ ဘယ်ရောက်သွားလဲ"

"ဂန္ဓာရီခရီးလှည့်သွားတယ်လို့ ပြောလိုက်ပါတဲ့"

"ဘယ်လောက်ကြာမှာလဲ"

"သိဘူးလေ"

ဆန်နီဘွိုင်းက ပိရိအာသွက်သလောက် ဘွားဒေသကြီးကလည်း ထိထိမိမိ လျှာထက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . တွေ့လို့ကတော့လား၊ ဖောက်ထိုးမှန်အောင် ယတြာကောင်းတဲ့ သူ့ကို ဖောက်ထိုးဆွဲပြီး ကျွေးပစ်လိုက်မယ်. . . ဟင်း၊ ဒင်းကို တစ်သက်မကျေဘူး"

"ဘာဖြစ်လို့လဲ အဒေါ်"

"ဘာဖြစ်ရမှာလဲ. . . အိမ်မှာ ခြေနှစ်ချောင်းအထွက်မြင်တယ်၊ ဆေးဖယောင်းတိုင် ထွန်းထားပြီး ကသစ်သားတစ်ထောင် ဆောင်ထားဆိုလို့ ဒင်းကိုးစားပြီး လုပ်လိုက်တော့ ခုတော့ ဆေးဖယောင်းတိုင်မီးမငြိမ်းသေးဘူး၊ အိမ်က ဂန်းနာမက အရက်သမားကို ခိုးပြေးပြီး အိမ်ပေါ် ခေါ်တင်လာတယ်လေ"

"ဟာ. . . ကောင်းလိုက်တဲ့ အတိတ်နိမိတ်"

"ဘာပြောတယ်"

ဘွားတော် စကားအဆုံးအသတ်မှာ ကြုံးဝင်အော်လိုက်သည့် ဆန်နီဘွိုင်းစကားကို ဘွားတော်က ကုန်းဟစ်လိုက်သဖြင့် ဆန်နီ ဟျာဟျာသလဲ ဖြေရှင်းလိုက်ရသည်။

"အဲ. . . ဟုတ်ဘူး၊ အဒေါ့်ကို ပြောတာမဟုတ်ဘူး၊ ကျွန်တော့်သူငယ်ချင်းကိစ္စကို ပြောတာ"

အဆင်အချိုးက စကတည်းက ဖွတ်ဖလိုးပဲဟူသော အတွေးနှင့် သူတို့နှစ်ယောက်က အောင်ဖျာလိပ် ပြန်လာကြတော့ ညက မှောင်ပြီ။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက် ယတြာဆေးဖယောင်းတိုင်တော့ ယုံယုံကြည်ကြည် ထွန်းညှိဖြစ်ခဲ့ကြပါသည်။ ဘာဖြစ်သေးလဲ. . . ဇာဘုရင် မိဖုရားခေါင်ကြီးတောင် အဆောင်ယတြာနဲ့ အောက်လမ်းနည်း သုံးသေးတာပဲနော့လေ။







(၅)

အခုကာလ ညအခင်းသည် လငပျင်း အိပ်ပျော်နေသည်မို့ မှောင်လို့မဆုံး မည်းဖုံးပိန်းပိတ်နေသည်။ ဝန်းကျင်လောကကား တေမိခင်းသား နှုတ်ပိတ်ခံထားရသလို အာစေးမိ. . . တိတ်ဆိတ်ငြိမ်သက်။

အမှောင်နှင့်အတိတ်ကို ကရောင်းရိုက်ပြီး ချွတ်နင်းနေသူ ငနဲနှစ်ကောင်။

ခြံဝင်းထဲသို့ ခွေးတိုးပေါက်မှာ စောရမင်းလို ဝင်ခဲ့ကြပြီးနောက် အိမ်အနေအထားကို တောက်ပြားလို သုံးပတ်လှည့် လေ့လာလိုက်သည်။

"ဆန်နီ. . . ဟောဒါ မြတ်နိုးအိပ်ခန်းဆိုတာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တက်နေစိုးက အသံတိုးတိုးဖြင့် အတည်ပြုတော့ ဆန်နီဘိုင်းက တိုးတိုးသံဖြင့် ကောက်ချက်ချသည်။

"အေး. . . တို့ ဆေးဖယောင်းတိုင်အစွမ်းကြောင့် သူ့ပြတင်းပေါက် ဖွင့်ထားရပုံ ပေါ်တယ်"

"မင်းက အပြင်ဘက်မှာ လူရိပ်လူခြေ စောင့်ကြည့်ထား၊ ငါ အထဲဝင်မယ်၊ တစ်ခုခု ထူးခြားလျှင် ဆက်သွယ်လိုက်မယ်. . . အိုကေနော်"

"အေး. . . ကေ. . ."

အသင့်ပွင့် ပြတင်းပေါက်တံခါးမှ တက်နေစိုးတစ်ယောက် ဟိုက်ဒရိုဂျင် မှုတ်သွင်းထားသည့် ကြောင်တစ်ကောင်ကဲ့သို့ တက်ဝင်သွားပြီး ခေတ္တမျှ ကြာသောအခါ ဆန်နီဘိုင်ထံ ပြန်ရောက်လာသည်။

"ဆန်နီရေ. . . အဆင်ပြေချင်တော့ အခန်းထဲမှာ မြတ်နိုးတစ်ယောက်တည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်ကွ၊ နိုးပြီး ညီနိုင်းနေရင် ဝူးဝူးဝါးဝါး လုပ်နိုင်တယ်၊ ဒီတော့ အခုပုံစံအတိုင်း စောင်နဲ့ ပတ်ပြီး ပွေ့ခေါ်သွားရင် ပိုအဆင်ပြေမယ်၊ ကဲ. . . မင်းက အပေါ်ပိုင်းက ငါက အောက်ပိုင်းက မ,မယ်"

အိပ်ခန်းထဲ စောင်ခြုံအိပ်ပျော်နေသူကို သူတို့နှစ်ယောက် ခဲရာခဲဆစ် သယ်ပိုးမထုတ်ယူလာခဲ့ကြသည်။ အမှောင်ကိုပင် စိတ်မလုံသည့်အတွက် လမ်းမကြီးကို အသုံးမပြုဘဲ လမ်းသွယ်များမှ သုတ်သုတ်သွက်သွက် လျှောက်လာကြသည်။ နှစ်ယောက်သား၏ရင်ခုန်သံများမှာ ပေါက်ထွက်မတတ်။ ကျယ်လောင်မြည်ဟည်းနေသဖြင့် အိပ်ပျော်နေသူများ နိုးသွားလေမလား အကဲခတ်ကြည့်တော့ ပီဘိငှက်ပျောတုံးနှယ် တုတ်တုတ်မလှုပ်။ အကုသိုလ်တို့မည်သည် အခွင့်သာသည်နှင့် လှစ်ခနဲ ဒုတ်ဒုတ်ထိ ရောက်လာတတ်ပါ၏။

လမ်းကြားတစ်ခုမှ သူတို့နှစ်ယောက် ဖြတ်အထွက်. . .





"ဟေ့. . . ရပ်လိုက်စမ်း၊ ဘာတွေ သယ်လာတာလဲ"

ရုတ်တရက် အမိန့်ပေး ညွှန်ကြားသံနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်များက သူတို့အပေါ်မှာ ဝိုင်းလို့။

"လူ. . . လူ. . . လူမမာကို ဆေးခန်းသွားပြမလို့ပါ"

တက်နေစိုး အခြေအနေအရ ဖြတ်ထိုးဉာဏ်သုံး လုံးချလိုက်သည်။

"လူနာကို ဘာဖြစ်လို့ စောင်နဲ့ အုပ်ထားရတာတုန်း"

သည်နေရာမှာတော့ ဆန်နီဘိုင်က လျင်သည်။ မီးစင်ကြည့်ပြီး ခေါင်းခါးခြေလက် သုခုမကွက် နင်းလိုက်၏။

"ဟိုလေ. . . ငှက်ဖျား အရမ်းတက်နေလို့ခင်ဗျ"

လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှစ်ဦး သူတို့နှစ်ယောက်အပါး ကပ်လာသည်။ လက်နှိပ်ဓာတ်မီးငါးလက် ဝိုင်းထိုးထားသည့် မီးရောင်အောက်မှာ နှစ်ယောက်သား ကုလီကူမာ လုပ်ကွက်ပျောက်ပြီး တုတ်တုတ်မျှ မလှုပ်ရဲကြတော့။ ဆန်နီဘိုင်မှာ လက်ဖျားခြေဖျား အေးစက်ပြီး နားရွက်တွေ တုန်တက်လာသကဲ့သို့ တက်နေစိုးမှာလည်း မီးစကြီး တုလားအော် ငရုတ်ရည်နှင့် တို့စားထားရသလို ဖြစ်နေကြပြီ။

"ကဲ. . . စောင်ကို လှပ်ပြစမ်း၊ ဟုတ်မဟုတ် စစ်ဆေးကြည့်ရအောင်"

သွားပြီ. . .။ ဂိတ်ဆုံး ဆိုက်သွားပြီဖြစ်သည်။ မထူးတော့ပြီမို့ နှစ်ယောက်သား မျက်လုံးနှစ်လုံး စုံမှိတ်ပြီး စောင်ကို ဆွဲခွာပြလိုက်၏။

"အော်. . . အေးအေး၊ သွား. . . မြန်မြန်သွားကြ၊ စောင်ကိုလည်း သိပ်လှောင်ပိတ်ပြီး ခြုံမထားနဲ့၊ လူမမာ အသက်ရှူကြပ်နေဦးမယ်၊ အသက်က မနည်းတော့တဲ့အရွယ်ကြီးကွဲ့"

ကြားရသည့်အသံအပေါ် အူခနဲ ကြောင်သွားပေမယ့်ယောင်ခနဲ မျက်စိလေးလုံး ပြိုင်တူဖွင့်သွားပြီး ပြိုင်တူပြူးကာ အသံထွက် ပြိုင်တူ



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်လိုက်ရတော့သည်။

"ဟိုက်. . . ဖောဖ့်လိုး၊ မြတ်နိုးလည်း မဟုတ်ပါလား၊ သူ့ဘွား အေကြီးကို မှားပြီး မ,လာမိပြီဟေ့"

တာဝန်ရှိ စစ်ဆေးမေးမြန်းသူများ ထွက်ခွာသွားသဖြင့် ပြဿနာတစ်ခု အေးသွားရသည်။ သယ်ဆောင်လာသည့် အဘွားအို ယခုအချိန်ထိ အိပ်မောကျနေခြင်းက သူတို့အတွက် စေတန်နတ်ဘုရား၏ ကျီစားစောင်မမှုတစ်ရပ်ပင်။

"ကဲ. . . ဘာဆက်လုပ်ကြမလဲ တတ်နေ"

တက်နေစိုး လေပူကြီးတစ်လုံးကို အုန်းခနဲ မှုတ်ထုတ်လိုက်ရင်း မချိမဆန့် ပြောချလိုက်တော့၏။

"ခုမှ ဘာလုပ်လို့ရတော့မှာလဲ ဆန်နီရာ၊ သူ့နေရာသူ ပြန်ထားရုံပဲ ရှိတော့တာပေါ့၊ ဒီကြားထဲ နိုးလာတော့လည်း ကြုံသလို ဒိုးကြတာပေါ့ကွာ"

တက်နေစိုး၏မဆန့်အင်္ဂါ ဝေဒနာရုပ်ကြီးကို ကြည့်၍ ဆန်နီဘွိုင် ဖြေသာရာဖြေသာကြောင်း နည်းလမ်းကောင်းလေး အဆိုပြုကြည့်လိုက်လေသည်။

"ဒီလိုလုပ်ရင် ပိုမကောင်းဘူးလား တက်နေ၊ ဒီဘွားဘွားကိုပဲ ဆက်ခေါ်သွားလိုက်ကြမယ်ကွာ၊ မင်း မြတ်နိုးကို အသည်းအသန် ချစ်နေတာပဲ၊ တခြားသူအစား သူ့အဘွားနဲ့ ပေါင်းရလည်း ဖြေသာတာပေါ့ကွာ၊ ပြီးတော့ ကြည့်ရတာ အလတ်ကြီး ရှိပါသေးတယ်"

"အာ. . . ဆန်နီ ဖွတ်မသား၊ အရေးထဲ မင်းက တစ်မျိုး"







(၉)

သူ. . . ဆေးရုံ. . . ဆင်း. . . ခွင့်. . . ရ. . . ပြီ။

စိတ်ပိုင်းဆိုင်ရာ အခြေအနေအားလုံး ပုံမှန်နီးပါး ရောက်သွားပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သူ့အား နေအိမ်သို့ ပြန်ခေါ်သွားနိုင်ပြီဖြစ်ကြောင်း ဆရာဝန်ကြီးက ခွင့်ပြုလိုက်သည်။

မိခင်နှင့်အစ်ကိုဖြစ်သူကြားမှာ ရှက်စနိုးဟန်ဖြင့် ခေါင်းငိုက်စိုက်ချထားသည့် သူ့ကို ဆရာဝန်ကြီးက နှုတ်ဆက်မှာကြားရင်းမှ ချစ်စနိုး ကျီစယ်စကား ဆိုသည်။

"ကဲ. . . ပရော်ဖက်ဆာကြီး ဘာသီအိုရီတွေ တင်ပြဖို့စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com

နေတာလဲကွ"

"အဟင်း. . . ဟင်း. . . ဟင်း"

သူ မချိသွားဖြန့်ငှ် ရှက်ကျဲကျဲ ရယ်ပြလိုက်မိသည်။

သူ. . .

ဤဆေးရုံကို ရောက်စအချိန်. . .

ထမင်းလည်း ဟုတ္တိပတ္တိ မစားခဲ့၊ အဝတ်အစားတို့ကိုလည်း မကြာခဏ ဒေါသတကြီး ဆုတ်ဖြဲနေတတ်သည်။ လူနာဆောင် အခန်းထောင့်တစ်နေရာရာတွင် တစ်ဦးတည်း ငူငူငိုင်ငိုင် ထိုင်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောစဉ်းစားနေတတ်သည်။ ရံဖန်ရံခါ သမံတလင်းပေါ်မှာ လက်ညှိုးကို တံတွေးဆွတ်၍ ရေးခြစ်တွက်ချက်နေတတ်သည်။

သူ့အမည်ကို ခေါ်လျှင် မကြားချင်ယောင်ပြုနေတတ်သည်။ ဆေးရုံနေသား တစ်ပတ်ခန့်အကြာ. . .

မိခင်နှင့်အစ်ကိုဖြစ်သူတို့ တာဝန်ကျဆရာနှင့်အတူ သူ့ထံ အခြေအနေကြည့်ရန် ရောက်ရှိလာကြသည်။ သူကတော့ မှုန်တေတေလုပ် ထိုင်နေသူနှစ်ဦးကို ခြံရံ၍ အာပေါင်အာရင်းသန်သန် စကားပြောဆိုနေလေသည်။

"ဒီမှာ. . . ခင်ဗျားတို့ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်းရဲ့ဖိုတိုအက်ထရစ်အက်ဖက်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

နားထောင်နေသူတစ်ဦးက သူ့ကို မျက်လုံးပြူးပြလိုက်သည်။ ကျန်တစ်ယောက်က ထုံပေပေဟန်ဖြင့် အောက်သိုးသိုး ကြည့်နေသည်။

"ဒါလေးတောင် မသိဘူးလား၊ အနုမြူဗုံး ထွင်ခဲ့တဲ့ ဖော်မြူလာလေ၊ ရူပဗေဒသိပ္ပံဆိုင်ရာ နိုဘဲလ်ဆု ရခဲ့တဲ့ မာစတာပိစ်ပေါ့"

ဒေါသစွက်သော သမားဂုဏ်ပြဟောက်သံဖြင့် သူ့အမေးကို





ကျန်သူနှစ်ဦးက တစ်ယောက်မျက်နှာ တစ်ယောက်ငဲ့ကြည့်ပြီးနောက် ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်သဖြင့် သူကျေနပ်သွားသည်။

"အဲဒီဖော်မြူလာအရ တီထွင်ခဲ့တဲ့ အနုမြူဗုံးကြောင့် ဒီနေ့ ကမ္ဘာကြီးဟာ ကြောက်စရာအတိ ဖြစ်နေရပြီ၊ နျူကလီးယား အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပြီမို့ ကမ္ဘာ့လူသားတွေအားလုံး ထိတ်လန့်နေကြရတယ်၊ ဒီတော့ နျူကလီးယား အန္တရာယ်ကို ဆန့်ကျင်ကာကွယ်ဖို့ဟာ ကျွန်တော်တို့လူသားတွေမှာ အဓိက တာဝန်ရှိတယ်ဗျ"

"ဟုတ်တယ်. . . ရက်စ်"

"သစ်စ်ရိုက်. . . မှန်တယ်"

နားထောင်နေသူ နှစ်ယောက်က အလုအယက် နသားပါရားဖြင့် ကြောက်ဖားဖား ထောက်ခံမှုများ ရလိုက်သည့်အခါ သူ့အခန်းထဲ ခေါက်တုံ့ခေါက်ပြန် တရွတ်တိုက် လျှောက်လျက် ဆက်လက် တော်ကီပွားနေလေသည်။

"အဲဒီအနုမြူဖော်မြူလာကို အသေအချာ ဆန့်ကျင်နိုင်မယ့် နည်းလမ်းကောင်းတစ်ခု ကျွန်တော်စဉ်းစားလို့ ရထားပြီးပြီဗျ. . . သိကြလား"

"ဟာ. . . တကယ်၊ ဒါ ကျက်သရေမင်္ဂလာရှိတဲ့သတင်း"

"ကွန်ဂရက်ကျူလေးရှင်း. . . ကွန်ဂရက်ကျူလေးရှင်း"

သုံးယောက်ပေါင်းတောင် ကျပ်တစ်စိတ် မပြည့်သူများက အတိုင်အဖောက် ညီနေကြသည်။

"ဆိုတော့ကာ အိုင်းစတိုင်းက အလင်းအလျင်ကို နှစ်ထပ်ကိန်းတင်တယ်၊ ကျွန်တော်က ပက်ကျိရဲ့အလျင်ကို နှစ်ထပ်ကိန်း တင်တယ်၊ ဆိုလိုတာက ဥပမာပြောရရင် ပို့ငှ်ဝမ်းကို စကွဲယား တင်တဲ့အခါ ပိုးငှ်ဒီးရိုးဝမ်း ဖြစ်သလိုမျိုးပေါ့"

နားထောင်နေသူနှစ်ယောက်သည် တစ်ယောက်ပေါင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရိုက်ပြီး ကောင်းချီးပေးကြကုန်၏။

"တောက်. . . အကောင်ငယ်သလောက် တယ်အဆိပ်ပြင်းသတိုး၊ ဒီလိုမျိုး အတွေးအခေါ် ဆိုတာ မီဂါအိုင်ကျူအဆင့် ပါရမီရှင်တွေမှ လုပ်နိုင်တာ"

"ဟုတ်ပ့ါ. . . ဟုတ်ပ့ါ. . . အနှစ်တွေချည်းပဲ"

အခန်းတွင်းရှိ ကျန်သူ လူနာများက သူ့စကားကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ပင် မထင်ဟန်ဖြင့် အရေးမထားကြသော်လည်း အလိုက်သင့် ထောက်ခံသူတို့၏အသံကြောင့် သူ မာန်တက်အားရကြွတက်လာလေသည်။ သူ့စကားကို အရေးတယူ နားထောင်သူ ရှိသည်ဟူသောအသိကြောင့် သူ့မျက်နှာတွင် ကြည်နူးပျော်ရွှင်ပုံက ဟောင်းလောင်းပေါ်နေ၏။ သူက ပြောခွင့်သာတုန်း စကားဆက်လိုက်၏။

"ရဲဘော်တို့. . . အိုင်းစတိုင်းရဲ့ဖော်မြူလာ E=mc² ကို ကျုပ်ရဲ့ဖော်မြူလာ E=Bu² သုံးပြီး တီထွင်ချေဖျက် ထိန်းချုပ်လိုက်ရင် ဘယ်လို ချူးကလီးယားဖျူးရှင်းကိုမှ မကြောက်ရတော့ဘူး၊ ကမ္ဘာကြီးမှာ ငြိမ်းချမ်းပြီး စိတ်ချလက်ချ အိပ်နိုင်ပြီဗျို့. . . ဟား. . . ဟား. . . ဟား"

"ဝေး. . . ဟေး. . . ဟေး. . . စိတ်ချလက်ချ အိပ်နိုင်ပြီတဲ့ဟေ့"

"အခုမှပဲ စိတ်ချလက်ချ အိပ်ရတော့မယ်. . . ပျော်လိုက်တာ"

နားထောင်နေသူနှစ်ဦးတို့သည် ကြမ်းပြင်ပေါ် ပက်လက်မှောက်ခုန် လှဲချရင်း လွတ်လွတ်ကျွတ်ကျွတ် အိပ်ပျော်သွားကြသည်။ သည်တော့မှ သားကြီးမောင်က ညီဖြစ်သူကို အသံပြုလိုက်သည်။

"ဟေ့ကောင်ကြီး. . . ဒီနေ့တော့ ပြုံးရွှင်လို့ပါလားကွ"

"ဘာ. . ဘာဟေ့ကောင်ကြီးလဲ. . . ပရော်ဖက်ဆာကြီးလို့ခေါ် စမ်း၊ လူကိုများ မလေးမစားနဲ့၊ ဟေ့. . . လူကို မယုံကြည်ရင်နေ၊

ရာထူးကိုတော့ ရှိသေမှပေါ့. . . ဟွန်း"

သူ့စိတ်ပျော်ရွှင်နေခိုက် အစ်ကိုဖြစ်သူ၏နှုတ်ဆက်သံက အနှောင့်အယှက်ဖြစ်သွားပုံရသည်။ ချက်ချင်းကြီး အပြောင်းအလဲဖြစ်ကာ ဒေါသတကြီး တုံ့ပြန်ပြောဆိုလိုက်သည်။ တာဝန်ကျဆရာဝန်က လိမ္မာပါးနပ်စွာဖြင့် အခြေအနေကို ဝင်ထိန်းပေးလိုက်ရသည်။

"ဟဲလို. . . ပရော်ဖက်ဆာကြီး နေကောင်းတယ်နော်"

"နေကောင်းလို့ အခုလို တွေ့ရတာပေါ့၊ နေမကောင်းရင် သေပြီပေါ့၊ သေပြီဆိုတာ ဂန့်သွားတာ၊ ဂိန်သွားတာ၊ ရှောသွားတာ၊ မာလကီးယားတာ၊ မာလကီးယားတယ်ဆိုတာ လူပိန်း နားလည်အောင် ပြောရရင် ကွန်လွန်တာ၊ အနိစ္စရောက်တာ၊ ဇီဝိန်ချုပ်တာ၊ ပညာသည်စကားနဲ့ ပြောရရင် ရှောဘရားသားဖြစ်တာ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ဒီမှာ ပရော်ဖက်ဆာကြီးရဲ့အမေနဲ့ အစ်ကိုတို့ကို စကားလေးဘာလေး ပြောပါဦး"

တာဝန်ကျဆရာဝန်က သူ့အာရုံကို တစ်ဖက်သို့ လှည့်ပေးကြည့်၏။ သို့သော် ညွတ်မျှ. . . မညွတ်။

"ဟင့်အင်း. . . မပြောအားသေးဘူး၊ ဒီက အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ဆက်ပြီးဆွေးနွေးစရာတွေ ရှိသေးတယ်၊ ဒါကြောင့် မီယာမီကမ်းခြေမှာ အပန်းဖြေရင်း တွေ့ဆုံနေကြတာ"

"ဘယ်က အရေးကြီးပုဂ္ဂိုလ်တွေလဲ"

"ပရော်ဖက်ဆာကြီး. . ."

"ဒီပုဂ္ဂိုလ်က အမေရိကန်သမ္မတကြီး ဆဒမ်ဂေါ်ဗာ ဘင်လာဒင်၊ သူက အင်္ဂလန်ဝန်ကြီးချုပ် ဂျွန်ဂျက်ကီးစောကပူး၊ အခု သူတို့နဲ့ ဆွေးနွေးနေတာက ချူးကလီးယားအန္တရာယ် ကာကွယ်ဖို့ကိစ္စ"

ပြောရင်း တုံးလုံးပက်လက် နှစ်ယောက်ကို သူ့ခြေထောက်နှင့်ခတ်ပြီး အချက်ပေးလိုက်သည့်အခါ. . .







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ကျွန်တော်က အမေရိကန်သမ္မတကြီးပါ"

"ဟုတ်ကဲ့. . . ကျွန်တော်က အင်္ဂလန်ဝန်ကြီးချုပ်ပါခင်ဗျာ"

လူးလဲထပြီး ထိုလူနှစ်ယောက်က ခပ်တည်တည် လက်ဆွဲနှုတ်ဆက်လိုက်သဖြင့် တာဝန်ကျဆရာဝန်နှင့် မိခင်ရော အစ်ကိုပါ ဟန်မဆောင်နိုင်တော့ဘဲ ရယ်ကျဲကျဲ ဖြစ်ကုန်ကြသည်။ ဆရာဝန်များ နားနေခန်းသို့ ပြန်ရောက်သည့်အခါ မိခင်ဖြစ်သူမှာ မျက်ရည်မထိန်းနိုင်စွာ ဝမ်းပမ်းတနည်း မေးရှာသည်။

"ဆရာရယ်. . . ကျွန်မသားလေး ပြန်ကောင်းလာပါဦးမလားဟင်"

"အင်း. . . . အခုလို အခြေအနေအတိုင်းဆိုရင် အနည်းဆုံး (၆)လလောက်တော့ ဆေးရုံမှာ ထားရလိမ့်မယ်၊ အားဆေး ထိုးဆေးတွေ အကူအညီနဲ့ စနစ်တကျ ကြပ်မတ်ကုသပြီး မဲန်တယ်ထရိမင့် လုပ်ရမှဖြစ်မယ်"

ဤကဲ့သို့. . .

ဤကဲ့သို့သော အဖြစ်အပျက်များစွာ. . .

ကြုံတွေ့ဖြတ်သန်းခဲ့ရသော အနှီဖြစ်ရပ်များကို ခပ်ရေးရေးဝါးဝါး မှတ်မိနေသည့်အတွက် ရှက်ရွံ့ထူပူကာ သူ ခေါင်းငုံ့ထားခဲ့ခြင်းဖြစ်သည်။ ဆရာဝန်ကြီးက ဆေးရုံဆင်းကတ်ပြားကို လက်မှတ်ရေးထိုးကမ်းပေးလိုက်ရင်း သူနှင့်မိခင်ကို သိမ်းခြုံကြည့်၍. . .

"မောင်သားလတ်ကို အသက်က ခု ဆယ့်ရှစ်နှစ်ထဲမှာဆိုတော့ အသက်နှစ်ဆယ်မပြည့်မချင်း ခြောက်လတစ်ကြိမ် လာပြန်ပြရမယ်၊ ဒီကြားထဲ အမြဲစွဲစားဖို့ ဆေးတွေကိုလည်း မှန်မှန်ဂရုစိုက် သောက်ပေးရမယ်နော် သား"

"ဟုတ်ကဲ့ခင်ဗျ"

သူ တရိုတသေ ဖြေလိုက်ပြီးသည်နှင့် မိခင်က သူ့မျှော်လင့်





ချက်ကို ဆရာဝန်ကြီးထံ စုံစမ်းအကြံတောင်းခံ၏။

"ကျွန်မသားလေး ဒီနှစ် တက္ကသိုလ်ဆက်တက်ဖို့ ဖြစ်နိုင်ပါ့ဦးမလား ဆရာကြီးရှင့်"

ဆရာဝန်ကြီးက နှစ်သိမ့်မျက်လုံးဖြင့် လေသံအေးအေးထားပြောသည်။

"အင်း. . . ဦးနှောက်ကို သိပ်အလုပ်မပေးရင် အကောင်းဆုံးဆိုတော့. . . အင်း. . ဟိုဟာ. . . ဘာပဲဖြစ်ဖြစ် ရောဂါပျောက်ဖို့ အဓိကဖြစ်နေတော့ကာ. . . အင်း. . ."

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ကျွန်မ နားလည်ပါပြီရှင့်၊ သူ့စိတ်တွေ အကောင်းတိုင်း ပုံမှန်ဖြစ်သွားရင်ပဲ ကျေနပ်ပါပြီလေ"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ အချိန်တွေ အများကြီး ရှိနေသေးတာပဲနော်. . . ဟင်း"

မိခင်ဖြစ်သူ ဒေါ်သက်ငုံဖူး၏သက်ပြင်းရှိုက်သံသည် မိခင်စေတ္တာ ပြည့်လိုမှုပြီး သူ့အရှိုက်ကို လိုက်ခနဲ လှုပ်လိုက်သဖြင့် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထကာ မိဘတို့၏ချစ်ခြင်းအပေါ် လေးမြတ်စွာ ဦးညွှတ်မိခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# (၁၀)

နေအိမ်သို့ သူပြန်ရောက်ခဲ့သည်မှာ နှစ်လကျော်ခန့် ရှိနေချေပြီ။ သူ့အိမ်သားများမှလွဲ၍ တခြားမည်သူ့ကိုမျှ တွေ့ချင်စိတ် မရှိသဖြင့် အိမ်တွင်းအောင်း၍သာ နေခဲ့လေသည်။

သူ. . ယခင်အဖြစ်အပျက်များနှင့် ပတ်သက်၍ သူငယ်ချင်းများ သရော်လှောင်ပြောင်ကြမည်ကို စိုးရွံ့စွာ တွေးတောပူပန်နေမိသည်။

သူ. . အခြားသူများအချင်းချင်း စကားတီးတိုး ပြောဆိုနေလျှင်ပင် သူ့အကြောင်း ပြောနေကြခြင်းဟု ထင်မြင် အနေကျုံ့နေမိသည်။





သူ ကြည့်လေမြင်လေရာ စိုးထိတ်စိတ်ဖြင့် ကိုယ့်အရိပ်ကိုကိုယ် ခြောက်ရွံ့စွာ လိပ်ပြာမလုံခြုံသလို ခံစားနေရလေသည်။ သည်တော့. . .

သူ. . ပတ်ဝန်းကျင်ကို ရှောင်ရှားကာ အိမ်တွင်းပုန်းမင်းသားအဖြစ် တစ်ကိုယ်တော် ပြုမူနေခဲ့သည်။

သူ နံနက် နေထွက်သည်နှင့် အိပ်စက်တော့သည်။ နေဝင်ချိန် မိုးကြီးချုပ်မှ အိပ်ရာထသည်။ သူ့ဘဝ သူ့ကမ္ဘာအတွက် နေထွက်နေဝင် သင်္ကေတသည် ပမာန မကျတော့။ နေ့သည် ညဖြစ်၍ ညသည် နေ့ဖြစ်နေသည်။

သူ ညဘက် လူခြေတိတ်သည့်အခါ ခြံထဲ ဆင်း၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်တတ်သည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိပါက ခြံဝင်းထောင့်ရှိ ညမွှေးပန်းရုံအောက်က ခုံဝိုင်းလေးမှာ ဂစ်တာတီးပြီး သီချင်းညည်းဆိုနေတတ်သည်။

သူ တစ်ကိုယ်ရည် စိတ်ဖြေလျှော့စရာကို ညတာမှာ အဖော်ပြုရှာဖွေ၍ တည်ဆောက်သည်။

သူ ဝသုန်မြတ်နိုး အိမ်ကို လာလည်တိုင်း အတွေ့မခံဘဲ အသံတိတ်ဖြင့် အခန်းပိတ် ငြိမ်နေလေ့ရှိသည်။ သူမ တံခါးခေါက်ပြီး အပြင်မှ ညှို့မျှအော်ဟစ်နေစေကာမူ လုံးဝ တံခါးဖွင့်ပေးလေ့ မရှိချေ။ ဒေါ်သက်ငုံဖူးက စိတ်မချမ်းမြေ့ဟန်ဖြင့် ဝသုန်မြတ်နိုး၏မျက်နှာကို ငေးရီရီကြည့်ရင်း. . .

"သုန်သုန်. . . သမီးလေးရယ်. . . သုန်သုန့်ဒုက္ခကလည်း သေးပါလားကွယ်. . . ဟင်း"

"သုန်သုန်. . သားလတ်ကို နားလည်နိုင်ပါတယ် အန်တီ၊ ဒါပေမယ့် သမီးဟာ သူ့အတွက် တခြားလူမှ မဟုတ်တာ၊ တွေ့ရဲဆုံရဲသင့်တာပေါ့. . . မဟုတ်ဘူးလား"

ညှိုးရော်ရော် ဖွဖွနုတ်ခမ်းအလှုပ်နှင့် ကြွေရုပ်လို ပိုးအိပ်ဖြူမ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကြည့်ပြီး ဒေါ်သက်ငုံဖူးစိတ်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့

"သုန်သုန်. . . သားလတ်က ညမင်းသား လုပ်နေတာလေ သမီးရဲ့၊ သူနဲ့ စကားပြောချင်ရင် ညဖက်ကျမှ တွေ့လို့ရမှာ၊ ဒါတောင် ရှက်လို့ဆိုပြီး အတွေ့ခံပါ့မလား မသိဘူး"

"အင်းလေ. . . အန်တီရယ်၊ သားလတ်ကလည်း ရှက်စရာ မဟုတ်တာကို ရှက်နေတယ်၊ သုန်သုန်ကလည်း သူနဲ့ စကားတွေအများ ကြီး ပြောချင်လို့ တွေ့မယ့်ဥစ္စာ၊ အင်းလေ. . . ဘာပဲဖြစ်ဖြစ် အနု လောက် အခြေအနေ ပြန်ကောင်းလာတာကိုပဲ သုန်သုန်တို့ ဝမ်းသာ ကျေနပ်ရမှာပဲပေါ့ အန်တီရယ်၊ သုန်သုန် ပြန်လိုက်ဦးမယ်နော်"

"အေး. . . အေးပါကွယ်"

လေးတွဲ့တွဲ့ခြေလှမ်းဖြင့် နှုတ်ဆက်ထွက်ခွာပြန်သွားရှာသည့် ဝသုန်မြတ်နိုး ကျောပြင်နွဲ့နွဲ့ကို ကြည့်ရင်း ဒေါ်သက်ငုံဖူး ခေါင်း တယမ်းယမ်း မျက်ရည်အဝဲသားနှင့် ငေးကြည့်ကျန်ရစ်ခဲ့တော့သည်။

သူ. . . ယခင်အခြေအနေလို ဆိုးဆိုးဝါးဝါး မဖြစ်တော့ပါ။ ဆေးရုံဆင်းပြီးနောက်ပိုင်းမှာ ပုံမှန်နီးပါး ကောင်းမွန်လာခဲ့လေသည်။

သူ. . စားချိန်အိပ်ချိန်တို့ အပြောင်းအလဲ ရှိသော်ငြား ပုံမှန်လူ တစ်ယောက်ကဲ့သို့ စားသောက်၊ အိပ်စက်၊ ရေချိုး၊ စာဖတ်၊ ဂစ်တာတီး စသဖြင့် လှုပ်ရှားနေသည်။

သူ စိတ်လိုလက်ရ ရှိသောကြောင့် ခြံပြင်လမ်းထောင့် မာတ်မီး တိုင်မှ မှုန်ဝါးဝါး အလင်းရောင်အားဖြင့် ခြံထောင့် ညမွှေးပန်းရုံအောက် မှာ ဂစ်တာထိုင်တီးနေမိသည်။

သူ မကြာမီ အချိန်ပိုင်းအတွင်း အနေးနှင့်အမြန် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာတော့မည် မခိုတရို့ အရှက်ဦးကို ရင်ဖွင့်စော ဆိုင်းရင်း လက်တွင်းက ဂစ်တာကို သေသပ်စွာ ခေါက်လိုက်သည်။

× × × ရိုးသားလွန်းတဲ့သိုးဟာ × × × ကောက်ကျစ်တက်တဲ့ ချက်နှာနဲ့ × × ×

× × × နူးညံ့လွန်းတဲ့အကြည့်မှာ × × × ရက်စက်တတ်တဲ့ အရိပ်တစ်ခုနဲ့ × × ×

× × × ယုံကြည်တာတွေကို × × × မြောင်းထဲ လွှင့်ပစ် . . . မကြုံနဲ့ × × ×

× × × ရှုးချင်ယောင်ဆောင်မနေနဲ့ × × × (ရဟူး. . .) × × × × × ရှုးချင်ယောင်ဆောင်မနေနဲ့ × × ×

× × × ရှုးချင်ယောင်ဆောင်မနေနဲ့ × × × ဟိတ် × × × ရှုးချင်ယောင်ဆောင်မနေနဲ့ × × ×

သားလတ်ကို တစ်ကိုယ်တော် ဝမ်းမင်းရှိုးကို တစ်ပွဲမလွတ် အမြဲမပြတ် အားပေးခဲ့သူမှာ တစ်ဖက်ခြံမှ ဝသုန်မြတ်နိုးပင်ဖြစ်သည်။

သူမ ယခင့်ယခင်ညများက သားလတ် ဂစ်တာတီးတိုင်း အနား သွားထိုင်ကာ အားပေးချင်သော်လည်း အိမ်ထဲ ပြန်ဝင်ပြေးမည်ကို စိုးရိမ်သဖြင့် မသွားဖြစ်ခဲ့ချေ။

သူမ. . သားလတ် စိတ်အနှောင့်အယှက်ဖြစ်သွားမည်ကို မလို သား၍ နေအိမ်ပြတင်းတံခါးနံဘေးမှသာ ငေးရီမျှော်မော နားထောင် ဖြစ်ခဲ့သည်။

သူမ ယနေ့ည သားလတ်၏စိတ်အေးလက်ပါ တီးခတ်သီဆို မှုကြားမှာ ညို့ငင်ခံနေရသည်။

သူမ. . . မချင့်မရဲစိတ်နှင့် တောင်ပံဖျတ်ဖျတ်လူး လိပ်ပြာနှယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သူမ မျက်ဝန်းတစ်ကမ်း နားအလှမ်းဝေးဝေးမှ ပုဝါတစ်ကမ်း နှင်းနားကပ်မျှ သံစဉ်ထဲ စီးမျော. . . ဂီတထဲ ကူးခတ်ချင်လာသည်။

သူမ ရင်ဆာဆန္ဒကို လရောင်၊ ညရိပ်၊ သံစဉ်၊ ဂီတ၊ သမုဒယ သည်တို့က သွေးထိုးလှုံ့ဆော်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်စေရာအရပ်ဆီသို့ ရင်ညွှန်ရာလမ်းအတိုင်း ရင်ဆောင်ရာ ခြေလှမ်းများဖြင့် အိပ်မွေ့ချခံသူတစ်ယောက်လို ရွေ့ရွေ့လှမ်းလာခဲ့သည်။

သူမ နှစ်ခြိုက်စပ် ပုဏ္ဏရိပ်ပင်စည်းရိုးကြားမှ အသာအယာ တိုးဝင်၍ သူ့အပါးသို့ ခြေသံလုံလုံ ချဉ်းကပ်လာခဲ့လေသည်။

"သားလတ်"

သူမ ခပ်ဖွဖွ ခေါ်လိုက်တော့ သူ အလန့်တကြား မော့ကြည့်၏။

သူမ နူးညွတ်ညွတ် ပြုံးပြတော့ သူ ဆိုလက်စ တီးလက်စကို ရပ်၏။

သူမ တိုးလျှိုးဟန် ကြည့်တော့ သူ ဂစ်တာကို ဆွဲယူထပြေးထွက်ရန် ပြင်၏။

သူမ ပခုံးဆီ လက်တင်ဖေးမတော့. . . သူ ငေးရီစွာ ရပ်တန့်ငြိမ်ကြည့်၏။

သူမ. . သူ့လက်မောင်းဆီ ဆုပ်လက်ဖဝါး တရွရွရွေ့ရင်း. .

"သုန်သုန်ကို သနားရင် ထွက်မပြေးပါနဲ့ သားလတ်ရယ်. . . နော်၊ သုန်သုန် အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး၊ သားလတ် ဂစ်တာတီးတာ နားထောင်ရင်း ပျော်ပျော်ပါးပါး စကားတွေ ပြောရအောင်လို့ပါ"

"ဒီလိုအချိန်မျိုးမှာ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ သုန်သုန် ပြန်ပါတော့"

သူမ. . . သူ့လက်မောင်းနှစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ထားမိချေပြီ။ သူက သုန့်သုန့်လက်ကို ဖွဖွပြန်ဖြေထုတ်၏။ သူမ မလွှတ်တော့။

"ဟင့်အင်းကွာ. . . သားလတ်အပေါ် သုန်သုန် ဘာအပြစ်တွေများ လုပ်ထားမိလို့လဲ. . . ပြောပါဦး၊ သုန်သုန်တို့နှစ်ယောက် အခု





သို့ မဆုံတာ ဘယ်လောက်ကြာနေပြီလဲ၊ တွေ့တုန်းဆုံခိုက် အရင်လို ပျော်ပျော်ပါးပါး နေရအောင်ပါ သားလတ်ရယ်. . နော်. . နော်လို့ ပြောတော့ရင်တော့ တစ်ရပ်ကွက်လုံး ကြားသွားအောင် သုန်သုန် အော်ငိုချလိုက်မှာ. . . သိလား"

သူမကို သူ ရီဝေဝေ ကြည့်နေသည်။ သူမ. . သူ့မျက်လုံးထဲ စေရီရီ ကြည့်လိုက်သည်။ သူ့သုန်မှုန် မလိုမကျဟန် မျက်နှာပေါ်မှာ အင်းမာရိပ်များ ပြေလျော့သွားခိုက် ခုံဝိုင်းပေါ် ပြန်ထိုင်ပေးလိုက်ရင်း သူမပါ သူ့အပါး၌ အတူယှဉ်ထိုင်ချလိုက်သည်။

"သုန်သုန်လည်း သီချင်းဆိုမယ်၊ ဂစ်တာတီးပေးပါလား. . . သားလတ်"

"ဟင့်အင်းကွာ. . . စိတ်မပါတော့ဘူး"

"ဒါနဲ့ သဘာဝကို ဆန့်ကျင်ပြီး ဘာဖြစ်လို့ သားလတ်က ညမင်းသား လုပ်နေရတာလဲဟင်"

"ရည်ရွယ်ချက်တွေ တိမ်းစောင်းသွားတဲ့နေ့တွေကို လက်စားချေဖို့ ညထဲမှာ ခွန်အားပြန်ဖြည့်နေတာ၊ ငါ့အတွက် အကောင်းဆုံးအဖော်မွန်ဟာ ညပဲ၊ ညရဲ့တည်ငြိမ်ရိုးရှင်းမှုကို မြတ်နိုးတတ်နေတော့ တစ်ခါတစ်ခါ နေ့ထဲက ပွေလီတဲ့လောကနဲ့ လူတွေကို မုန်းတယ်"

သူ့နှုတ်ခမ်းအရွေ့အလျားပေါ်မှာ သူမ စကားကို မျှဉ်းသဲ့ယူလိုက်သည်။

"ဒါဆို. . . သားလတ်လည်း လူ၊ သုန်သုန်လည်း လူပဲ၊ ကိုယ့်ကိုယ်ကိုကော သုန်သုန်ကိုကော မုန်းနေပြီလားဟင်"

"ဟင့်အင်း. . . ကိုယ့်ကိုယ်ကို အားမလိုအားမရနဲ့ မုန်းကောင်းမုန်းမိနိုင်ပေမယ့် သုန်သုန့်ကိုတော့ ဘယ်တုန်းကမှ ဘယ်တော့မှ မမုန်းပါဘူးလေ"

သူမ ရင်လှပ်လှပ်ခုန်သွားသည်။ အပျော်လှပ်လှပ်လွန်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ အမျိုးအမည်မဲ့ ကြည်နူးသွေးတို့ ပူနွေးလာသည်။ သူမ ဟိန်းဟိန်းထ မီးတောက်မီးလျှံတွေ နှစ်ခြိုက်စရာ လောင်စာခြောက်ရွရွကို အလောတကြီး သိမ်းကျုံးလောင်မြိုက်နေသလို တစ်စုံတစ်ရာသော ချဉ်ခြင်းဆန္ဒတို့ တွန်းကန်ရုန်းကြွလာလေသည်။

"သားလတ်"

"ဟင်. . . သုန်သုန်"

သူမ အာခေါင်ထဲ စွတ်စိုပြီး နှုတ်ခမ်းများ ခြောက်သွေ့လာသဖြင့် လျှာဖျားဖြင့် သိမ်းလျက်ရင်း သူ့မျက်နှာမျှော် မော့ကြည့်ပြီး တိုးညှင်းညှင်း ဖွဖွဆိုသည်။

"သုန်သုန့်ကို ဘာဖြစ်လို့ မမုန်းတာလဲဟင်"

သူ. . သူမလက်မောင်းနှစ်ဖက်ဆီ ဖဝါးအုပ်အုပ် ဆုပ်ကိုင်လိုက်သည်။ ပြီး. . . တစ်ဆက်တည်း. . .

"ဘာဖြစ်လို့လဲ. . . . ဘာဖြစ်လို့လဲဆိုတော့ ငယ်ငယ်လေးထဲက အတူစား၊ အတူသွား၊ အတူနေခဲ့ရတဲ့ သံယောဇဉ်တွေကြောင့်ပေါ့၊ ငါ့အပေါ် အလေးထား ဖေးမခဲ့တဲ့ အဖော်မွန်ကောင်းဆန်တဲ့ နင့်ရဲ့ဖြူစင်စင် သဘောမနောလေးတွေကြောင့်ပေါ့၊ ဟောဒီ ကြွေရုပ်လေးကြောင့်ပေါ့၊ ဟောဒီဖလ်မျက်လုံးလေးကြောင့်ပေါ့၊ ဟောဒီ ပန်းဆီနှုတ်ခမ်းဖူးလေးကြောင့်ပေါ့"

သူ အမောတကော ပြောရင်း သူမကို အလောတကြီး တင်းတင်းဖက်လိုက်၏။

"ဟုတ်တယ် သုန်သုန်၊ ငါ သုန်သုန့်ကို ချစ်တယ်၊ အရမ်းချစ်တယ်. . . သုန်သုန်. . အရမ်းချစ်တယ်ကွာ"

"အိုး. . . သားလတ်ရယ်"

သူမနှင့်သူ တစ်သားတည်း ဖြစ်သွားပါပြီ။

သူနှင့်သူမ စကြာဝဠာထဲ လွင့်ခနဲ မျောဝင်သွားသည်။





သူမနှင့်သူ ကောင်းကင်ပြင် နဂါးငွေ့တန်းပေါ်သို့ ခုန်ဆင်းလိုက်ကြ၏။

သူနှင့်သူမ ပင်လယ်နှစ်ထပ် သမုဒ္ဒရာအောက်သို့ စီးမျောငုတ်လျှိုး လိုက်ကြ၏။

သူနှင့်သူမ. . .

သားလတ်နှင့်သုန်သုန်. . .။

**ဆိတ်**ငြိမ်တိတ်ဆိတ် ညဥ့်လွန်ည. . .

လရိပ်စွန်း ညမွှေးပန်းခြုံအောက်က

ခုံတန်းလျားဝိုင်း။

ဂစ်တာကို အားကုန်ရိုက်ခွဲပြီး အိမ်ထဲသို့

ကမူးရှူးထိုး ပြေးဝင်သွားသည့် လုလင်ပျိုတစ်ဦး။

အပြာရောင် မျက်ရည်ဝေ့ဝေ့ တရွေ့ရွေ့ခြေလှမ်းဖြင့်

ခြံကူးအိမ်ထံ ဝိညာဉ်ကျန်ခဲ့သူလို ပြန်သွားသည့်

လုံမငယ်တစ်ယောက်။

(တောက်. . . ဒါတော့ တဆိတ်လွန်လွန်းပြီ။ အစောကတော့ ကောင်းပြီကောင်းရဲ့နဲ့ အသံတိတ်နေတဲ့ ပုစဉ်းရင်ကွဲတွေ ခုမှ သံပြိုင်ထ တစ်လိုက်ကြတာ ကောက်ခါငင်ခါ။)



www.burmeseclassic.com

www.burmeseclassic.com





# (၁၁)

BURMESE CLASSIC .com

**သာဏး**လတ်ကိုတစ်ယောက် တက္ကသိုလ်တက်နေရသည်မှာ သုံးလကျော် လေးလထဲမှာပင် ရှိနေလေပြီ။ သားလတ် မရှိ၍ နေမထိထိုင်မသာ ဖြစ်နေသည့် သူမမှာ ခုတလော အတော်နေမထိထိုင်မသာဖြစ်နေသည်ဟု ဆိုရပေတော့မည်။ အစာမကြေသလိုလို ဗျို့အန်ချင်သလိုနှင့် စားချင်သောက်ချင်စိတ် ပျောက်နေသလို ဖြစ်နေသည်။

သူမ အပြုအမူ ဟန်ချက်ပျက်နေသည်မို့ နောက်ကွယ်မှာ မိဘနှစ်ပါးကလည်း စိုးတထိတ်ထိတ် ကျိတ်ကျိတ်,ကျိတ်ကျိတ် တွတ်ထိုးနေကြရလေသည်။





"နွဲ့ရေ . . . ကိုယ်တို့သမီးလေး အရက်တွေ ဘာတွေများ သောက်ပြုနေပြီလားကွ"

"ဘာများလဲ. . ရှင့်ဟာက မထိတ်သာမလန့်သာရှိလိုက်တာ"

စကားစလိုက်ပြီးမှ ဦးမင်းမြင့်မောင်က ငြိမ်နေပြန်သဖြင့် ဒေါ်နွဲ့သိဂီမှာ ဆန့်တငင်ငင်ဖြစ်ကာ လောဆော်ရပြန်လေသည်။

"ကိုမင်းမြင့်မောင်. . . ရှင်ဟာလေ၊ ကိစ္စတစ်ခု စပြီးပြီဆိုရင် အဲဒီလို ဆန့်တငံ့ငံ့ဖြစ်အောင် လုပ်တတ်တဲ့ညာဉ်က ပျောက်ကို မပျောက်ပါလား၊ ပြောစရာရှိတာ ပြောလေ"

"ကျွန်မကို အူယားအောင် ဆွမနေနဲ့၊ ကဲ. . . ပြော၊ သမီးလေးက ဘာဖြစ်လို့လဲ၊ ပြော. . . မြန်မြန်"

"အင်း. . . တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်မှာပူလို့ပါကွာ"

သည်အတိုင်း မဖြစ်တော့၊ ထုံးစံအတိုင်း ဟိုချော်သည်ချော် လုပ်တော့မည်ကို နောကျေနေသည့် ဒေါ်နွဲ့သိဂီက ဦးမင်းမြင့်မောင် ခနုံးကို ကိုင်လှည့်၍ လမ်းကြောင်းတည့်ပေးလိုက်ရသည်။

"ကိုမင်းမြင့်မောင်. . . သမီးကိစ္စကိုပဲပြော၊ ဘာလဲ. . . ဘာဖြစ်လဲ"

"ဒီမနက် ဘုရားဝတ်ပြုနေတုန်း ရေချိုးခန်းထဲမှာ သမီး အော့အန်နေသံ ကြားရလို့. . . အဲဒါ. . ."

"ဘာ. . . သမီး အန်တယ် ဟုတ်လား"

ဒေါ်နွဲ့သိဂီ တွေးတွေးဆဆနှင့် လေးလေးပင်ပင် သံယောင်ပြု ရေရွတ်လိုက်လေသည်။ ရှားရှားပါးပါး ပိုးမွေးသလို မွေးလာရသည့် တစ်ဦးတည်းသောသမီးလေးမို့ ဖြစ်နိုင်ချေများကို မချိမဆန့် အလန့်တကြား ပစ်တွေးကြည့်လိုက်မိသည်။ ဖြစ်လည်း ဖြစ်နိုင်သည်။ မဖြစ်လည်း မဖြစ်နိုင်သည့် မိန်းမကံ ခမ္မတာကိစ္စမို့ မိန်းမသားမိခင်ကပင် ပါးနပ်နပ် ခံစမ်းရပေတော့မည်။ အဖေကြီးက ယောကျ်ားသား။ မျက်တော် ထူထူ



www.burmeseclassic.com

www.burmeseclassic.com



ဝါးဝါး ဝုန်းဒိုင်းကျဲလာလျှင် အားလုံး. . အိုးနင်းခွက်နင်း အုတ်အော် သောင်းနင်း ဖြစ်သွားနိုင်သည်။ ဒေါ်နွဲ့သိင်္ဂီက ယောက်ျားဖြစ်သူ၏ ပေါင်ကို ဖျစ်လိုက်ပြီး ကြိုကန့်ကန် ဖျောင်းဖျထားလိုက်၏။

"ယောက်ျားရယ်. . . အဲဒီကိစ္စ နွဲ့တာဝန်ထားလိုက်ပါ၊ နွဲ့ကိုယ်တိုင် စီမံပါ့မယ်နော်"

"အေးကွာ. . . ကြိုက်တတ်လို့ သောက်ရင်လည်း လစ်မစ်လေးနဲ့ အမြည်းလေး အချိုရည်လေးနဲ့ စီမံပေးလိုက်ပါ မိန်းမရယ်၊ ရေမရော အစားမစားဘဲ နိမချစေနဲ့၊ နိချရင် သူပဲ ခံရမှာ"

မိဘနှစ်ပါး သို့လောသို့လော စကားဝိုင်း တစ်စွန်းတစ်စကို ကြားလိုက်ရသည့် သူမမှာ ယခုပင် အလန့်တကြား လက်ချိုးရေတွက်လိုက်မိသည်။ အိုး. . . ဟုတ်ပါရဲ့။ ကိုယ့်အလွမ်းနဲ့ကိုယ် စိတ်မအား ဖြစ်နေ၍ ကိုကိုမောင် မလာတာကို ဂရုမပြုမိခဲ့ချေ။ ခုမှ ကိုကိုမောင် လာလို့ ဧည့်ခံသည့်အလုပ် မလုပ်ခဲ့ရတာ ဘာလိုလိုနှင့် ရာသီသုံးလကျော်ခဲ့ပြီကို ရင်လန့်တကြား သတိရတော့သည်။

သို့သော် သိပ်တော့ မသေချာသေးပါ။ သည်လိုပဲ အရင်ကလည်း ကိုကိုမောင်က တစ်လကျော် နှစ်လ ဒီလိုပဲ ပျောက်ပျောက်နေတတ်သည် မဟုတ်လား။ သူမ မယုံချင် မယုံရဲစိတ်နှင့် မိဘနှစ်ပါး မျက်စေ့အောက်မှာ အနေအထိုင်မမှားအောင် ဂရုစိုက်နေဖြစ်သည်။ သို့သော်လည်း တစ်နေ့မှာ မိသားစု စကားဝိုင်းမှ အထ၌ သူမ ခေါင်းထဲ မိုက်ခနဲ ချာလည်မူးသွား၍ ရင်လှုပ်လှုပ်တုန်ပြီး ထိုးအန်ချလိုက်မိတော့သည်။

"သမီး. . မီးလေး. . . မီး. . မီး. . . သုန်သုန်. . . မီး. . . မီး. . . အား. . . ပူသဟ"

ဖခင်ဖြစ်သူ ဦးမင်းမြင့်မောင်မှာ စိုးရိမ်ပူပန်စွာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ပါးစပ်က အော်ရင်း ဆေးလိပ်မီးများ တဖွားဖွား ပုဆိုး





ပေါ်ကြွေကျသဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်သွားလေရှာတော့သည်။

ဒေါ်နွဲ့သိင်္ဂီက သမီးဖြစ်သူ၏ဦးခေါင်းကို ယပ်ခပ်၊ ရင်ဝကိုဖိ၊ ကျောပြင်ကို ဖြည်းဖြည်းချင်း ထောက်ပေးရင်း မေးလိုက်၏။

"သမီးလေး သုန်သုန်. . . ခုတလော ကိုကိုမောင် လာရဲ့လား"

သူမ မိခင်ကို မျက်လုံးအဝိုင်းသားနှင့် မရွံ့မရဲ မော့ကြည့်နေသည်။ စကားသံအဖြေတော့ ထွက်မလာ။

". . . . . . . . . . . ."

"ဟင်. . . သမီး၊ မေမေ့ကို ပြောစမ်း၊ သမီး နောက်ဆုံး ဘယ်တုန်းက ကိုကိုမောင် လာလို့ ဧည့်ခံလိုက်ရသလဲဟင်"

အရေးထဲ အရာပေါ်ဆိုသလို သမီး မူးဝေအော့အန်နေပါသည်ဆိုတာမှ ကိုကိုမောင်ကို ရေးကြီးခွင်ကျယ် လုပ်ပြီး မေးနေသည့် မိန်းမဖြစ်သူကို ဦးမင်းမြင့်မောင် နာမလည်နိုင်စိတ်နှင့် ကြည့်ရင်း ဒေါသထောင်ထိပ် ပြူထွက်လာသည်။

"ဟော့. . . နွဲ့၊ မင်းက အရေးထဲ သမီးကို ဘာတွေမေးနေတာလဲ ဘာလဲ. . . မင်းကောင်က သမီးထက် အရေးကြီးနေလို့လား. . . ဟုတ်လား"

"ဩော်. . . ကိုမောင်ရယ် ခဏပါ. . နေပါ. . ရပြီ၊ ရပြီလား သမီး၊ အခန်းထဲ သွားပြီး ခဏလှဲနေလိုက်ဦး၊ မေမေ တွဲပို့မယ်"

သမီးက အနေအထား ထူးခြားသည့်နောက် အမေကပါ အပြောအဆို ထူးခြားနေသဖြင့် အိပ်ခန်းတွင် ဝင်သွားကြသော သားအမိကိုသာ ဦးမင်းမြင့်မောင် ငေးကြည့် ကျန်ရစ်သည်။

လိုအပ်သည့်စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် အိုဂျီဒေါက်တာက ပြုံးပြုံးရွှင်ရွှင်နှင့်. . .

"ကဲ. . . စိုးရိမ်ပူပန်စိတ်တွေ မယုံမရဲစိတ်တွေ ဒုန်းဒုန်းချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ဗျို့. . . အဟဲ. . . ဟဲ. . . ဟဲ၊ စမ်းသပ်စစ်ဆေးတွေ့ရှိချက်အရ ပြောပြရရင်တော့ ဝမ်းသာစရာ သတင်းကောင်းပါပဲ၊ ဒါဖြစ်သူ့အမျိုးသားက အခုဘယ်မှာလဲ၊ နိုင်ငံခြားမှာလား. . . သဘော်ပေါ်မှာလား"

"ဟင့်အင်း. . . ကျွန်မ သမီးလေးက အပျိုပါ"

"ဟိုက်. . . ဒါဆို ဝမ်းနည်းစရာဖြစ်သွားပြီ၊ အစ်မကြီးမြေးကရှိနေပြီဗျ"

"ရှင်. . ."

"ရှင်. . ."

ရှင်. . . နှစ်ထပ်အမြွာပူး ရေရွတ်လိုက်မိသွားအောင် သားအမိနှစ်ယောက် ထိတ်ပျာယိုင်ဆင်းသွားရတော့သည်။

နောက်တော့. . .

ဖြစ်လေ့ဖြစ်ထ ရှိပါသည်ဟု လွယ်လွယ်ပြောလာကြပါလျှင် အနှီဖြစ်လေ့ဖြစ်ထကြီးကို လွယ်လွယ်မပြောနိုင်သည့် ဖြစ်ရပ်များကသူမ၏ပစ္စက္ခကို ပိုက်နင်း ကျော်နင်းလာကြလေ၏။ အခြေအနေကိုထိန်းချုပ်စီမံနိုင်စေရန် ပြစ်တင်ဒေါသ တစ်စွန်းတစ်စမျှ မပေါ်စေဘဲ ဒေါ်နွဲ့သီဂီက ပြဿနာကို နူးညံ့စွာ အခြေအမြစ်မှစ၍ ကိုင်တွယ်လိုက်သည်။

"သုန်သုန်. . . သမီးလေး၊ မေမေ့ကို မှန်မှန်ပြောစမ်း၊ ဒီကိစ္စဘယ်သူနဲ့လဲ"

"ဟင့်အင်း. . . ဟင့်အင်း. . . သမီး ပေါက်ပန်းဖြူတွေ စားမိလို့ လေပွနေတာ ဖြစ်မှာပါ။ နောက်ပြီး အခုတလော လက်ဖက်တွေလည်း အရမ်းစားဖြစ်နေတော့. . ."

ဒေါ်နွဲ့သီဂီလည်း စိတ်စနောင့်စနင်း ဖြစ်သွားမိသော်လည်းသတိမလွတ်အောင် ထိန်းထားနိုင်လိုက်ပါသည်။ သို့သော် စကားကို





တော့ တန်ပိုနည်းနည်းမြှင့်လိုက်သည်။

"အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့ကွယ်၊ အိုကွဲ အသေအချာစမ်းသပ်ပြီး ပြောလိုက်တာလေ သမီးရဲ့၊ သူက အသစ်ဆိုဗေမယ့် မှားတော့ မမှားနိုင်လောက်ပါဘူးကွယ်"

"ဟင့်အင်း မေမေ. . . ဟင့်အင်း၊ သမီးမပြောနိုင်ဘူး. . . ဟင့်. . . ဟင့်"

သူမသည် ခေါင်းခါသည့်အလုပ်ကိုသာ မျက်ရည်နှင့် တွဲလုပ်သည်။ အဖြေကတော့ နတ္ထိ. . . နေမြဲ။

"အေး. . . ညည်းအဖေသာဆို သမီးက ကိုယ့်ဟာကိုယ်ပြောနိုင်ရအောင် အအိပ်အနေ ပက်စက်လို့ လေဥဝင်ဥသွားလို့လားသမီးဆိုပြီး ပေါက်ကွဲတော့မှာ"

ဟု တွေးမိရင်း ဒေါ်နွဲ့သီဂီ ဗျူဟာပြောင်း၍ နိမိတ်ပြမေးခွန်းများကို ခင်းလိုက်၏။

"ဩော်. . . သုန်သုန် သမီးလေးရယ်၊ ဒီအမေနဲ့ဒီသမီးမှ မပြောရင် ဘယ်သူ့သွားပြောမှာလဲ၊ ဘာလဲ. . . ဟိုအနီးကပ် ကျူရှင်ဆရာ နှာဘူးရဲပိုနဲ့လား"

"ဟင့်အင်း. . . ဟင့်အင်း"

"အော်. . . သမီးကို ကျောင်းအကြိုအပို့လုပ်နေတဲ့ ဆိုက်ကားသမား မင်းသူနဲ့ထင်တယ်. ."

"ဟင့်အင်း. . . ဟင့်အင်း. . . အမြဲမူးပြနေတဲ့ကောင်များဟင့်အင်း"

"မဟုတ်မှလွဲရော. . . အိမ်မှာ သမီးအဖေနဲ့ စကားပြောရင်းခဏခဏလာလာထိုင်နေတဲ့ စာရေးဆရာထက်အောင် လက်ချက် မဟုတ်လား"

"ဟင့်အင်း မေမေရယ်. . . မတော်တရော်ကြီးနဲ့၊ ဟင့်အင်း.



www.burmeseclassic.com

www.burmeseclassic.com



. . ဟင့်အင်း”

သူ မျှားသမျှ ဟင့်အင်းချည်း ချိတ်ပါလာသည်မို့ ကိုင်းတံကို ပစ်ချပြီး ကွန်နှင့် အပိုင်ပစ်ဖမ်းရန် ဒေါ်နွဲ့သီဂီ ခတ်ကွင်းပြင်လိုက်ပြီး. . .

“သုန်သုန်. . .”

မာထန်ထန် စကားစလိုက်ရုံ ရှိသေး. . . ,

“ဟင့်အင်းနော် မေမေ. . . ဟင့်အင်း၊ သုန်သုန် မဖြေချင်တာကို အတင်းအကျပ် မေးမနေနဲ့၊ သမီးခေါင်းရှုပ်လာလို့ ဖြစ်ချင်ရာဖြစ် လုပ်မိရင် သုန်သုန့်ကို အဆိုးမဆိုနဲ့ သိလား၊ ဟင့်အင်း. . . ဟင့်အင်း” နှင့် ပက်တောပိတ်လိုက်သည်မို့ မာတာမိခင်ကြီးခမျာ စိုးထိတ်ဗျာယာခတ်သွားရတော့သည်။

“အို. . . ဟင့်အင်း. . . သမီး၊ ဟင့်အင်း. . . အဲလို စိတ်လိုက်မာန်ပါ မဟုတ်တာတွေ မကြံစည်ပါနဲ့ကွယ်၊ ဟင့်အင်း. . . မေကြီး သမီးမဖြေချင်တာကို မမေးတော့ဘူးနော်၊ သုန်သုန်က လိမ္မာပါတယ်၊ အေးလေ. . . ဒီကိစ္စမျိုးက အေးဆေးပါ၊ အချိန်တန်တော့ ပြီးသွားမှာပါ၊ သမီးလေး ဘာမှတွေးပူမနေနဲ့၊ ကိုယ့်ပူစရာရှိတာသာ အေးအေးဆေးဆေးပူ၊ မေကြီးတစ်ယောက်လုံး အနားမှာ ရှိတယ်. . . ဟုတ်ပလား”

သမီးဖြစ်သူ မတော်တရော်တွေ လုပ်ပြီး မဟုတ်တရုတ်တွေ ဖြစ်ကုန်မည်ကို စိုးရိမ်ပူပန်စွာဖြင့် ဒေါ်နွဲ့သီဂီသည် အကောင်အထည်မပေါ်မချင်း ယောကျ်ားဖြစ်သူကို အသိမပေးရန် သံမဏိဒွာန်ချ၍ ဝသုန်မြှတ်နိုး၏အရိပ်အခြေကိုသာ မသိမသာ မျက်လုံးဒေါက်ထောက် ရင်မကြည့်နေရတော့သည်။ တစ်ပတ်ဆယ်ရက်လောက်တွင် မျက်တွင်းလေးတွေချောင်၊ နားထင်နားရင်းလေးတွေကျနှင့် ဖြူရော်နွမ်းဖျော့နေသည့် သမီးသုန်သုန်ကို ခိုးကြည့်ရင်း ယောကျ်ားဖြစ်သူ မသိအောင်





အသံတိတ် မျက်ရည်ခိုးသုတ်နေရရှာသည့် မိခင်၏အခြေအနေကို သူမ အာရုံမကပ်နိုင်ပါ။

သားလတ်တစ်ယောက် ပြန်လာမည့်အရေးကိုသာ မျှော်တွေးရင်း သူမ ငံ့လင့်ကြိုဆိုနေဖြစ်သည်။ ယခုလည်း အရင့်အရင် ရက်တွေအတိုင်း အိပ်ခန်းပြတင်းဘောင်ကို နွဲ့မှီရင်း သူမ. . . သူတို့ခြံဘက်သို့ မျှော်ရည်ကြည့်နေမိသည်။ မေမေ မည်သည့်အချိန်က အနားရောက်နေသည်ကို သူမ မသိလိုက်ပါ။ ပခုံးပေါ် အနွေးထည်လေး ခြုံစွပ်ရင်း ပြောလိုက်သည့် မေမေ့အသံကြောင့် သူမ လန့်တကြား တိုးလျှိုးလိုက်မိတော့သည်။

“အင်း. . . ဟုတ်တယ်နော် သမီး၊ သားလတ် သွားတာ အတော်လေး ကြာပြီနော်”

“ဟင်. . . မေမေ. . . ဟင့်အင်း. . . ဟင့်အင်း၊ သူ့ကို သွားမပြောလိုက်ပါနဲ့၊ သားလတ်ကို သူ့ကိုယ်ဝန်အကြောင်း အသိမပေးလိုက်ပါနဲ့၊ တော်နေကြာ သားလတ် စိတ်တွေ ပိုရှုပ်ထွေးပြီး ဒုက္ခရောက်ကုန်လိမ့်မယ်၊ အခုတောင် သမီးကြောင့် သူ. . . သူ. . . ဒီလိုပြန်ဖြစ်သွားရရှာတာ. . . အ့ဟင့်. . . ဟင့်. . . ဟင့်”

“ဩော်. . . သမီးလေးသုန်သုန်ရယ်၊ အေးပါကွယ်. . . အေးပါ. . . မပြောပါဘူး၊ ကဲ. . . လာ၊ သမီးလည်း အိပ်လိုက်တော့နော်၊ မေ့စကားကို နားမထောင်ရင် မေကြီးကလည်း သမီးစကားကို နားထောင်ချင်မှ နားထောင်မှာနော်. . . ဟုတ်ပလား”

“မေကြီး. . . သူ့ကို သွားမပြောနဲ့နော်၊ အိပ်မယ်. . . အိပ်မယ်၊ သုန်သုန် အိပ်ပြီ”

တားပြောလေးနှင့် ကသောကမျော အိပ်ရာပေါ် ပစ်လှဲပြီး မျက်စိမှေးပိတ် အိပ်ချင်ယောင်ဆောင်လိုက်သည့် သမီးဖြစ်သူကိုကြည့် ပြန်ပြေးထွက်လာရင်း ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ လင်ယောကျ်ားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးမင်းမြင့်မောင် ရင်ခွင်ကြား တိုးဝင်ငိုရှိုက်ရင်း သုန်သုန်ဖြစ်အင်ကို အိတ်သွန်ဖာမှောက် ပြောချလိုက်လေတော့သည်။

ဇနီးသည် စကားဆုံးသည့်အခါ. . .

မယုံနိုင်လောက်အောင် တည်ငြိမ်နေသည့် မျက်နှာထားနှင့် ဦးမင်းမြင့်မောင်က ပြောလာ၏။

"ကဲ. . . တိတ်. . . တိတ်၊ မငိုပါနဲ့တော့ မေကြီးရယ်၊ ကြုံလာရပြီပဲ. . . လက်တွေ့ကျကျ လုပ်သင့်တာ လုပ်ကြတာပေါ့ကွယ်၊ ပုစ္ဆာရှိရင် အဖြေရှိရမှာပေါ့၊ ပြဿနာရှိရင် ဖြေရှင်းစရာနည်းလမ်း ရှိရမှာပေါ့. . . မဟုတ်ဘူးလား၊

သားလတ်ကိုက တခြားသူမှ မဟုတ်တာ၊ အရင်ကတည်းက တူလိုသားလို ဖြစ်နေတဲ့ကလေးပဲ၊ နောက်ပြီး ကိုခင်လတ်တို့ မသက်ငုံဖူးတို့ကလည်း တစ်သက်လုံး နှစ်အိမ်တစ်အိမ် ဆွေမျိုးရင်းချာလို နေလာကြတဲ့လူတွေပဲ၊

အကျိုးအကြောင်း အခြေအနေကို ပြောပြရင် ရိုင်းမယ့်လူတွေ မဟုတ်ပါဘူး နွဲ့ရယ်၊

ဘာပဲဖြစ်ဖြစ် ကိုယ်တို့ဟာ သမီးလေးရဲ့အဖေနဲ့အမေပဲ၊ သမီးလေး ကောင်းဖို့ကိစ္စဆိုရင် တရားသဖြင့် ဘာပဲပြောရပြောရ ဘာပဲ လုပ်ရလုပ်ရ. . . ရင်ကော့ပြီး ရင်ဆိုင်လုပ်ဆောင်ရဲရမှာပေါ့၊

သမီးသုန်သုန် အနာဂတ် လှပဖို့ထက် အရေးကြီးတာ ကိုယ်တို့မှာ ဘာမှမရှိခဲ့ကြတာပဲကွယ်. . .

နွဲ့လည်း နားတော့နော်၊ စိတ်ပန်းလူပန်းနဲ့ ဘုန်းဘုန်းလဲနေဦးမယ်၊ ကိုယ်လည်း အိပ်တော့မယ်၊

သမီးလေးအတွက် ကိုယ်တို့ကျန်းမာရေးကအစ စိတ်ဓာတ်အဆုံး ယိုင်နဲ့မသွားဖို့က အရေးကြီးတယ်. . . ဟုတ်ပြီလား၊

ကဲ. . . ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်နိုင်ဖို့ ကိုယ်တို့





အားမွေးထားကြစို့"

ဒေါ်နွဲ့သိင်္ဂီမှာ ယောကျ်ားဖြစ်သူ ဦးမင်းမြင့်မောင်ကို မမြင်ဖူးသူတစ်ယောက်လို အံ့သြသြ လေးစား အထင်ကြီးအားကိုးစွာ ငေးကြည့်နေရှာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

တကယ်တော့ သုန်သုန့်အပေါ်မှာ မေကြီးရော ဖေကြီးပါ အမှန်အတိုင်း မမြင်နိုင်ကြပါဘူး။ သုန်သုန့်ရင်ထဲ တစ်ချက်မှ ဝင်ကြည့်ပေးဖော် မရကြဘူးလေ။ ခုပဲကြည့်. . . သားလတ် မသိပါစေနဲ့ဆိုကာမှ သူ့မိဘတွေနဲ့ တိုးတိုး,တိုးတိုး သွားလုပ်နေကြရတယ်လို့။ သွားပြီပေါ့။

အန်ကယ်ခင်ကိုလတ်နဲ့ အန်တီသက်ငုံဖူးတို့က သုန်သုန်ဟိုသူတို့သားရဲ့အားနည်းချက်ကို အခွင့်ကောင်းယူပြီး အမိဖမ်းတယ်လို့ တစ်သက်လုံး အထင်သေးသွားတော့မှာပေါ့။ သူတို့ အထင်သေးတာက အရေးမကြီးဘူး. . .။





မတော်. . . သားလတ်ကပါ သူ့မိဘတွေ ထင်တဲ့အတိုင်း သုန်သုန်ကို သတ်မှတ်ပြီး မုန်းသွားရင်တော့ သုန်သုန် ကမ္ဘာပျက်ပြီ၊ သုန်သုန့်ကမ္ဘာပျက်တာ အသာထား။

သူ့ဘဝတစ်ခုလုံး အဖတ်ဆယ်မရအောင် သွက်သွက်ခါသွားရင် သုန်သုန် ကိုယ့်ကိုယ်ကို နောင်ဘဝတောင် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ သုန်သုန်ကို ခွင့်လွှတ်နားလည်ပေးပါ သားလတ်ရယ်။

ဒီအခြေအနေတွေ မဖြစ်အောင် သုန်သုန် ကြိုးစားထိန်းသိမ်းခဲ့ပါတယ်။ ခုဟာက ဖေကြီးတို့မေကြီးတို့ကြောင့် အန်ကယ်နဲ့အန်တီ သိသွားရတာပါ။

သိသွားလို့ အန်ကယ်နဲ့အန်တီက သုန်သုန့်ကို နားလည်လက်ခံတယ်ပဲ ဆိုဦး။ သားလတ်ကို နားမလည်မှုတွေ လက်သင့်ခံခိုင်းသလို ဖြစ်ကုန်ရင် သုန်သုန့်တစ်သက်လုံး ယူကျုံးမရ ဖြစ်နေတော့မှာ။ သုန်သုန်. . သားလတ်ကို ရင်နဲ့အမျှ အသက်ထက်ဆုံး ချစ်နေမှာပါ။

ဒါပေမယ့်. . .

သားလတ်ရဲ့အနာဂတ်ကို ခလုတ်ကန်သင်း ဖြစ်စေမယ့်အလုပ်မျိုး သုန်သုန် ဆံစတစ်ဖျားစာတောင် မလုပ်နိုင်. . မလုပ်ရက်ပါဘူးဟာ။

ရှိပါစေတော့. . . ချစ်သူရယ်။

သုန်သုန် ကျေနပ်ပါတယ်။

ခုဆို သားလတ်ကိုယ်စား သားလတ်ကိုယ်ပွားပင် သုန်သုန့်အသည်းနှလုံးနဲ့ အနီးစပ်ဆုံးအရပ်မှာ သန္ဓေတည်နေပြီပဲ။ သားလတ်ရဲ့ ရင်သွေးလေးကို သုန်သုန် တယုတယ မွေးမြူစောင့်ရှောက်မှာပါ။ တစ်နေ့ သားလတ် သုန်သုန့်ဆီ ရောက်လာမယ်ဆိုရင်တော့. . သုန်သုန့်ဆန္ဒ ပြည့်ဝပျော်ရွှင်နိုင်ပါပြီ။

သုန်သုန် မလုပ်နိုင်ဘူး။ ဖေကြီးနဲ့မေကြီးလည်း မလုပ်စေရ


www.burmeseclassic.com

www.burmeseclassic.com



ဘူး။

အန်ကယ်နဲ့အန်တီလည်း လုပ်ခွင့်မပေးနိုင်ဘူး။

သူတို့ကတော့ အတော်လေး အပေးအယူတည့်ပြီး အတိုင်အဖောက်ညီနေကြတယ် သားလတ်ရဲ့. . .

ဖေကြီးတို့ မေကြီးတို့ ဘယ်လိုစည်းရုံးလိုက်တယ် မဆိုနိုင်ဘူး။ အန်တီက သုန်သုန့်ကို. . .

"သမီးလေး. . . ဘာမှ စိတ်သောက ရောက်မနေနဲ့၊ ခုချိန်မှာ အားရှိအောင်နေ၊ ကျန်းမာအောင် ဂရုစိုက်၊ သမီးဖြစ်ချင်တာ အချိန်တန်ရင် ဖြစ်ကိုဖြစ်ရမယ်" တဲ့။

အန်ကယ်ကလည်း. . .

"သုန်သုန်က အန်ကယ့်သမီးလေးပဲ၊ သမီးလေးဘက်မှာ အန်ကယ် အမြဲရှိတယ်၊ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်အောင်သာနေ" တဲ့။

သုန်သုန် သိတယ်။ သူတို့ သားလတ်ကို ဖိအားတွေ ပေးကြတော့မယ် ထင်တယ်။

သုန်သုန် ထင်တဲ့အတိုင်း. . .

ဒီနေ့တော့ သူတို့အကြံအစည်ကို ခြေလှမ်းစလာပြီလေ။

"မနက်ဖြန် သားလတ်ကို သွားတွေ့ရင် သုန်သုန် လိုက်ခဲ့ပေးနော်၊ ဒါမှ သူ. . မမျှော်လင့်ပဲ သမ်းသာသွားမှာ သမီးရဲ့" လို့ အန်တီက ပျိုးလာတော့. . .

အန်ကယ်က. . .

"ဟား. . . ဟား. . . သမီးလေး ပါမှတော့ မထူးပါဘူး၊ ကိုမင်းမြင့်မောင်တို့ မန္တလေးသိင်္ဂီတို့လည်း အတူလိုက်ခဲ့မှ ဖြစ်မယ်" ဆိုပြီး ချိတ်ပြီး ချိုးချလိုက် ရော။

အောင်မယ်. . . ဖေကြီးနဲ့မေကြီးက "အေးဗျာ. . . ကိုယ်ချင်းတွေပဲဟာ. . . လိုက်ရမှာပေါ့၊ ဟုတ်တယ်နော် သမီး" ဆိုပြီး အကယ်





ဒမီရှော့(ခ်)တွေ ဘာတွေနဲ့ လာချည်တော့တာပဲ. . . သိလား။

တော်သေးတာပေါ့. . . သုန်သုန်က သူတို့ခြေလှမ်းတွေကို ကြိုမြင်နေလို့။ နို့မို့ သူတို့ဆင်တဲ့အကွက်ထဲ တန်းရောက်တော့မှာ သားလတ်ရဲ့။

စိတ်ချပါ သားလတ်. . .

သုန်သုန် သစ္စာဆိုရဲတယ်။

သုန်သုန့်အချစ်တွေဟာ သားလတ်အတွက် ဒီဇင်ဘာနှင်းတွေလို မအေးမြစေနိုင်မချင်း. . .

ဧပရယ်နေလို ပူလောင်စေမယ့်အချစ်တွေကို သုန်သုန်တစ်ယောက်တည်း ယူသွားပါ့မယ်. . .

သားလတ်ရယ်. . . နင့်ကို သုန်သုန် အရမ်းချစ်တာပဲဟာ။

နင်ကကောလို့ သုန်သုန် ခု မမေးချင်ဘူး။ သားလတ် ကျောင်းပြီးသွားမယ့် တစ်ချိန်ချိန်မှာတော့. . .

သားလတ်ရင်ခွင်ကြားမှာ ပါးအပ်ပြီး နှစ်နားကပ်မှ. . . မြေရမယ်နော် ဟော့ကောင်. . .

မြန်မြန်ကျောင်းပြီးပါတော့ သားလတ်ရာ။

ငါက. . ငါက. . . သုန်သုန်က. . နင့်ကို. . နင့်ကို. . သားလတ်ကို အမြဲပျော်ရွှင်နေစေချင်တာပါနော်။



www.burmeseclassic.com

www.burmeseclassic.com





(၁၃)

ဒဂုံတက္ကသိုလ် (ရန်ကုန်)

ရူပဗေဒ စာသင်ဆောင်များ၏အခန်းခွဲတစ်ခုအတွင်း . . .

ချောင်ကျကျ စာသင်ခုံတစ်လုံးတွင် ကျောင်းသားတစ်ယောက် စိတ်ပါလက်ပါဖြင့် စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ဆက်ရှင် အကူးအပြောင်း နေ့လယ်ခင်း အင်တာဗယ်အချိန်မို့ ကျောင်းသူကျောင်းသားတို့ ကဲန်တင်းပြေးသူ များသဖြင့် အခန်းတွင်းမှာ လူရှင်းသည်ဟု ဆိုရပေမည်။

“ဟိတ် . . . သာကြည် ကြောင်စီဘူး”





“ဖြန်း . . .”

“ဟိုက် . . .”

အချိန်ရခိုက် ကဲန်တင်းမသွားချင်သည့် အတူတူဆိုပြီး လေ့ကျင့်ခန်း ချာ့ပ်တာတစ်ခုကို ဖတ်ရှုလေ့လာနေဆဲ . . .

အော်သံနှင့် တစ်ဆက်တည်း ဇက်ပိုးဖြတ်ရိုက်ခံလိုက်ရပြီး သူ ဦးတိစိုက်မှန်ပြာ ဖြစ်သွားရသည်။ ဆေးရုံမှဆင်းလာကတည်းက ဒီဂရီ များသူဖြစ်သောကြောင့် ပြုတ်ကျသွားသော နီး(+ ၃၇၅ ̊)၊ ဝေး (-၂၀ ̊) ပါဝါမျက်မှန်ကို ငိုက်စိုက်ကျရောထိုင် လုပ်ရင်း ဆောင့်ကြောင့် ထိုင်ကာ ပျောက်သောလမ်းမှာ စမ်းတဝါးဝါး ဖြစ်နေသည်။

သူ ဘာဖြစ်သွားသည်ကိုလည်း ဘာမှန်းမသိရ။ ဘာမှန်းသိဖို့ကလည်း သူ ဘာမှမမြင်ရသေး။ ထို့ကြောင့် မှန်ဘီလူး အကူမဲ့ မှုန်ရေးရေး မျက်စိကို ဖွင့်ဖြဲပြီး ပြူးကြည့်လိုက်မိသည်။

တွေ့ပြီ . . .

သူ့မျက်မှန်တော့ မဟုတ်။ အနားမညီ စတုဂံနှစ်ခု။ ခြေဖမိုး တစ်စုံနှင့်တော့ ဆင်သည်။ သူ့မျက်လုံးကို အထက်ရွှေ့ကြည့်တော့ သိပ္ပံလက်တွေ့ခန်းသုံး ကျူ့နှစ်ချောင်း။ သလုံးသားနှစ်ခုနှင့်တော့ အတော်ဆင်သည်။ သူ့မျက်စိ နောက်တစ်ဆင့် မြင့်ကြည့်တော့ ဆလင်ဒါပုံ ကုဗတုံးနှစ်ခု။ ပေါင်နှစ်ချောင်းနှင့်တော့ အတော်ကြီးကို ဆင်သည်။

သူ့မျက်လုံးကို နောက်တစ်ဆင့်၏အထက်ကို မျှော်ကြည့်လိုက်တော့ တြိဂံတစ်ခု၊ ဘာနှင့်များ အံ့တော့အတော်ကြီး ဆင်သည်လည်း မသိတော့ချေ။ လက်က မျက်မှန်ကို စမ်းတွေ့ပြီမို့ မျက်စိမှာ ကြုံသလို စွတ်ပေးပြီး သူ မတ်တတ်ထလိုက်သည်။

“ဟင် . . . သာကြည်လဲ မဟုတ်ဘူး”

သူ့ငါမသိ၊ ငါ့သူမသိနှင့် ဇက်ပိုးလာအုပ်သည့် မာတုဂါမလေး ကို ဒေါသထွက်ထွက်ဖြင့် သူ ပြန်ရိုက်ရန် ရွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး. . . ဟိုး. . . ဖူးဘော်ဒါ သာကြည် မှတ်လို့ ဗျင်းလိုက်တာ၊ ကန်တော့. . . ဆောရီးနော် ဦးလေးကြီး"

"ဘာလုပ်တာလဲ" ဟု သူမေးရန် မလိုတော့ပါ။ ဇက်ပိုးအုပ်ကြောင်း အရမ်းသေချာပြီးသွားပြီ ဖြစ်သည်။

"ဘာကြောင့် အုပ်တာလဲ"

ဟု သူမေးရန်မလိုတော့ပါ. . . လူမှားအုပ်ကြောင်း တစ်ဖက်က ရှင်းပြပြီးသွားပြီဖြစ်သည်။

"ဘယ်သူ. . . ဖူးဆိုလား"

"ဟုတ်. . . ဖူးက ဖူးဖူးမွန်ပါ၊ ဖူး စက်ကင်းယီးရားက ဟို. . ဒီက. . ဖူးဘော်ဒါ သာကြည်နဲ့ သိလားဟင်၊ ဖူးက သူမှတ်လို့"

တဖူးဖူးနှင့် တီရှာ့ခ်ရှုံထဲ ဝင်ပြီး ဝက်မောင်းနေသည့် ကောင်မလေးကို မြင်မြင်ချင်း (ဘုရားစူးပါရစေ) သူ ချစ်မိသွားသည်။ သည်တော့ အပြစ်ဟူသမျှ ပိန်းကြာရွက်တွင် ရေမတင်သို့ ဖြစ်စေ။

"ဖူးဘော်ဒါနဲ့ မသိတုန်းက ဇက်ပိုးတစ်ချက်၊ တကယ်လို့ သိတယ်ဆိုရင် ဘယ်နှစ်ချက်လဲ. . . အရင်ပြော"

"အား. . . တော်ပါတော့ ဦးလေးကြီးရယ်၊ ဖူး အားနာလို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘာလုပ်ရမှန်း မသိရင် လက်ဖက်ရည်တိုက်"

"ရော်. . ."

"ဟုတ်တယ်လေ ဖူးရဲ့၊ တို့ကို ဖူး လက်ဖက်ရည်တိုက်ရင် အားနာတာလည်း ပျောက်မယ်၊ ဖူးဘော်ဒါ သာကြည်(ခေါ်)ကဗျာကြောင်အာဒမ်ဆိုလ်နဲ့လည်း တွေ့ရမှာ"

"ဟယ်. . . တကယ်"

အံ့သြသွားသလို မယုံဟန်ဖြင့် လက်ညှိုးလေး ဝေ့ကာနဲ ထောင်မေးလာသည့် ပန်းလိမ္မော်သီးလေးကို သူ ကိုက်စားချင်စိတ်ပင် ပေါက်





သွားမိသည်။

"တကယ်ပေါ့ ဖူးရဲ့၊ အဲဒီကောင်တွေ ကဗျာစာအုပ်ရောဂါထက်နေလို့ ကဲန်တင်းမှာ ခေါင်းချင်းခွေ့ပြီး ဘိုင်ကျင့်ကျင့်ဖို့ ကြံနေတာ"

"မွှီး. . . လာ. . . ဒိုးစို့"

လေတစ်ချက် ချွန်ပြီး လူကို လက်ဆွဲလိုက်တော့ လေထဲ လမ်းလျှောက်ပြီး လပေါ် လှိုင်းလာစီးရသလိုလိုနှင့် လူမှာ လွန့်လွန့်လူးသွားရှာ၏။ ဟုတ်ပါသည်. . .။

ပြောကြစတမ်းဆို သူသည် တက္ကသိုလ် ရောက်ခဲ့သည့် တစ်လျှောက်လုံးနှင့် ခုနကလေးတင်အထိ တက္ကသိုလ်ဆိုတာ သင်ကြားစရာအတတ်ပညာ စာများသာ ရှိခဲ့သည်ဟု မှတ်ထင်ခဲ့သူ ဖြစ်ပါသည်။

ယခုတော့ သိမ္မဗေဒ ပြင်ပမှ ဆာလောင်မှုများအတွက် နှလုံးသား အာဟာရများလည်း တတ်မြောက်စရာ ရှိနေသေးကြောင်း ရင်တန်းစေ့ သိမြင်လိုက်ရတော့သည်။

ဖူးနောက်မှ ပဒုအုံ ရှို့မီးသင့်သလို ဒီ-ဒီ-ဝီ-ဝီ ယောက်ယက်ခတ် ဆူညံနေသည့် ကဲန်တင်းထဲ ဝင်လာပြီး အထုပ်အထည်နှင့် လက်ဖူးလက်ကြပ် မိထားသော သာတ်တီးဒီကို နယ်ထိန်းဖမ်းလာသကဲ့သို့ လက်ဆုပ်လက်ကိုင်ပြု၍ တန်းလန်းပါလာသည့် သူ့ကို မြင်တော့ ကဗျာကောင်တွေ ပါးစပ်ဟောင်းလောင်း ဟသွားကြသည်။

"ဟာ. . . ပရော်ဖက်ဆာကြီး ဘယ်လိုဖြစ်လာတာတုန်း. . . ဘာမှုလဲ"

ညီညီလွင်၏အာမေဋိတ် ကွက်ရှင်။

"ဖူး. . . ဘာဖြစ်လို့၊ ပရော်ဖက်ဆာနဲ့က. . ."

သာကြည်၏နားမလည်နိုင်မှု မေးခွန်း. . .

စားပွဲဝိုင်းမှာ ရှိသည့် ကျန်ဇော်ရဲတို့ စည်သူက အသံထွက်မှုက်လုံးမေးခွန်းများနှင့် ကွက်ရှင်အောက်နေကြဆဲ။ သူ မခံစားဖူးသေး



www.burmeseclassic.com

www.burmeseclassic.com

သော ပျော်ရွှင်ဝင့်ကြွားစိတ်ကြောင့် အားလုံးကို ပိုင်စိုးပိုင်နင်း ကြည့်ပြီး ဖြစ်စဉ်ကို မြူးမြူးသွက်သွက် ပြောပြဖြစ်ပါသည်။

"........ အဲဒါပဲလေ... ဘာဆန်းလို့လဲ"

"ဩော်... ဂလိုလား"

အားလုံးက ရယ်ချင်ပက်ကျိတွေနှင့် ဇာတ်ရည်လည်သွား[ကြ]တော့ သာကြည်က...

"ဟား... ဟား... ဖြစ်ရမယ် ဖူးရေ နင်ကတော့ အဲဒီလ[တ်]ကြောင့် ရှေ့လျှောက် ဒုက္ခရောက်ဦးမယ်၊

အေး... တစ်ခုတော့ ကောင်းသား၊ နောက်ဆို ငါတို့ကို တွေ့ချင်ရင် ပရော်ဖက်ဆာကြီးကို ဇက်ပိုးရိုက်ပြီး လိုက်ပို့ခိုင်းပေါ့"

"ဟဲ့... ကြောင်စီဗူး၊ အဲဒါ ထားလိုက်တော့ဟာ၊ ငါ့ကို အဖွဲ့တွေနဲ့ မိတ်ဆက်ပေးဦးလေ"

ခေါင်းစဉ်ပြောင်းသွားကြပြန်သည်မို့ သာကြည်က ပရဲဆင့်တာ လုပ်၍ အင်ထရို ဝင်သည်။

"ကဲ... ရဲဘော်တို့၊ ဒါ ငါတို့မြို့က ငါပြောပြနေတဲ့ ကဗျာရေး ဖက် သူငယ်ချင်းဖူး(ခေါ်)ဖူးဖူးမွန်၊ ခုနက ငါပြောခဲ့သလို တို့ထုတ်မယ့် ကဗျာစာအုပ်ရဲ့ဘဏ္ဍာရေးပိုင်းဆိုင်ရာကို အဓိက တာဝန်ယူမယ့်သူလို့ မျှော်လင့်ရတဲ့သူပါဗျာ"

"ဖြောင်း... ဖြောင်း... ဖြောင်း၊ တွေ့ရတာ နောက်ကျတဲ့ အတွက် ဝမ်းနည်းပါတယ်"

လက်ခုပ်တီးပြီး နောင်ရေးစိတ်အေးသွားဟန်ဖြင့် ညီညီလွင်က ထအော်သည့်အတွက် အားလုံးသဘောပေါက်စွာ ရယ်မောလိုက်ကြသည်။ ပြီးနောက် သာကြည်(ခေါ်) အာဒမ်ဆိုးလ်က တစ်ဆက်တည်း ဖူးဖူးမွန်(ခေါ်) ဖူးအား ညီညီလွင်(ခေါ်) ဦးဦးညီညီ၊ ဇော်ရဲထက်(ခေါ်) C.T.T (ဖလော်)တို့နှင့် မိတ်ဆက်ပေးလိုက်သည်။ ပွင့်လင်းလွတ်လပ်





သော တက္ကသိုလ်ကျောင်းသား လူငယ်များပီပီ ကိန်းကြီးခန်းကြီး လုပ်ပြီး သက်ဆွဲနှုတ်ဆက်တာတွေ ခါးညွတ် ဦးထုတ်ချွတ်ပြတာတွေ၊ မတ် တတ်ထ လက်ညှိုးထောင်တာတွေ တစ်ယောက်မှ မလုပ်ကြပါ။

သာကြည့်စကားဆုံးသည့်အခါ ဖူးထံမှ စူးခနဲ အသံထွက်လာသည်။

"ဟဲ့... သာကြည်... ကြောင်စီဗူး၊ ဒီမှာ တစ်ယောက်ကျန် သေးတယ်လေ၊ သူက ဘယ်သူလဲ"

သူ့ထံကို လက်ညှိုးလေး ညွှန်၍မေးသည်မို့ ကျန်သူများ ကြောင်တက်တက်ဖြစ်နေစဉ် ကိုယ့်ဘာသာကိုယ် အမြန်မိတ်ဆက် လိုက်သည်။

"တို့နာမည်က သားလတ်ကိုပါ၊ ဘော်ဘော်တွေကတော့ ပရော် ဖက်ဆာလို့ ခေါ်ကြတယ်၊ ဖူးလည်း ကြိုက်သလို ခေါ်ပါ၊ လောလော ဆယ် ကိုကိုတို့ မောင်မောင်တို့ ဆိုတာမျိုးကလွဲရင်ပေါ့... အဟဲ"

"အယ်... ဦးလေးနာမည်က မိုက်တယ်၊ သားလတ်ကိုပါတဲ့ .. ကဗျာဆန်လိုက်တာ"

ဒါက ဖူးအမွှေ။

"ဖြစ်ရလေ ဖူးမွန်ရာ၊ ကိုယ့်စီးလာတဲ့နွား အထီးလား အမလား မသိဘဲနဲ့များ"

ဒါက သာကြည့်အနှောက်။

"ခုတော့ ကိုယ်စီးလာတဲ့ကားက ချက်ဗလက်ခေါင်းတိုမှန်း သိ ပြီနော် ဖူး"

ဒါက ညီညီလွင်အပို့။

"လောလောဆယ် ကြိုက်သလိုခေါ် ဆိုရင် ခုလိုပဲ ဇက်ပိုးရိုက် ပြီး ခေါ်ပေါ့ ဖူးဖူးမွန်ရာ"

ဒါက ဇော်ရဲထက် အယောင်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သားလေးကို ဇက်ပိုးလို့ ကင်ပွန်းတပ်ပွဲ အထမြောက်သွားပြီမို့ ပရိသတ်များ ကိုယ်ကြိုက်တာ ကိုယ်မှာစားနိုင်ကြပါပြီ၊ ပြီးရင် အလှူ့အစ်မ ဒေါ်ဇူးမွန်က ရှင်းပါလိမ့်မယ်ခင်ဗျား"

ဒါက စည်သူသန့် အပိတ်။

နောက်တော့ ရယ်သံတွေ စီစီညံ ထွက်သွားကြသည်။ သို့သော် ကိုယ့်အုပ်စုထက် ညံညံစီနေသည့် ဘေးဝိုင်းတွေကြောင့် ဤအရပ်မှာ ထူးမခြားနား ပတ်ပျိုးပင် ဖြစ်သွားရသည်။ အားလုံး စကားဝိုင်းသိမ်းပြီး တလပ်စ်ပြန်တက်ကြဖို့ လူစုခွဲတော့ ဇူးအနားကပ်ပြီး သူ လှိုက်လှိုက်လှဲလှဲ ပြောဖြစ်ခဲ့ပါသည်။

"အစစအရာရာ ကျေးဇူးတင်ပါတယ် ဇူးရယ်"

"ဘာကိုလဲ"

"ပျောက်ဆုံးနေတဲ့ တစ်စုံတစ်ရာနဲ့အတူ ကိုယ့်ကိုယ်ကို ပြန်ရှာတွေ့သွားလို့ပါ"

"အယ်တော့. . . ဘာကြီးလဲ"

သူ အမှန်အတိုင်း ပြောပြခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်မှ ကားဖြင့် တစ်နေ့နှင့်တစ်ည ခရီးအလှမ်းကွာသည့် မွေးရပ်မြို့လေးမှ သူထွက်ခွာခဲ့စဉ်က မြင့်မားသော ပညာရှင်တစ်ယောက်ဖြစ်ရေးအတွက် ဆည်းပူးသင်ယူလိုခြင်းဟူသည့် ကျောပိုးအိတ်တစ်လုံးသာ ပါခဲ့သည်။ သူ့ရည်မှန်းချက်ကို ချိတ်တွယ်တုံ့ဆိုင်းစေမည့် အဖြစ်အပျက်အခြင်းအရာမှန်သမျှကို အကန့်ဖြတ်ခဲ့သည်။

သာကြည်တို့ ညီညီလွင်တို့ လက်တစ်ဆုပ်စာ သူငယ်ချင်းအဝန်းအဝိုင်းလေးနှင့်သာ လုံလောက်နေခဲ့ပါသည်။ သည်ကြာမှ ပတ်ဝန်းကျင် ညှို့ငင်မှု၊ သဘာဝစေ့ဆော်မှုနှင့် အသက်အရွယ်၊ အခြေအနေ အတွေ့အကြုံများအရ သူ တစ်စုံတစ်ရာကို ဆာလောင်တတ်လာခဲ့သည်။





တစ်စုံတစ်ရာဆီ သွားရင်း တစ်စုံတစ်ခုသည် ပျောက်ဆုံး လပ်ဟာနေသည်သို့ ခံစားလာတတ်ခဲ့သည်။ သို့သော် အမျိုးအစားကိုတော့ ခွဲခြားနိုင်ချေ။ ခုတော့ ဇက်ပိုးပေါ် ကျလာသည့် လက်ဝါးတစ်ချက်ကြောင့် ပြင်ဆင်ချိန်မှဲ့ ရှင်းရှင်းသိမြင်ခဲ့ရပါပြီ။

အဲဒါ. . . . . . . .

. . . . . . . . အချစ်။



www.burmeseclassic.com

www.burmeseclassic.com





# (၁၄)

**ကြယ်**ကြူကျူ. . . (တစ်ဦးတည်းပိုင် မောဟ)

| | | | | | |
|---|---|---|---|---|---|
| ပွင့် | သုံး | ငါ | - | - | လ |
| ပြီး | နှစ် | - | ဘူး | - | သက် |
| ရင် | သုံး | - | ခါး | - | တော့ |
| ကြွေ | မိုး | ကြမ်း | ရည် | - | မယ် |
| လိုက် | တိမ် | ကြား | တစ် | - | - |
| ရ | ဖုံး | လေ | ခွက် | - | - |
| မှာ | ထား | က | ဆက် | ဒီ | - |
| စိုး | ခဲ့ | လေး | သ | မှာ | - |
| လို့ | ရ | ရယ် | ပါ | - | - |

Z ပိုး





"ဟယ်. . . ကို့ကဗျာလေးက မိုက်တယ်ဟေ့၊ အတော်ပဲ. . . နောက်ထုတ်မယ့် ကဗျာစာအုပ်ကျရင် ထည့်သုံးရမယ်"

ပေးဖတ်လိုက်သည့် ကဗျာစာရွက်ကလေးကို သေချာဖတ်ပြီး ဇူးက လွင်လွင်မြူးမြူးလေး ပြောလိုက်ခြင်းဖြစ်သည်။ သူ ဇူးကို ကြည့်ငေးလက်စ မသိမ်းနိုင်သေးပါ။

သူ ငြိမ့်ခုန်ခုန် နှလုံးထိချက်က ဇူးမ၏ ပါးခွက်ပြုံးထဲမှာ အတုံးအရုံး လဲကျနေဆဲဖြစ်သည်။

"ဒါနဲ့ နေပါဦး၊ ကိုက မရေးတတ်ဘူးနဲ့ ခု ဘယ်တုန်းက ကဗျာဆရာဖြစ်သွားရတာလဲ"

ပခုံးချင်း တိုက်ပြီး မေးလာသည့် ဇူးကို သူ့ပြုံးပြရင်း. . .

"အင်း. . . တံငါနားနီးတံငါ. . . ကဗျာနားနီးကဗျာတဲ့၊ ညည်းပဲ သင်ပေးပြီးတော့ ခုမှ မသိချင်ယောင်ဆောင်မနေနဲ့လေ ကဗျာဆရာမလေးရဲ့၊ ဒီစကားလုံး အခင်းအကျင်းကို ကဗျာစာအုပ်ထဲ ထည့်သုံးတာသုံးတာထက် ဇူးရင်ထဲ ထည့်သုံးဖို့က ပိုအရေးကြီးပါတယ်၊ ကိုယ့်တိုအရားဝင် ခေါင်းစဉ်တစ်ခုတော့ တပ်ပေးသင့်ပြီနော် ဇူး"

ဇူး လက်ဖဝါးကို သူ ဖွဖွဆုပ်ပြီး မေးတော့ ခဏငြိမ်သွားသည်။ ပြီးတော့ သူ့လက်ဖဝါးပေါ် ကို သူမလက်ဖဝါးတစ်ဖက် ထပ်အုပ်ဆုပ်ကိုင်ပြီး ဇူးက ဆို၏။

"ကိုရာ. . . ခေါင်းစဉ်တစ်ခုအောက်မှာ ထိန်းကျောင်းမွန်းကျပ်နေရမှာထက် ခေါင်းစဉ်အောက်မှာ ရှိအပ်တဲ့ အနှစ်သားတွေအတိုင်း လွတ်လပ်ခံစားနေရတာက အဓိပ္ပါယ်နဲ့ ပိုမနီးစပ်ဘူးလားကွာ၊ ဇူး. . . တို့ကို နားလည်နိုင်ပါတယ်။ အဲဒီလိုပဲ ဇူးကိုလည်း နားလည်ပေးပါတဲ့. . . ပြော၊ ခု ဇူးတို့နှစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်းဆိုင်ရာ ခံယူပြုမူမှုတွေမှာ ချစ်သူအင်္ဂါ မစုံလင်တာ ဘာရှိလဲ၊ ဘာတွေလိုသေးလို့ ဘာတကြီး လိုအပ်ရမလဲ၊ ဇူးကတော့ ပိုးကြိုးနဲ့ ချည်လည်းအတုပ်အ



www.burmeseclassic.com

www.burmeseclassic.com



နှောင်၊ သံကြိုးနဲ့ ချည်လည်း အတုပ်အနှောင်လို့ နားလည်ထားတယ်။

ဇူးကြောင့်လည်း ကို မွန်းကျပ်မနေစေချင်ဘူး၊ အဲ. . ဇူးလည်း ကိုကြောင့် မွန်းကျပ်မခံချင်ဘူး. . .

ကဲပါ. . . လေးလံတဲ့ သတ်မှတ်ချက်ကြီးတွေ ကိုရင်ဘတ်ထဲ ထမ်းထည့်မနေနဲ့တော့၊ ရိုးရှင်းတဲ့ သဘာဝတရားအတိုင်း နှလုံးခုန်ခွင့် ပေးလိုက်ပါ”

သူ့ရင်ခွင်ထဲ ယိုင်ဆင်းလာသည့် ဇူးကိုယ်က နွေးထုံသင်းနံ့ ပါသည်။ သူ့နှုတ်ခမ်းပေါ် ကျလာသည့် ဇူးအနမ်းက လှိုက်အီ ချိုမြိန်ပါ၏။ သူ့ရင် သူ့အနမ်းကတော မည်သည့်အရာကို ညွှန်းဖွဲ့နေပြီလဲမသိ။ ရင်ခုန်သံချင်း ချိတ်ဆက်ပြီး ရင်ငွေ့လှုံ ရှာဖွေကြည့်တော့လည်း ဇူးပြော သည့် အနှစ်သားကို စမ်းမမိချင်သလိုပင်။

သည်ဒဂုံတက္ကသိုလ်ဝင်းထဲမှာ တွေ့သည့်သူကို လက်တို့မေး ကြည့်။ ‘ဇူးဇူးမွန်နဲ့ သားလတ်ကိုက ဘာလဲ’ ဟု အားလုံးက ‘ချစ်သူရည်း စားတွေ’ ဟု မပြောလျှင် သူ့ဇက် လာဖြတ်လှည့်။

ဟုတ်တယ်. . . သူငယ်ချင်းတွေကြား ချခင်း ပြောပြပြီး တရား ဝင်ချစ်သူတွေ မဟုတ်ကြောင်း ရင်ဖွင့်တော့လည်း ‘မင်းတို့မြေး မူကြို အပ်တော့မှ တရားဝင်ချစ်သူ ဟုတ်မဟုတ် လာပြောကွာ’ တဲ့။

“ဟူး. . .”

သူ မပျော်ဘူးလားဆိုတော့ ပျော်သည်။ ပျော်လားဆိုတော့ မပျော်သလိုလို။ ဒါဖြင့် မပျော်ဘူးပေါ့လို့ မေးလာလျှင်တော့ ‘ပျော်ပါ သည်. . . ဇူးဘဝထဲ အငွေ့ပျံ စီးဝင်ချင်သည့်အထိ ပျော်ကျပြီး. . . ပျော်ပါသည်’ ဟု ဖြေရပါတော့မည်။

ဇူးကိုယ်တိုင် မောင်းထွက်သွားသည့် ကမာရင်ကွဲရောင် မတ် တူးကားလေး မြင်ကွင်းအောက်က ပျောက်ကွယ်သွားသည်အထိ ငေး မျှော်လိုက်ကြည့်ပြီးမှ အဆောင်ပြန်ရန် သူ ကားမှတ်တိုင်သို့ လျှောက်





သာခဲ့သည်။ စောင့်မျှော်စောင့်ဆိုင်းရသည့်အလုပ်က လူထုသုံး ဘတ်စ် ကားမှတ်တိုင်မှာပင် မလွတ်ချေ။

ခံတွင်းချဉ်ချဉ် ရှိလာသဖြင့် သူ့ကို ဇူးက အိမ်ရောက်မှဖတ် ဆိုပြီး အိတ်ကပ်ထဲ ထည့်ပေးလိုက်သောကဗျာကို သတိရ၍ ထုတ်ဖတ် ကြည့်လိုက်မိလေသည်။

အရိပ်ရဲ့ အရောင်ဝှက်

. . . အချစ်ထိမှ

ခလုတ်တမိ. . .

ဦးဖွ . . . ဦးဖွ. . . မန်းမရတော့. . .

ကျွန်မ . . . ဒီည. . . ဖျား. . . ပြီ. . . မောင်။ ။



www.burmeseclassic.com

www.burmeseclassic.com





## (၁၅)

သူ့ လှည်းတန်းစံရိပ်ငြိမ်ရှိ အဆောင်သို့အရောက်မှာပင် အဆောင်ဝင်းအဝ၌ အဆောင်ပိုင်ရှင် အန်တီကြီးနှင့် ဆုံသည်။

"မောင်သားလတ်ကို. . . ဧည့်ခန်းမှာ ဧည့်သည်စောင့်နေတယ်"

"ဟုတ်ကဲ့ အန်တီ. . . ကျေးဇူး"

လာတောင့်လာခဲ ဘယ်ကဧည့်သည်များလဲဟူသော အတွေးဖြင့် ဧည့်ခန်းဆီ သွက်သွက်လှမ်းလာခဲ့သောသူ ဧည့်ခန်းမှာ ထိုင်နေသူနှစ်ဦးကို မြင်လိုက်၍ ဝမ်းသာအားရ ပြေးသွားလိုက်သည်။





"ဟင်. . . မေမေ. . . ကိုကို"

ဆက်တီခုံပေါ် ပစ်ဝင်ပြီး မေမေ့ကို ကျုံးဖက်ပစ်လိုက်သည်။ ကိုကိုကတော့ သူ့ကို ပြုံးတည်တည်ကြီး ကြည့်နေ၏။

"မေမေတို့ ဘယ်တုန်းက ရောက်တာလဲ၊ ဘာကိစ္စရှိလို့လဲဟင်၊ ကိုကို. . ဖေဖေကော နေကောင်းတယ်မို့လား"

ဘာပြောပြော (First semester)ပိတ်စဉ်က မပြန်ဖြစ်သည်နှင့် ပေါင်းလျှင် ဇာတိမြို့ရှိ မိဘများထံ ပြန်မရောက်ဖြစ်သည်မှာ (၆)လကျော်(၇)လလောက် ရှိနေပြီမို့ အားရဝမ်းသာနှင့် ပီတိကလေးငယ်လို သူပြန်ဖြစ်သွားရသည်။

"မေမေတို့ မနက်စောစော ကားနဲ့ ရောက်တယ်၊ သုဝဏ္ဏက သားအဖေရဲ့ညီမတွေအိမ်မှာ တည်းတယ်လေ သားဖေဖေ နေကောင်းပါတယ်၊ မေမေတို့ ဒီရောက်တာတောင် အတော်ကြာပြီ၊ သား ကျောင်းက အခုမှ ပြန်ရတာလား၊ နေတောင် အတော်စောင်းနေပြီ"

"ဟုတ်တယ် မေမေ၊ ဒီနေ့ နည်းနည်းနောက်ကျသွားတာ၊ ခါတိုင်း ဒီထက်စောပါတယ်"

သူ့စကားဆုံးတော့ ကိုကိုက ပြုံးစစနှင့် ဝင်ပြောသည်။

"သိပြီးပါပြီ ညီညီရာ၊ ခုနကပဲ မင်းသူငယ်ချင်း ဦးဦးညီညီလာ၊ သူပြောတာ ကောင်မလေးတစ်ယောက်ဆီမှာ ပရက်တီကယ် လုပ်နေရတာဆို"

"အာ. . . ကိုကိုကလည်း" ဟု ပြောရင်း ကိုကိုလက်မောင်းကို သူ့လက်သီးနှင့် ထိုးလိုက်သည်။ ညီအစ်ကိုနှစ်ယောက်၏ပြောဆိုနေကြတာကို သူမမျက်လုံးထဲတွင် နို့စို့နို့ညှာအရွယ် နို့မဖြတ်ကြသေးသည့် ကလေးငယ်များသဖွယ် မြင်နေဆဲ ဖြစ်သော ဒေါ်သက်ငုံဖူးမှာ နစ်မျောပြီး ပြုံးကြည့်နေရာမှ မျက်နှာတစ်ချက် ညှိုးသွားသည်။ အော်. . . ကိုယ်ကသာ နို့ပြတ်ပြီ ထင်သည့် သားတွေက ခုထိ ချိုချိုဆာတုန်းပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သား ဒီည မေမေတို့နဲ့ သုဝဏ္ဏအိမ် လိုက်အိပ်မယ်လို့ အဆောင်ပိုင်ရှင်အစ်မဆီမှာ ပြောပြီးပြီ၊ သွား. . . ရေချိုး အဝတ်အစားလဲ၊ ဟိုကျမှ ထမင်းအတူစားကြမယ်"

မေမေ့အစီအစဉ်ကြောင့် သူအလွန်ပျော်သွားသည်။ မေမေမပြောလျှင်လည်း သူက သည်အစီအစဉ်ကို ဆွဲဖို့ ကြံစည်ထားပြီးသားဖြစ်သည်။ ရောက်တုန်းရောက်ခိုက် မေမေ့ရင်ခွင်ကြား ခေါင်းတိုးဝှေ့အိပ်ချင်သေးသည်။ စကားတွေ တွတ်ထိုးချင်သေးသည် မဟုတ်လား။

"အာ. . . ရေမချိုးတော့ပါဘူး မေရာ. . . ဟိုကျမှပေါ့၊ ခဏလေး. . . ခဏလေးပဲစောင့်"

သူ့အခန်းဆီ အပြေးအလွှား တက်သွားပြီး အဝတ်အစားနှစ်စုံ ကျောပိုးအိတ်ထဲ ထိုးထည့်လွယ်လိုက်သည်။ ဘေးကုတင် တစ်ချက်ကြည့်လိုက်တော့ ညီညီလွင် မရှိ၊ သူ တံခါးပိတ်ပြီး တစ်ဖက်ခန်းထဲသို့ ဝင်လိုက်တော့ ဇော်ရဲထက် စာဖတ်နေသည်။

"ဟေ့ကောင် နောင်လူသစ်. . .၊ မနက် ကျောင်းရောက်ရင် ဖူးကို ပြောပေး၊

ငါ မေမေတို့ ရောက်နေလို့ တစ်ရက်နှစ်ရက်လောက် ကျောင်းရောက်ချင်မှရောက်မယ်လို့၊ ခု မေမေတို့နဲ့ လိုက်အိပ်မှာ၊ ဟေ့ကောင် စိတ်ချမပါနော်. . . ဒိုးပြီဟေ့"

ဇော်ရဲ တစ်ခုခု လေမရှည်ခင် သူ အပြေးတစ်ပိုင်း ပြန်ထွက်လာခဲ့သည်။ သူ ဧည့်ခန်းထဲ ပြန်ရောက်တော့ မေမေနှင့်ကိုကိုက ရပ်စောင့်နေသည်။

သူ မေမေ့ပခုံးကို ချိတ်မှီတွဲလျှောက်ခဲ့ပြီး လမ်းမကြီးထိပ်ရောက်မှ အငှားကားတစ်စီးဖြင့် သားအမိသုံးယောက် သုဝဏ္ဏအိမ်သို့ လာခဲ့ကြသည်။ ညဦးပိုင်း စားသောက်ပြီး အိမ်ရှင်များက နေရာချ အိပ်ရာဝင်သွားကြသည့်အခါ သူတို့မိသားစုသုံးယောက် အိမ်ရှေ့ဝရန်





တာ အဆောင်လေးထဲမှာ စကားဝိုင်း ဆက်ဖြစ်ကြသည်။ ရပ်ကြောင်းရွာကြောင်း၊ ကျောင်းကြောင်း စာကြောင်းများ အတော်စုံစေ့လောက်သည့်အခါမှာ မေမေက သူ့ကို စေ့စေ့ကြည့်ပြီး ခေါ်လိုက်သည်၊

"သားလေး. . . သားလတ်"

"ဗျာ. . . မေမေ"

"အခု ကျောင်းမှာ သား ချစ်သူရှိနေပြီလား"

"ဟုတ်. . . ရှိတယ်ပြောရင်လည်း ရတယ်၊ မရှိဘူး ပြောရင်လည်း ရတယ် မေရ. . . အဟဲ"

"ဟင်. . . ထုံးစံအတိုင်း ညီညီတို့က မရှင်းမရှင်း လုပ်လာပြီ"

သူ့စကားကို ကိုကိုက အီလည်လည်ရုပ်နှင့် ဖြတ်ဝင်လိုက်၍ သူ ရှင်းပြရတော့သည်။

"ဒီလို ကိုကိုရာ၊ ဖူးနဲ့က. . . အဲ. . . ဖူးဆိုတာက သားကောင်မလေး၊ မုံရွာဘက်က နည်းနည်းဆွေကြီးမျိုးကြီးထဲက ဖြစ်မယ်ထင်တာပဲ၊ သားနဲ့ဖူးနဲ့က. . . အင်း. . . ချစ်သူရည်းစားလိုတော့ နေတယ်၊ အဲ. . . ချစ်သူရည်းစားတော့ မဟုတ်ဘူးလို့ ဖူးက ပြောတာပဲဆိုတော့ ကိုကိုရာ"

သူ့စကားနှင့်သူ ချာလပတ်ယမ်းနေသော သူ့စကားကို ဒေါ်သက်ငုံဖူး ကြားဖြတ်ဝင်မေးလိုက်သည်။

"သားက အဲဒီမိန်းကလေး. . . အဲ. . . ဘယ်သူ. . ."

"ဖူး. . . ဖူးဖူးမွန်ပါ မေမေ"

"အင်း. . . အဲဒီဖူးကို အိမ်ထောင်ရေးအတွက်ထိ စဉ်းစားထားတာလား၊ အဲကွယ်. . . ရှင်းရှင်းမေးမယ်၊ လက်ထပ်ပေါင်းသင်းသွားဖို့ ရည်မှန်းထားတာလား"

"ဒါပေါ့ မေမေရဲ့၊ သားက ဖူးကို သိပ်ချစ်တာ၊ တစ်သက်လုံး ပေါင်းဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မမေ့မျက်နှာ အရောင်ပြောင်းသွားသည်ဟု သူထင်သည်။ ကိုကို့မျက်နှာကလည်း တစ်မျိုးဖြစ်နေသည်ဟု မြင်ရ၏။ သူ နားမလည် စိတ်ဖြင့် မမေ့မျက်နှာဆီ ကြည့်မိတော့ မမေက သူ့မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေလေသည်။

"ဒါဆို သုန်သုန့်ကိစ္စကို ဘယ်လိုရှင်းမယ်လို့ စိတ်ကူးထားလဲ သားလတ်"

"ဘာကို ဘယ်လိုရှင်း. . . ဘာလဲ. . . သုန်သုန့် ဘာကိစ္စလဲ၊ ဘာတွေပြောနေတာလဲ မမေ"

သူ အာရုံနောက်သွားသဖြင့် အမေးတွေက ကသောင်းကနင်း ဖြစ်သွားရသည်။ သူ စိတ်ကူးယဉ်ထားတာက မမေ့နား ကပ်ခွဲပြီး ဇူးကို စည်းရုံးခိုင်းဖို့၊ စက်ကင်းတဲန်းကျောင်းကြီး ပိတ်လျှင် စေ့စပ်ထား ခိုင်းဖို့၊ အဲဒီအစီအစဉ်ကြားထဲ ဘယ့်နှယ်. . . ပိုးဟပ်ဖြူ ဝသုန်မြတ်နိုး နာမည်က ကန့်လန့်လာခံလိုက်မှန်း မသိသဖြင့် စိတ်တောင် အတော်ရှုပ် သွားသည်။

သူ မအီမသာဖြစ်နေစဉ် မမေ့အသံက ထွက်လာပြန်၏။

"ဒီမယ်. . . သား၊ မမေဟာ သားချည်းနှစ်ယောက် မွေးထား ပေမယ့် မိန်းမတစ်ယောက်မို့ မိန်းမသားတွေရဲ့ဘဝကို ထပ်တူ စာနာ စိတ် အမြဲရှိနေတဲ့သူပါ၊ ပြီးတော့ မမေ့သားတွေမှာလည်း မူလ ယောကျ်ား အခွင့်ထူးကို ခံပြီး မိန်းမသားတွေပေါ်မှာ အနိုင်အထက်ဖြစ် ဖြစ်၊ ဖြားယောင်းပြီးပဲဖြစ်ဖြစ် အခွင့်အရေးယူတတ်၊ လက်လွှတ်စပယ် အခွင့်ကောင်း အသုံးချတတ်တဲ့ စိတ်ဓာတ်မပါအောင် ပြုစုထိန်း ကျောင်းခဲ့တယ်"

သူ တစ်ခုခု ဝင်ပြောမည် ပြင်သည်ကို မမေက လက်ကာပြ ၍. . .

"ပြီးတော့ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ ကိုယ်ပြုလုပ်





ခဲ့တဲ့လုပ်ရပ်အပေါ် ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ တာဝန်ယူရဲ တဲ့စိတ် ရှိရတယ်ကွဲ့၊ ပြီးတော့ သုန်သုန်ဆိုတာကလည်း သားရဲ့ငယ် ပေါင်းကစားဖော် သဘောဖြူ အူစင်းလေးပါ၊ သားအနေနဲ့. . ."

သူ သည်းညည်းမခံနိုင်တော့။ ဘာမှန်းမသိ ညာမှန်းမသိ နားရှုပ်ထွေးလာသည့်အတွက် တစ်သက်လုံး မလုပ်စဖူး မမေ့စကားကို ဖြတ်ပြီး ဒရောသောပါး ခပ်ကျယ်ကျယ် မေးလိုက်မိသည်။

"ဘာလဲ မမေ၊ သုန်. . ဝသုန်မြတ်နိုးက ဘာပြောလို့လဲ"

ဒေါ်သက်ငုံဖူး ဆတ်ခနဲ ဖြစ်သွားပြီး. . .

"ဘာမှမပြောဘူး. . . သမီးလေး သုန်သုန်က ဘာတစ်ခွန်းမှ မပြောရှာပါဘူး၊ ဘယ်သူ့ကိုမှလည်း အသိမပေးဘဲ ကြိတ်မှိတ်ခံစားနေ ရှာတာပါ၊ မင်းကိုဆို စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့တောင် သူ့ မိဘတွေကို မျက်ရည်ခံထိုး အသက်နဲ့ အကျပ်ကိုင်ပြီး လုံးဝမပြောရဘူး လို့ တားဆီးခဲ့တဲ့သူပါ၊ ကိုယ့်ပေါ် သိတတ်ဖေးမတတ်တဲ့ ကလေးမကို မင်း အဲဒီလိုမျိုး စိမ်းစိမ်းကားကားနဲ့ သောကဒုက္ခတွေ ပေးပြီး ဥပေက္ခာပြုထားတာတော့ ရိုင်းလွန်းတယ်၊ မမေ ဘယ်လိုနည်းနဲ့မှ ကြည့်မ နေနိုင်ဘူး၊ အမှန်ဘက်က အားနည်းတဲ့ဘက် ရပ်ရမှာပဲ သားလတ်"

မမေ့စကားပြတ်တော့ သူတစ်ချက်တွေသွားသည်။ သုန်သုန် . . . သူ့ငယ်ပေါင်း အနီးကပ်ဆုံးအဖော်မလေး၊ သူ့အပေါ်တွင် အား ကိုးလွန်း၊ အနွံတာခံလွန်း၊ ဖေးမလွန်း၊ အလေးထား အားကိုးလွန်း နောက်ဆုံး. . .

သူ့အပေါ် နွယ်ငင်နေသည့် သံယောဇဉ်အရောင်အသွေး ရင့် ပြောင်းလာသည်ကို မလုံမခြုံ သိဝှက်နေတတ်သူလေး။

ပြီးတော့ သူကလည်း ပီဘိအဖြူထည်လေးမို့ ဖေးကူပြီးနွေး ထွေးမှုပေးခဲ့ရသူလေး. . .

ရိုးရှင်းစွာ ညှာတာစိတ်ကြောင့် သူ့ကို ဆယ်တန်းနှင့်ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



အက်ဆီးဒင့် ကြုံရစဉ်တုန်းကဆိုရင် မသိစိတ် စေရာအတိုင်း ကိုယ့်အသက်ကိုတောင် သူမ အစားထိုးပေးခဲ့ဖူးရသူပါ။

မွေးရာပါ ချူချာသူမို့ အက်ဆီးဒင့် ဖြစ်ပြီးနောက်ပိုင်းမှာ သူမ စာမေးပွဲ မအောင်ခဲ့တော့။ သူလည်း သူ့အဓိက ပညာရေး ရည်မှန်းချက်အတိုင်း ရန်ကုန်မှာ တက္ကသိုလ်တက်နေရသည်ဖြစ်၍ သူမနှင့် အတွေ့အဆုံ ကင်းပြတ်ခဲ့တာ အတော်ကြာခဲ့ပြီ။

ခု သူမ ဘာဖြစ်သလဲ။

သုန်သုန် ဘာဖြစ်လို့တဲ့လဲ။

ပြီးတော့. . . အသက်တွေ. . . မျက်ရည်ခံထိုးတွေနဲ့။ ဘာတွေဖြစ်ကုန်တာလဲ သုန်သုန်။ ငါ့ကို ပြောပါဦး။ သားလတ်ကို ပြောပါဦး သုန်သုန်။

"မေမေတို့ကလည်း သားဘဝ ရည်မှန်းချက် မပျက်အောင် စဉ်းစားထားကြတာပါ၊ တစ်ဖက်က ဖုံးမနိုင်ဖိမရ ဖြစ်လာလို့ မိဘဂုဏ်သိက္ခာအရ လူမှုဝန်းကျင်ပြဿနာအရ၊ နောက်. . သမီးလေးသုန်သုန် ကျန်းမာရေးနဲ့ ဘဝရပ်တည်ချက်အရ သားတို့ကို မင်္ဂလာဆောင်ပေးပြီးရင် သားကလည်း ကျောင်းကက်စရာရှိတာ ဆက်တက်၊ သုန်သုန့်ကိုလည်း မေမေတို့နဲ့အတူ စောင့်ရှောက်ကြမှာပါ"

အတွေးနှင့် မျောသွားသည့် သူ့စိတ်သည် မေမေ့စကားသံဆန်အတက်၌ သောင်ငြိသွားသလိုမို့ လန့်တကြား ရှုန်းလိုက်ရင်း. . .

"သားနဲ့သုန်သုန်ကို မင်္ဂလာဆောင်ပေးမယ်"

"ဟုတ်တယ်. . . မင်း မစဉ်းစားဘဲ စိတ်အလိုလိုက်ခဲ့လို့ အခြေအနေအရ သုန်သုန့်ကို မင်း လက်ထပ်မှ ဖြစ်တော့မယ် ညီညီ"

ကိုကို့စကားက သူ့ရင်အညွှာကို ဖျစ်ညှစ်လိုက်သလို မွန်းကျပ်အသက်ရှူမှားသွားစေသည်။ တစ်ပြိုင်တည်း ဘယ်အချိန်က မြင်လွှာထဲ ပြေးဝင်လာသည် မသိသော ဖူး၏မျက်နှာ၊ ပါးခွက်အပြုံး၊ ရယ်သံလွှင်၊ အနမ်းပူနွေး၊ ရင်ခွင်ငြိမ့်ငြိမ့်၊ ချစ်ခြင်းဖွဲ့ကဗျာ၊ သူ့ရင်ကို အလျားလိုက် ခင်းပြီး ဒေါင်လိုက်စကားတစ်ခွန်းကို ညှစ်ထုတ်လိုက်သည်။





"ညီမှ သုန်သုန့်ကို လက်ထပ်ဖို့အထိ မချစ်တာ"

"ဘာကွ. . . ညီ. . . မင်း. . ."

"ခွပ်. . ."

"ဟဲ့. . သားကြီး. . တော်၊ ရပ်စမ်း. . . လက်မပါနဲ့"

စကားအဆုံးမှာ မေးရိုးပေါ် ပြေးဝင်လာသော လက်သီးကို သူ မရှောင်နိုင်ခဲ့။ အကယ်၍ ရှောင်နိုင်သည် ထားဦး။ ကိုကို ဒေါသတကြီး ဆက်ပြောလိုက်သည့်စကားကို ကြားသိရချိန်ဆိုလျှင်တော့ သူ ရှောင်ဖြစ်မည် မဟုတ်မှာ သေချာပါသည်။

"ခွေး. . . လူကမွေးပြီး ခွေးဖြစ်နေတဲ့ခွေး၊ ဟိုမှာ. . . သုန်သုန်မှာ. . . မင်းစုတ်ပွဲခဲ့တဲ့ ကိုယ်ဝန်ကြီးနဲ့ကွ. . . တော"

"ဗျာ"

သူ့မှတ်ဉာဏ်က ဆေးရုံမှဆင်းပြီး တက္ကသိုလ်မတက်ဖြစ်သေးသည့်စပ်ကြား. . . လရောင်သွန်းည ညမွှေးပန်းခြုံအောက်မှ ခုံတန်းလျား သန်းခေါင်ကျော်ကာလ. . . သူမနှင့်သူ. . .

. . . . . . . . . .

. . . . . . . . . . . . . . .

သူ့ပစ္စုပ္ပန်အခြေအနေ ဘာတွေပြော ဘာတွေဖြစ် ဘယ်လိုအဆုံးသတ်သွားသည်ကို မသိတော့။ သူ့အနာဂတ် အခြေအနေ ဘာတွေပြော ဘယ်လိုစတင်ရမည်ကိုလည်း မသိတော့။ အသက်နှင့်ခန္ဓာ ချုပ်ရိုးပြုတ်ထွက်မသွားရန်သာ တွယ်ရာမဲ့ အော်မြည်တမ်းဖြစ်လိုက်ပါတော့သည်။

"ဖူး. . . . . ရေ

ဟုတ်တယ် ဖူး. . . ရေ



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ထိမှ. . . အချစ်တလည်း. . .
ဦးဖွ. . . ဦးဖွ မန်းမရတော့
ဦးဖွ. . . ဦးဖွ. . . မန်းမရတော့. . .
ဒီ. . ဘ. . ဝ. . နေ. . ဝင်. . သွား. . ပြီ. . ရှူး. . ။









(၁၆)

လူကြီးတွေများ သိပ်ရယ်ဖို့ကောင်းတာ သိလား. . သား လတ်။ သူတို့ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ လူငယ်တွေပေါ် ကလိန်ကကျစ် လုပ်ချင်သေးတယ်။ သူတို့ကတော့ သူတို့ ကျိတ်ကြံထားသမျှ လုံလုံပြီ ဟုတ်လှပြီပေါ့။

သိတယ်မို့လား. . . သုန်သုန်တို့က လှပ်လှပ်ကလေး နေတဲ့ တာ။ သူတို့ခြေလှမ်းကို အတိုင်းသား မြင်ထားပြီးပြီဥစ္စာ။

ဘယ်သူရှိရမှာလဲ. . .

ဖေကြီးရယ်. . . မေကြီးရယ်. . . အန်ကယ်နဲ့ အန်တီရယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

သုန်သုန် မသိဘူးမှတ်ပြီး သားလတ်နဲ့ တွေ့ရအောင်လို့တဲ့. . . ရန်ကုန်ကို လာကြတာလေ။

သူတို့ သားလတ်ကို ဖိအားပေးကြတော့မှာ။

သုန်သုန့်မှာ ကြုံတွေ့နေရတဲ့အခြေအနေကို ပန်းပြပြီး ဖိအားပေးကြတော့မှာ။ နိုး. . . လုံးဝမဖြစ်စေရဘူး။

သုန်သုန့်ကြောင့် ဒီအခြေအနေ ရောက်နေတဲ့ သားလတ်နောက်ထပ် သုန်သုန်ကြောင့် ရွေးတစ်စေ့စာတောင် လေးလံ ဖိစီးမခံစေရဘူး. . . စိတ်ချ။

မတော်. . . သားလတ် ဒီထက် အခြေအနေ ဆိုးသွားရင် သုန်သုန် သေပြီ။ သုန်သုန် သေလည်း သားလတ်အနားမှာပဲ နေမှာ. . . သိလား။

ဟင့်အင်း. . .

သုန်သုန် သေလို့မဖြစ်သေးဘူး။ သားလတ်ရဲ့ရင်သွေးလေးကို မွေးပေးရဦးမှာ။ သားလတ် ပုံမှန်စိတ် အကောင်းပကတိ ပြန်မဖြစ်မချင်း သားလတ်ကိုယ်စား သုန်သုန် ချစ်ရမြတ်နိုးရမယ့် ရင်သွေးလေးကို သားလတ် ပြန်လာတဲ့အထိ မွေးမြူပြုစုရဦးမှာ။

မွေးတာက ဒီမှာမွေးလို့တော့ မဖြစ်သေးဘူး။

သုန်သုန်တို့နဲ့ အလှမ်းဝေးတဲ့ အရပ်ဒေသတစ်ခုခုမှာ ဖြစ်ရမှာပေါ့. . . မဟုတ်ဘူးလား။

ဘာမှစိတ်မပူနဲ့ သားလတ်။

သုန်သုန် အားလုံး အသေးစိတ် စီစဉ်ထားပြီးသား။

သုန်သုန်တို့ ရှစ်တန်းတုန်းက ပြောင်းသွားတဲ့ ယမုံကို မှတ်မိတယ် မဟုတ်လား။

သားလတ်ကလည်း. . . ဟိုကြက်တောင်စည်းနှစ်ဖက် စည်း





ထားတဲ့ ကောင်မလေးလေ၊ သူတို့က ပဲခူးမြို့လေးမှာ နေတာ။

အဲဒီမှာပဲ မွေးဖွားပြီး သားလတ် ကျန်းမာပြီးတဲ့အထိ သုန်သုန် စောင့်မှာပါ။ အဲဒီကို ရန်ကုန်က သွားရင် လွယ်လွယ်လေး။

ရန်ကုန်ရောက်ဖို့ကလည်း ဘာခက်တာမှတ်လို့. . .

မေကြီးတို့ ဖေကြီးတို့နဲ့ အန်ကယ်တို့ အန်တီတို့နဲ့ အသာလေး ချောလိုက်ခဲ့ရုံပေါ့. . . လွယ်လွယ်လေး။

သားလတ်ရယ်. . . သုန်သုန်လေ. . .

အစကတော့ နောက်ဆုံးအနေနဲ့ (ဖွဟဲ့. . . မပြောကောင်းမဆိုကောင်း) သားလတ်ကို ခဏလိုက်ခိုးကြည့်ဦးမလို့၊ ဒါပေမယ့် မဖြစ်ပါဘူး။

သားလတ်ဆီ ရောက်ပြီးရင် သုန်သုန် ဘယ်လိုမှ ဆတ်ခြေလှမ်းလို့ရတော့မှာမဟုတ်ဘူး။ လူကြီးတွေကလည်း မျက်ခြည်မပြတ်ကြည့်နေကြမှာလေ။

ခွင့်လွှတ်ပါတော့ သားလတ်။ သုန်သုန့်ကို ခွင့်လွှတ်ပါတော့။ ဒါကလည်း သားလတ်အတွက်ဆိုတာ သားလတ် နေကောင်းလာရင် သုန်သုန်ကို နားလည်မှာပါ။ အခြေအနေပေးတုန်း လှုပ်ရှားရဦးမှာ။ ဘာပြောကောင်းမလဲ သားလတ်ရယ်. . . သုန်သုန် ကံကောင်းပုံများ။

ရန်ကုန်အဝေးပြေး ကားဝင်းကြီးထဲမှာ ဒီလောက် လူတွေ ကားတွေ ရှုပ်ထွေးနေတဲ့ဟာ. . .

သူတို့တွေ ခရီးပန်းပန်းနဲ့ အထုပ်တွေ အပိုးတွေနဲ့ ရှုပ်ယှက်ခတ်နေတုန်း သုန်သုန် အသာလေး လစ်ထွက်ခဲ့တာ။

နောက်ကြောင်းတော့ လှည့်မကြည့်တော့ပါဘူး သားလတ်ရယ်၊ မိဘမျက်ရည်တွေ ပူပန် ဗျာယာခတ်တာတွေကြောင့် နောက်ဆံတင်းနေဦးမယ်။

မတတ်နိုင်ဘူးလေ. . . ဒါ. . . သားလတ်အနာဂတ် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက်ပဲ။ သားလတ် အနာဂတ်ကောင်းရင် သုန်သုန့်အနာဂတ် ကောင်းပြီမဟုတ်လား။

ခု. . . သုန်သုန် ပဲခူးသွားတဲ့ကားပေါ်မှာ ဟိုပုန်းရ ဒီရှောင်ရနဲ့မို့ ခရီးပန်းတယ် ထင်ပါရဲ့။

သုန်သုန် အိပ်ချင်လိုက်တာ သားလတ်ရယ်။ ဗိုက်ထဲက သား လတ် ကလေးလေးလည်း အိပ်ချင်ရှာရောပေါ့။

သုန်သုန် ခဏအိပ်မယ်နော် သားလတ်။ သားလတ် နေ ကောင်းပါစေ ဘုရား။ သုန်သုန် ရင်နဲ့အမျှ ချစ်တယ်ဆိုတာ ယုံနော် သားလတ်။

တဲ. . . သုန်သုန် အိပ်ပြီ။

. . . . . . . . . . . . . . . . . . . . . .။







(၁၅)

"ဆရာမ ဒေါ်ယမုံ. . . ဆရာမ. . . ဆရာမ"

အိမ်ရှေ့မှ သူမအမည်ကို ခေါ်သံကြားလိုက်ရသဖြင့် မီးဖိုထဲ၌ ကြာဟင်းညွန့် ဟင်းချိုအိုးကို ပြန်နွှေးနေသော ဒေါ်ယမုံစိုး အသံပြန် ပြုရင်း အိမ်ရှေ့ထွက်လာလိုက်သည်။

"လာပြီ. . . ရှင့်. . . လာပြီ"

အိမ်ရှေ့တွင် ထော်လာဂျီတစ်စီး ရပ်ထားသည်ကို မြင်ရပြီး ထော်လာဂျီဘေးတွင် မျက်နှာရင်းနီးနေသည့် ရွာ၏စိုက်ပျိုးရေးဌာနမှ လူတစ်ဦးနှင့်အတူ အဖော်နှစ်ယောက်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ပြောပါရှင့်၊ ကျွန်မ ဘာကူညီရမလဲ. . . ဘာလုပ်ပေးရမလဲ၊ အိမ်ပေါ် ကြွပါဦး"

ကျေးလက်ကျန်းမာရေးဆရာမတစ်ယောက်ဖြစ်သော ဒေါ်ယမုံစိုးလည်း မိမိထံ ရောက်လာလျှင် ကျန်းမာရေးကိစ္စ တစ်ခုခုသာဖြစ်ရမည်ဟု တွက်ဆ၍ မျက်မှန်းတန်းမိသည့်သူကို အိမ်ပေါ်သို့ ဖိတ်လိုက်သည်။ ထိုသူက. . .

"မတက်တော့ဘူး ဆရာမ၊ ဒီမှာ ဆရာမဒေ့သည် ပါလာလို့ လိုက်ပို့တာ"

အိမ်ထဲ လှည့်ဝင်ပြီး ပြင်ဆင်စရာပြင်ဆင်ရန် စိတ်ကူးနေသော ဒေါ်ယမုံစိုး သူမဧည့်သည်ဆို၍ ဟိုဟိုသည်သည် မျက်စိကစားလိုက်သော်လည်း ဘာမှမတွေ့ရ။ သူမ အနည်းငယ် ကြောင်တက်တက် ဖြစ်သွားသည်။

"တာဖုံ ကားဂိတ်မှာ ဆရာမနာမည် မေးပြီး စုံစမ်းနေလို့ မေးကြည့်တော့ ဆရာမဧည့်သည်ဖြစ်နေတာနဲ့ ကျွန်တော်တို့ ထော်လာဂျီနဲ့ တင်ခေါ်လာခဲ့တာ၊

ခရီးအတော်ပင်ပန်းလာတယ် ထင်ပါရဲ့၊ ကားပေါ် ရောက်ထဲက တစ်လမ်းလုံး အိပ်လိုက်လာတော့တာပဲ"

ပြောသူ၏စကားအဆက်စပ်ကြောင့် ထော်လာဂျီဆီ အကြည့်အမြန်ပို့လိုက်တော့မှ စောစောက မျက်စိရှန်းခဲ့သော ထော်လာဂျီနောက်တွဲထဲမှာ ခွေခွေလေး အိပ်ပျော်နေဟန်ရှိသည့် မိန်းကလေးသဏ္ဌာန်တစ်ခုကို တွေ့မြင်ရသည်။ ဒေါ်ယမုံ အိမ်ရှေ့ လှေကားထစ်မှ ဆင်းလိုက်စဉ်. . .

စောစောက ပုဂ္ဂိုလ်က အိပ်နေသူကို နှိုးလိုက်သည်။

"ဟေ့. . . ဒီကညီမ. . ဒီကညီမ. . ရောက်ပြီလေ၊ ထ. . . ထ. . . ဘုန်း. . . ဘုန်း"





ပါးစပ်ကလည်းပြော လက်ကလည်း ထော်လာဂျီနောက်တွဲနံရံကို ပုတ်နှိုးနေသဖြင့် ခွေလျက်တုံးလုံး မိန်းကလေးက လူးလဲ ငုတ်တုတ် ထလိုက်သည်။

"ဟင်. . . ညောင်ခါးရှည်တောင် ရောက်ပြီလား၊ ယမုံတို့အိမ် အရော. . . ယမုံရော"

နဖူးပေါ် ဝေ့ဝဲကျနေသော မျက်နှာပေါ်က ဆံပင်တွေကို လက်နှင့် ဆွဲသပ်ဖယ်ရှားရင်း မေးနေသည့်မိန်းကလေးကို သူမ မသိသဖြင့် ဒေါ်ယမုံစိုး အနည်းငယ် ကြောင်အမ်းနေမိသည်။

"ဒါ ညီမပြောတဲ့ ဒေါ်ယမုံတို့အိမ်လေ၊ ဟိုမှာ ဆရာမ ဒေါ်ယမုံ"

"ဟုတ်ကဲ့. . . ကျေးဇူးနော် အစ်ကိုကြီး. . . ကျေးဇူးပဲ"

"ရပါတယ်ဗျာ. . . ကိုယ့်ဗမာအချင်းချင်းတွေပဲ ကူရမှာပေါ့"

"ကဲ. . . ဆရာမရေ သွားပြီဗျို့၊ ရုံးမှာ ခါတ်မြေသြဇာအိတ်ကိစ္စလေးတွေ အရေးကြီးလို့"

"ဟုတ်ကဲ့ရှင့်. . . ဟုတ်ကဲ့. . . ကျေးဇူးပဲနော်"

ပြောပြီးနောက် ကျွန်မဧည့်သည်ဆိုသည့် နုဖတ်ဖတ် ဖြူချောချော မိန်းကလေးထံ ရှေ့တိုးလာခဲ့သည်။

"အမယ်လေး ယမုံရယ်၊ ငါဖြင့် နင့်ကို တွေ့မှတွေ့ပါ့မလားလို့ တစ်လမ်းလုံး တွေးပူလာတာ အိပ်လို့တောင် မပျော်ဘူး"

ဘယ်နည်းနှင့်မျှ အသက်နှစ်ဆယ်မကျော်နိုင်သေးသည့် မိန်းကလေးက သူမလို သုံးဆယ့်ငါးကျော် လေးဆယ်တန်းဝင် အဖိုးကြီးကို နင်လုံးငါလုံးတွေ ရိုက်ပြောနေသဖြင့် စိတ်ထဲမှာ သရီးသရီ ဖြစ်သွားရသည်။ ပြီးတော့. . .

ခုနက ဟိုလူပြောသလို ထော်လာဂျီပေါ် ရောက်ကတည်းက အိပ်ပျော်လိုက်လာပြီး အခုနကမှ ခေါ်ရိုက်ပုတ်နှိုး၍ နိုးလာသူက တစ်



www.burmeseclassic.com

www.burmeseclassic.com

လမ်းလုံး စိတ်ပူပြီး အိပ်မပျော်ဘူး ဆိုလိုက်သေးသဖြင့် အံ့ဩရမလို မအံ့ဩရမလို ဖြစ်နေစဉ်. . .

"နင်တို့ ယော်လာဂျီကလည်း ကြမ်းလိုက်တာဟယ်၊ လူကို တစ်လမ်းလုံး ငါးဖယ်ပျံလို လူးပျံလာရတာ၊ ငါ့ဗိုက်ထဲက ကလေး. . လမ်းမှာတင် ထွက်ကျမှာ. . . တကယ်၊ ဟဲ့. . . နင်ကလည်း လုပ်လေ ဟာ၊ ငါ့အိတ်လေးဘာလေး ကူဆွဲဦးမှပေါ့၊ ကိန်းကြီးခန်းကြီးနိုင်လိုက် တာ. . .

ဘာလဲ. . . နင့်ဆီမှာ လာကလေးမွေးမယ်ဆိုလို့ လက်မခံချင် တဲ့သဘောလား၊ ဟင့်. . . ဟင့်. . . ငါ အကြာကြီး မနေရပါဘူးဟယ်၊ သူနေကောင်းလို့ရှိရင် ပြန်မှာပါနော်၊ ငါ့ကို ကူညီပါ၊ မယုံရင် နင့်ကျေးဇူး ကို ငါ တစ်ချိန်ချိန် ပြန်ဆပ်မှာပါ၊ ငါ့မှာ လောလောဆယ် ဘယ်လိုကြံရ မှန်း မသိလို့ နင့်ကို အားကိုးပြီး ဖြစ်ချင်ရာဖြစ် ထွက်လာခဲ့တာ"

သူမလက်မောင်းကို လက်ဖဝါးနှင့်ရိုက် စကားပြောလိုက်၊ ထောင်စဉ်ရေမရ အဆက်အစပ်မဲ့ စကားများကို ပြောလိုက် မျက်ရည် ကျလိုက် လုပ်နေသည်ကို ဆက်စပ်သုံးပြီးသည်နှင့် ဒေါ်ယမုံအခြေအ နေကို သဘောပေါက်သွားသည်။

စိတ္တဇဝေဒနာရှင် မိန်းကလေး ငယ်ငယ်ရွယ်ရွယ်။

သူမစကားထဲမှ ကိုယ်ဝန်. . . ကလေးမွေး. . . အဝေးကြီးက အားကိုးတကြီး စသည့်စကားများကြောင့်လည်းကောင်း. .

ရုပ်ရည် ချစ်စဖွယ်လေးနှင့် ရှုပ်ရှုပ်ယှက်ယှက် ဟုတ်ပုံ မပေါ် သော နူးနူးညံ့ညံ့ဟန်ပန်၊ လူမှုအဆင့် နိမ့်နိမ့်ပါးပါးထဲက မဟုတ်တာ သေချာသည့်အသွင်အပြင်ကြောင့်လည်းကောင်း. . .

ကျေးလက်ကျန်းမာရေးဆရာမတစ်ဦးလည်းဖြစ်၊ အပျိုကြီး လည်းဖြစ်၊ မိန်းမသားလည်း ဖြစ်သည့် ဒေါ်ယမုံစိုးမှာ သူမထံ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်လာသည့်မိန်းကလေးကို စာနာကရုဏာစိတ်





ဖြင့် လက်ခံစောင့်ရှောက်ခဲ့ပါသည်။ မူလက ကျေးရွာလူကြီးအချို့ကို နောက်ပိုင်း အရှုပ်အရှင်း ဖြစ်မလာစေရန် အသိပေး အကြောင်းကြား ထားရန် စိတ်ကူးမိသော်လည်း ဘာကြောင့်မှန်းမသိ ဖြူဝင်းသွယ်လျလျ ချက်နှာလေးကို ကြည့်ရင်း အသိမပေးဖြစ်တော့ပါ။ ကိုယ့်စေတနာ တိုယ့်အကျိုးပေးလိမ့်မည်ဟုလည်း ဒေါ်ယမုံ ယုံကြည်မိလေသည်။ ဘယ်လိုအတိတ်ကံအကျိုးပေးကြောင့် သည်လိုဘဝဆိုးနှင့် ကြုံတွေ့နေ ရရှာသည် မသိရသော မိန်းကလေးပေါ်မှာ အတူနေရက် တစ်လကျော် အတွင်း ညီမရင်းတစ်ယောက်လို သမီးတစ်ယောက်လို သံယောဇဉ်ဖြစ် နေမိတော့သည်။

စကားပြောလျှင် 'သုန်သုန်ကလေ' 'သုန်သုန်က' ဟု ပြော တတ်သည့်. . . သူ့နာမည် 'သုန္ဒရီ' ဟု ခေါ်ပါသည်ဆိုသော မိန်းက လေးမှာ အနေအထား သိုသိပ်ပါသည်။ တစ်ခါတစ်ရံ ဖြတ်ထိုးဉာဏ် ကောင်းကောင်းဖြင့် စကားဆန်းဆန်းများ ချစ်စဖွယ် ပြောတတ်ပါသေး သည်။ တစ်နေ့. . .

ဒေါ်ယမုံစိုး မီးဖိုခန်းထဲ၌ ကညွတ်နှင့်ပုစွန်လေးများကို ရော နှောကြော်ချက်နေစဉ် သုန်သုန်က နောက်မှ ခါးကို သိမ်းဖက်လိုက် သည်။

"ဟိတ်. . . ယမုံအတုကြီး"

"ဟဲ့. . . ပလုတ်တုတ်. . . ရေုတ်သီးနဲ့ငါနဲ့"

"အာ. . . လန့်လိုက်တာ သုန်သုန်ရယ်"

"မမကြီး မပူဘူးလား၊ ရေဆင်းစိမ်ပါလား. . . ကိုယ်တစ် ပိုင်းပဲဖြစ်ဖြစ်ပေါ့"

စိတ်လိုလက်ရ ရှိလျှင် ခေါ်တတ်သော မမကြီးဆိုတာကို ရှေ့ တ တင်ပြီးကာမှ နောက်က အဆက်အစပ်မဲ့ စကားကြောင့်. . .

"ဘာလဲ သုန်သုန်လေးရဲ့၊ တော့်စကားက အဆက်အစပ် မရှိ"


www.burmeseclassic.com

www.burmeseclassic.com



"မမကြီးပဲ ခုန ငရုတ်သီးနဲ့ ပလုတ်တုတ်ထားတယ်ဆို"

တစ်ခါတစ်ရံမှာလည်း အတွေးငှငှနှင့် စကားဆိုတတ်သေးသည်။

"မမကြီး. . . ချစ်တတ်လားဟင်"

"ချစ်တတ်တာပေါ့တော်. . . လူပဲ၊ ခုတောင် သုန်သုန့်ကို ချစ်လို့ အပိုင်ခေါ်ထားတာပဲ"

"မဟုတ်ဘူးလေ. . . သုန်သုန်ပြောတာက ယောကျ်ားလေး တစ်ယောက်ကို ပြောတာလေ"

"အမယ်တော်. . . အားအားယားယား အပူရှာလို့"

"ဟုတ်တယ်နော် မမကြီး၊ ယောကျ်ားတစ်ယောက်ကို ချစ်ရတာ တစ်ကိုယ်လုံး တေဇောပန်းနဲ့ အပွတ်ခံထားရသလိုပဲ၊ ရင်ပူရ၊ ခေါင်းပူရ၊ စိတ်ပူရ၊ ဗိုက်ပူရနဲ့. . .

အဲ. . . ဗိုက်ဆိုလို့ သုန်သုန်မွေးဖို့ ဘယ်လောက်လိုသေးလဲဟင်"

ဒေါ်ယမုံစိုး စိတ်ညစ်သွားရပြန်သည်။ ရောက်စကတည်းက ဗိုက်ဗိုက်နှင့်မို့ တကယ်ပဲ ဗိုက်နေပြီလားဟု စမ်းသပ်ကြည့်တော့လည်း မဗိုက်သည့်ဗိုက်ကို ဗိုက်လုပ်ရဦးတော့မည်။

"သိပ်တော့ မဝေးတော့ဘူးလေ၊ မမကြီးဆီမှာ သုံးလကျော်၊ မြို့က အိုဂျီဆရာဝန်ဆီမှာက သုံးလကျော် ဆိုတော့. . . အင်း. . . အလွန်ဆုံး စောင့်ရ သုံးလပေါ့"

"စောင့်မွေးပြီးတော့ ဘာလုပ်မလို့တုန်း သုန်သုန်ရဲ့"

"သူ့အစား အလွမ်းပြေ ကြည့်ဖို့ပေါ့"

"ပြော. . ပြော. . သူဆိုတာက ဘယ်သူလဲ"

"သူဆိုတာက. . . အမယ်. . . ယမုံအတုကြီးနော် လာအစ်မနေနဲ့၊ ကလေးမွေးလာတော့မှကြည့်"





"ဘာဆိုင်လို့လဲ"

"သြော်. . . ယောကျ်ားနဲ့မိန်းမ ဘယ်သူက ပိုချစ်သလဲဆိုတာ မွေးလာတဲ့ကလေး ဘယ်သူနဲ့ တူလဲ ကြည့်ရင် သိတယ် အဖျိုကြီးရဲ့၊ သုန်သုန်က သူ့ကို အရမ်းချစ်တာဆိုတော့ မွေးလာတဲ့ကလေးက သူနဲ့ ချွတ်စွပ်တူမှာ ကျိန်းသေ"

"အဲဒီလူနဲ့ကော မတူနိုင်ဘူးလား၊ သုန်သုန်က သူ့ကို ချစ်တာထက် သူက သုန်သုန်ကို ပိုချစ်နေရင်ကော"

သူမ တစ်ချက် ဝေ့ခနဲ တွေသွားပြီးမှ. . .

"ဟုတ်တယ်. . . ဟုတ်တယ်နော်၊ အဖျိုကြီးက ဒါမျိုးကျ တော်သွားပြန်ရော၊ အရင်တုန်းက သုန်သုန် အဲဒါကို တစ်ခါမှ မစဉ်းစားမိခဲ့ဘူး၊

သုန်သုန် ကြည့်ချင်လိုက်တာ၊ ကလေးက သုန်သုန်နဲ့များ တူနေမလားလို့၊

မမကြီး. . . မြန်မြန်လစေ့သွားအောင် ဆေးထိုးလို့မရဘူးလား ဟင်၊ ဒါမှမဟုတ် ခုလောက်ဆို ဗိုက်ခွဲမွေးလို့ရပြီလားဟင်"

ဒေါ်ယမုံစိုးလည်း ဗိုက်ကိစ္စ ပြတ်သွားရန် စကားဖြတ်ချလိုက်ရတော့၏။

"အေး. . . ခွဲမွေးချင်ရင်တောင် မှည့်မှ ခွဲလို့ရတာ၊ မမှည့်ဘဲ ခွဲရင် အစေးပူလောင်တတ်တယ်. . . သွားမလုပ်နဲ့၊ လောလောဆယ် လေမသလပ်အောင် အုပ်ထား"



www.burmeseclassic.com

www.burmeseclassic.com





(၁၈)

ခုတလော အရမ်းကို သတိရတယ် သားလတ်ရယ်။

တစ်ခါတလေ မမကြီး မသိအောင် ခိုးငိုမိတယ်။ မမကြီးက ခဏခဏ မျက်ရည်ကျရင် ကလေးမျက်လုံးပြူးတတ်တယ် ပြောထားလို့။ ဘယ်က မမကြီးလဲ. . . ဟုတ်လား။

ဩော်. . . အေးပေါ့။ သားလတ် ဘယ်သိဦးမလဲ။ သုန်သုန် ပြောပြမယ်။

သားလတ်က သုန်သုန် ယမုံတို့ ညောင်ခါးရှည်ကို ရောက်နေပြီပဲ ထင်နေတာမှတ်လား။ မဟုတ်ဘူး သားလတ်ရဲ့ ညောင်ခါးရှည်တော့





ညောင်ခါးရှည်ပဲ။ အခုဟာက မြို့မဟုတ်ဘူး. . . ရွာလေးရယ်။

အံ့ဩဖို့ကောင်းတယ် သိလား။

ယမုံကလည်း ယမုံတော့ ယမုံပဲ။ ဒါပေမယ့် ဒါက မမကြီးယမုံရယ် ဖြစ်နေတာ။

သားလတ်. . . နေထိုင်လို့ကောင်းရဲ့လားဟင်။

သုန်သုန်ကတော့ ညတိုင်း ဆုတောင်းမေတ္တာပို့ပေးပါတယ် နော်။

သားလတ်ကို ရယ်စရာ ပြောရဦးမယ်။ အရင်လို အသံပြဲကြီးနဲ့ ထမရယ်နဲ့ဦး။ သူများတွေ ရိပ်မိသွားဦးမယ်။

အခု သုန်သုန်က ဒီရွာမှာ သုန္ဒရီမင်းသမီး ဖြစ်နေတာ သိလား။

သူများတွေက သုန်သုန်ကို သုန်သုန်မှန်း သိသွားရင် ဖေတို့ မေတို့ အန်ကယ်တို့ အန်တီတို့ဆီ တစ်နည်းနည်းနဲ့ သတင်းပေါက်သွားရင် အားလုံးဒုက္ခရောက်ကုန်မှာလေ။

မမကြီးကလည်း အပျိုကြီးပီပီ သုန်သုန်ကို (အလစ်အလစ်) အစ်ချင်သေးတော့။

သားလတ်ကို ဘယ်သူလဲပေါ့။ စိတ်ချ သားလတ်. . .

သုန်သုန့် သူဟာ သားလတ် ဆိုတာ ဘယ်သူမှ မသိစေရဘူး သိလား။

တစ်ခါတစ်ရံတော့ ဒီလောက်ဆို သားလတ်များ စာတွေဖတ်နေပြီလားလို့ တွေးမိတယ်။ ဘယ်တော့ သုန်သုန့်ရှေ့ ဘယ်တော့ ဘွားခနဲ ပေါ်လာမလဲ မျှော်မိတယ်။ သုန်သုန်ကို ခွင့်လွှတ်နော်။ မမျှော်ကောင်းမှန်း သိပေမယ့် သုန်သုန် လွမ်းလို့ပါ. . .

အော်. . . မမကြီးက ပြောတယ် သိလား။

မွေးမယ့်ကလေးက သုန်သုန်နဲ့ တူရင်တူနေမှာတဲ့. . .

ဟုတ်လားဟင်. . .



www.burmeseclassic.com

www.burmeseclassic.com



သားလတ်က သုန်သုန်ချစ်တာထက် သုန်သုန်ကို ပိုချစ်လား ဟင်. . .

ဟင့်အင်း. . . ဟင့်အင်း. . . မမေးတော့ဘူး။

ခေါင်းရှုပ်ခံပြီး စဉ်းစားမနေနဲ့တော့ သားလတ်။ တော်ကြာ သားလတ် စိတ်ညစ်ပြီး နေကောင်းမယ့်ရက် ကြာနေဦးမယ်။

သားလတ် သုန်သုန်ကို လွမ်းလားဟင်. . .

သုန်သုန်ကတော့ အရမ်းလွမ်းတာပဲ သားလတ်ရာ. . .







(၁၉)

မြို့လေးဆီ သူပြန်ရောက်သည့်အခါ မြို့လေးက သူ့အတွက် တစိမ်းပြင်ပြင် ဖြစ်သွားသည်ဟု တက်နေစိုး ထင်မိ၏။ မြို့လေး၏ မျက်နှာအနေအထား၊ ကိုယ်လုံးကိုယ်ပေါက်နှင့် လမ်းလျှောက်ပုံဟန်မှာတော့ မည်မျှ ခေတ်နှင့်အညီ ပြောင်းလဲဝတ်ဆင်ထားသည်ဆိုဆို နဂိုဟန်ထဲက ပြောင်းလဲမထွက်နိုင်သေးသည်က အမှန်ပင်။

မေမေ ခေါင်းချရာဒေသ. . .

သူ့နှလုံးသား ဇာတိချက်မြှုပ်အရပ်. . .

ပြီးတော့ သူ့ဘဝ၏အရေးပါသော မျဉ်းဖြောင့်မျိုးကွေးများ



www.burmeseclassic.com

www.burmeseclassic.com



ရေးခြစ်တဲ့နေရာ. . .

သူ့ချစ်ခြင်းလိပ်ပြာနှင့် သိုက်ဆက် ဖြတ်မရသည့် ဝေဒနာ အမြိုက်ဘုံ. . .

တက်နေစိုးသည် လွှာထိုးဦးထုပ်ကို ငိုက်ငိုက်ဆောင်း၍ ကျောပိုးအိတ်တစ်လုံးကို လွယ်ရင်း မိန်းလမ်းမကြီးဆီမှ ချိုးကွေ့၍ ဝန်လိုရပ်ကွက်လေးထဲသို့ လျှောက်ဝင်လာခဲ့သည်။

သိဟောင်းကျွမ်းဟောင်းတစ်ချို့က မှတ်မှတ်မိမိ နှုတ်ဆက်လာသဖြင့် ဝတ်ကျေတမ်းကျေ နှုတ်ဆက်စကား ဆိုရသေးသည်။ ပူနွေးလှိုက်ဖိုလာသည့် သွေးကြောများထဲမှာ အသာငမ်းငမ်း ရင်တစ်စုံသည် ငယ်မူငယ်သွေး ပြန်နေခဲ့ပြီ။ မှတ်မိနေဆဲ အသားကျ ခြံဝင်းတစ်ခုထဲသို့ ဝင်လိုက်ရင်း အိမ်ထဲသို့ တက်နေစိုး အသံပြုလိုက်လေသည်။

"ဆန်နီဘွိုင်ရေ. . . ဆန်နီ. . . ဆန်နီ"

သူ့အော်ခေါ်သံကြားတော့ အိပ်ခန်းကန့်လန့်ကာနောက်မှ လူရိပ်တစ်ခု ထွက်လာသည်။ လက်ထဲမှာလည်း ဆန်ပြုတ်ခွက်တစ်ပန်းကန်ကို ကိုင်လျက်တန်းလန်း။

"အေး. . . လာကွယ့်. . . ထိုင်၊ ဆန်နီ အပြင်ခဏသွားတယ်၊ ထိုင်ဦးနော်. . . ဒီမှာ ကိုတိုနီကို ဆန်ပြုတ်တိုက်လက်စမို့"

ပြောပြောဆိုဆို အိပ်ခန်းထဲ ပြန်ဝင်သွားသည့် ဒေါ်ဒေလီညွန့်ကို တက်နေစိုး တစ်ချက်လှမ်းကြည့်ရင်း ဧည့်ခန်းဆက်တီစားပွဲပေါ် ကျောပိုးအိတ်ကို ပစ်တင်၊ ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ ဧည့်ခန်းထဲသို့ ဘာရယ်မဟုတ် အမိပွါယ်မဲ့ ဟိုသည်ကြည့်နေမိသည်။ ဧည့်ခန်းနံရံမှ ဥရောပဝတ်စုံဖြင့် ခန့်တည်တည် ပြုံးကြည့်နေသော ဦးတိုနီဘသက်၏ဓာတ်ပုံ၊ ဦးတိုနီဘသက်နှင့်ဒေါ်ဒေလီညွန့်တို့၏ အနောက်တိုင်းမင်္ဂလာဝတ်စုံဖြင့် စုံတွဲဓာတ်ပုံ။ ဂစ်တာကို ကြမ်းထောက်ထောက်ကိုင်ရင်း ဘီတဲလ်စတိုင်လ်ဖြင့် ပို့စ်ပေးနေသည့် ဆန်နီဘွိုင်ဓာတ်ပုံ။ အောက်နားမှာ ဂရုဓာတ်ပုံတစ်ခု. . .





သူ ဓာတ်ပုံဆီ ထလာမိပြီး စူးစိုက် အနီးကပ် ကြည့်လိုက်သည်။ မြို့မအထက်တန်းကျောင်းနောက်ခံဖြင့် ရိုက်ထားသည့် ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ၏ စုပေါင်းဓာတ်ပုံဖြစ်နေသည်။ သူ့မှတ်ဉာဏ်၌ ကိုးတန်းနှစ်က ကျောင်းပိတ်ခါနီး ရိုက်ခဲ့ကြသည့်ဓာတ်ပုံဟု ချက်ချင်းမှတ်မိသွားသည်။

တက်နေစိုး ဓာတ်ပုံကို အနီးကပ်ကြည့်ပြီး တစ်စုံတစ်ယောက်ကို မှန်ဘောင်ပေါ် လက်ညှိုးထောက်ရွှေ့ရင်း ရှာဖွေကြည့်ဖြစ်သည်။ ကျောင်းဝတ်စုံဆင်တူ မျက်နှာမတိမ်းမယိမ်းကြားမှ သူ့လက်ညှိုးက အလွယ်တကူပင် မျက်နှာဖြူသွယ်ဝင်းဝင်းလေးကို ထိုးမိတန့်ရပ်သွားပါသည်။

တက်နေစိုး ရင်လှိုက်ခနဲ ငြိမ့်တုန်သွားရ၏။ သူ့ရင်ဘတ်နံရံမှာ ချိတ်ဆွဲထားသည့် ဓာတ်ပုံထဲက ရုပ်မျက်နှာ. . .

မြတ်နိုး. . . ဝသုန်မြတ်နိုး. . .

တက်နေစိုးအာရုံထဲ. . .

တက်နေစိုးနားထဲသို့ အိပ်ခန်းထဲမှ စကားသံက ဝင်နှောက်လိုက်ပြန်သည်။

"ဒေလီ. . . ဘယ်သူလဲကွ"

"ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ ဘယ်လောက်လဲ ဆိုတာက အဓိကပါ ကိုတိုနီရယ်"

"အင်း . . . မင်းမလဲ ဝဋ်ကြွေးကြီးလိုက်တာကွယ်"

"အို. . . ဘာတတ်နိုင်မလဲ၊ သူ့ကြွေးရှိလို့ ဆပ်ရတာပဲ၊ ရှင်လည်း ကျွန်မ မသေမချင်း တစ်နိုင်တော့ ပေးဆပ်ပြုစုသွားမှာပါ။ ကဲ. . . ကဲ. . ရော့. . ဒီဆေးသုံးလုံး တစ်ခါတည်း အစာနဲ့ နီးတုန်း သောက်လိုက်၊ ရော့. . ရော့. . ဒီမှာ. . ရေခွက်"



www.burmeseclassic.com

www.burmeseclassic.com



တက်နေစိုးအာရုံက ကြားမှတဖန် အမြင်သို့ ပြန်ရောက်လာပြန်သည်။ မပြုံးတက်ပြုံးတက် ပြုံးနေသူကြားမှာ သေသေသပ်သပ် ကျွမ်းကျင်စွာ ပြုံးနေသည့် မျက်နှာလေးနှင့် ဝသုန်မြတ်နိုးက သူ့ကို ရယ်ပြနေသည်။

အဲသည်လို တို့ကို အမြဲတမ်း အပြင်မှာ ရယ်ပြ ပြုံးပြပါလား မြတ်နိုးရယ်။ သူ့အမြင်အာရုံထဲက အမုန်းမျက်နှာ နာနာကျည်းကျည်း မျက်လုံးနှင့် စိတ်ရှိလက်ရှိ လွှဲရိုက်နေသည့် လက်ဖဝါး အဆိပ်လူးစကား မိုးကြိုးသံတို့ လျှပ်ပြက်ထစ်ချုန်း။

"ကဲ. . . သူငယ် ပြောပါဦးကွယ်၊ ဘယ်လောက်ပေးရမှာလဲ"

"ဗျာ"

အတွေးထဲ မုန်တိုင်းသင့်နေခိုက် နောက်ကျောနားမှာ ထွက်လာသည့် အန်တီဒေလီအသံကြောင့် တက်နေစိုး အမှတ်မဲ့ ယောင်ကန်ကြောင်သွားရသည်။

"ပြောပါ. . . အန်တီ့လက်ထဲ ရှိတာနဲ့ မပြည့်ရင်လည်း ပစ္စည်းလေးဘာလေး အချိန်မီ သွားထားပြီး ငွေသွားလှည့်ရဦးမှာကွဲ့၊ ပြော. . . ဘယ်လောက်လဲ သား"

"အာ. . . အန်တီဒေလီ. . . ဘာတွေပြော. ."

သူ စကားကို အဆုံးထိ အရောက်မခံပါ။ အန်တီဒေလီက ပြုံးချိုချိုလေး ဆက်ပြောလိုက်ပါသည်။

"အားမနာပါနဲ့ သားရယ်. . . ပြောပါ၊ ဒီလိုပဲ. . . ဆန်နီ့ ဘိလိယက်ကြွေးတွေ လာတောင်းတိုင်းဆပ်ရတာ အန်တီ့အဖို့ နေ့စဉ်ဝတ္တရားတစ်ခုလို ဖြစ်နေပါပြီ၊ တစ်ခါတလေ ကြွေးတောင်းမခံရတဲ့နေ့များဆို ခေါင်းကိုက်ချင်သလိုလို ဘာလိုလိုနဲ့ နေထိုင်မကောင်း ဖြစ်နေရတာ. . .

အဖေ့ခြေရာနင်းတဲ့သားဆိုတော့ ဘိလိယက်ကို ဘိန်းစွဲသလို





စွဲပြီး အဖေ့ထက် သားတစ်လကြီးသလို ရှုံးကြွေးကို အမေက ဒိုင်ခံဆပ်နေရတာ အန်တီ့ကုသိုလ်ထူးပေါ့ကွယ်. . . ဟင်း. . . ဟင်း"

သူ နားထောင်ရင်း စိတ်မသက်သာဖြင့် သဘောပေါက်သွားသည်။ အန်တီဒေလီ သူ့ကို မမှတ်မိ။ လာနေကျဖောက်သည် ဆန်နီ့ဘိလိယက်ကြွေး လာတောင်းသူတစ်ယောက်ဟု ထင်နေပုံရသည်။ ဟုတ်တော့ ဟုတ်သည်။ တစ်ချိန်တစ်ခါက သူတို့မြို့လေးမှာ အန်ကယ်တိုနီဆိုတာ ဘိလိယက်ခုံ မာကာတိုင်း လက်မလွတ်တမ်း မျက်နှာချိုသွေးခဲ့ရသည့် ဘိလိယက်သမားတစ်ယောက်ဖြစ်သည်။ ခုတော့ လက်ဆင့်တမ်းအမွေကို သားဖြစ်သူဆန်နီက အလံတလူလူ လွှင့်နေပုံရသည်။

သူ. . အန်တီဒေလီ လက်မောင်းတစ်ဖက်ကို နှစ်သိမ့်သလို ဆုပ်ဖျစ်လိုက်ပြီး. . .

"အန်တီဒေလီ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်၊ ကြည့်ပါဦး သား ဘယ်သူလဲဆိုတာ. . ."

ရှေ့ကိုင်းမျက်မှန်ဝိုင်းထဲမှ မျက်လုံးပြူးတွန့်လေးဖြင့် ကြည့်နေသည့် အန်တီဒေလီကို သူ ဦးထုပ်ချွတ်ပြီး မျက်နှာထိုး ပေးပြလိုက်သည်။ မျက်တောင်တစ်ချက်နှစ်ချက် ပုတ်ခတ်လုပ်ပြီးမှ. . .

"ဟယ်. . . သား. . သား. . တက်နေ၊ တက်နေစိုး မဟုတ်လား၊ ကြည့်စမ်းကွယ်. . . အသားတွေ ညိုပြီး ရုပ်ပြောင်း သွားလိုက်တာ တကယ့်လူကြီးလေးလိုပါပဲလား၊ အန်တီ ဘယ်မှတ်မိမလဲကွဲ့၊

သားတို့လည်း မနီလာ ဆုံးပြီးကတည်းက ထွက်သွားလိုက်ကြတာကွယ်၊ ခုမှပဲ ပေါ်လာတော့တာကိုး. . .

အခုကော ဘယ်မှာ ဘာလုပ်နေကြလဲ၊ မင်းအစ်မတွေရော မောင်နှမတွေ အတူတူပဲလား"

သူ. . အန်တီဒေလီ့လက်ကိုဆွဲ ထိုင်ခုံမှာ အတူထိုင်ချရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ အရောင်းအဝယ်လုပ်ရင်း ဟိုရောက် သည်ရောက်ပါပဲ၊ မန္တလေး နေလိုက် ရန်ကုန်နေလိုက်ပေါ့၊ မမကြီးက တော့ ပဲခူးအကျော်က ရွာလေးတစ်ရွာမှာ ထုံးစံအတိုင်း ကျန်းမာရေး ဝန်ထမ်းအလုပ်နဲ့ပဲ၊ မမလေးကတော့ သူ့ယောကျ်ား တာဝန်ကျတဲ့ ရှိုင်းဘက်က မြို့တစ်မြို့ကို ရောက်နေတယ် အန်တီဒေလီရဲ့၊ အန်တီက တော့ နေကောင်းတယ် မဟုတ်လား၊ အန်ကယ်ရော ဘာဖြစ်တာလဲ"

"အင်း. . . ကောင်းတယ်ရယ်လို့တော့ ဘယ်ဟုတ်မလဲ သား ရယ်၊ မင်းအန်ကယ်က လေဖြန်းနေတာဆိုတော့ ကိုယ်လဲရင် တွဲမယ့်သူ တောင် မရှိတော့ မာထားရတာပေါ့၊ သားသူငယ်ချင်းကတော့ ငယ်အ ကျင့်အတိုင်း အိမ်စောင့်နတ်နဲ့ ရန်ဖြစ်ထားတဲ့သူဆိုတော့. . ."

သူနှင့်အန်တီဒေလီ စကားကောင်းနေခိုက်. . .

ဆိုင်ကယ်သံ တဖုတ်ဖုတ်နှင့် ရောက်လာထိုးရပ်ပြီး ဆန်နီဘွိုင်း အိမ်ပေါ်သို့ အပြေးအလွှား တက်လာသည်။

"ဖွတ်ဖလိုးတဲ့မှပဲ တက်နေရာ. . . ပျောက်သွားလိုက်တာ၊ ခုမှ အကြောင်းမကြား ဘာမကြား ပေါ်တော်မူလာရလား၊ ဘိလိယက်ဝိုင်း ကို ဝတုတ် ဝင်ပြောလို့ မင်း ငါတို့အိမ် သွားတာ ကြားပြီး ငါပြေးလာတာ၊ ဘာလဲ. . . မာမီက ငါ့အတင်းတွေနဲ့ ဧည့်ခံပြီးပြီ မဟုတ်လား"

ပြောလည်းပြော၊ ဖက်လည်းဖက်၊ လက်မောင်းလည်း ထိုးလို ထိုး၊ ပခုံးလည်း လာလှုပ်လိုလှုပ်နှင့် နဂိုကျင့်မဖျက် ရှုပ်ယှက်ခတ်နေ သည့် ဆန်နီဘွိုင်းကို ကြည့်ရင်း သူ ခေါင်းတောင် မူးချင်လာသည်။

"ကဲ. . . သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး စကား ပြောရစ်ဦးနော် သား၊ အန်တီ ညနေစာ စီစဉ်လိုက်ဦးမယ်"

ဟု ပြောရင်း မီးဖိုဆောင်ဘက် ထွက်သွားသည့် အန်တီဒေလီ ကို ဆန်နီဘွိုင်က. . .

"မာမီ. . . သားနဲ့ တက်နေအတွက်ဆို မလုပ်နဲ့တော့၊ သား





အပြင်ဆိုင်မှာ စီစဉ်လိုက်မယ်"

ဟု လှမ်းအော်လိုက်ရင်း. . .

တစ်ဆက်တည်း. . .

"ကဲ. . . ငါ့ကောင် ရေမိုးချိုး အဝတ်အစားလဲ၊ အပြင်ဒိုးမယ်"

ဟု သူ့ကို ပြောလိုက်သည်။ ငယ်ငယ်ကလို ရုပ်ကော အပြုအမူ ပါ မပြောင်းလဲသေးသည့် ဆန်နီဘွိုင်း ပြုံးကြည့်နေမိရာမှ သူ့ကိုယ်သူ တက်နေစိုး ပြန်ငုံ့ကြည့်လိုက်သည်။ သူ့အဝတ်အစားက သင့်တော် နေသည်မို့. . .

"အဝတ်အစား မလဲတော့ပါဘူး၊ ရေလည်း သေရင် အရပ်ထဲ က ချိုးပေးလိမ့်မယ်. . . လစ်စို့"

"ဖွတ်ဖလိုးတဲ့မှ. . . ရုပ်သာ ပြောင်းသွားတာ သောက်ချိုးက တော့ စုတ်ပဲ့တုန်းပဲ. . . ဟား. . . ဟား"

နှစ်ယောက်သား အိမ်ပေါ်မှ ပခုံးဖက် ဆင်းလာခဲ့ကြသည်။ ခြံဝရောက်တော့ ဆန်နီဘွိုင်းက ဆိုင်ကယ်ပေါ် ခွတက်ပြီး စက်နှိုးလိုက် သည်။ ပြီးနောက် ရပ်ငေးကြည့်နေသည့် တက်နေစိုးကို 'ဟေ့ကောင်. . . နောက်က တက်လေ' ဟု မေးဆတ်ပြီး ပြောလိုက်၏။ သူက ခြေ လှမ်းမရွေ့ဘဲ ပြန်ပြောလိုက်သည်။

"ဆန်နီ. . . လမ်းလျှောက်သွားကြရအောင်ကွာ"

"ဖွတ်ဖလိုးတဲ့မှ. . . ဘာဖြစ်တာလဲ တက်နေရာ၊ မင်းက သည်း. . ."

အရစ်ရှည်သည်ဟု ထင်သွားသည့် ဆန်နီဘွိုင်ကို သူ ဖြည်း ဖြည်းချင်း ပြောပြလိုက်ရတော့သည်။

"ငါ ဆိုင်ကယ် လုံးဝမစီးတော့တာ အဲဒီကတည်းက. . . အဲ. . . နှစ်နှစ်လောက် ရှိပြီ သူငယ်ချင်း"

ခဏတွေသွားပြီးမှ ဆန်နီဘွိုင်း တစ်စုံတစ်ရာကို နားလည်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားဟန်ဖြင့်. . .

"ဩော်. . . တက်နေရာ၊ ကဲ. . ကဲ. . ဒါဆို ငါ ဆိုင်ကယ် အိမ်တဲ ဝင်သိမ်းလိုက်ဦးမယ်"

သူနှင့်ဆန်နီဘိုင်းတို့ လမ်းလျှောက်ပြီး မြို့ထဲက စားသောက်ဆိုင်တစ်ခု၌ ထိုင်ဖြစ်ခဲ့ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် နှစ်နှစ်နီးပါးစာ အပြောင်းအလဲအဖြစ်အပျက်များ ထွေရာလေးပါး ပြောဖြစ်ကြသော်လည်း ဘာ့ကြောင့်မှန်းမသိ နှစ်ယောက်စလုံး ဝသုန်မြတ်နိုး အကြောင်း မပြောဖြစ်ခဲ့ကြပါ။ အပြင်မှာ အမှောင်တို့ အပျိုဖော်ဝင်လာပြီ. . .။

လမ်းမီးတိုင်များလည်း ဝတ္တရားမပျက် အလင်းကို ဖျစ်ညှစ်ထွန်းညှိလိုက်သည်။ ဘီယာတစ်ကျားကို ဆန်နီများများ သူနည်းနည်းဖြင့်ဖြို့ပြီး ထမင်း၊ အစိမ်းကြော်နှင့် အခေါက်ကင် အတော်အသင့်လည်း စားခဲ့ပြီးပြီ။

သူ ဇွန်းခက်ရင်းကို ပန်းကန်ပြားပေါ်တင်၊ ရေတစ်ခွက်သောက်၊ ပါးစပ်ကို တစ်သျှူးဖြင့် သုတ်ပြီးနောက် ဆန်နီဘိုင်းကို နှိုးဆော်လိုက်သည်။

"ကဲ. . . ဆန်နီ ထကွာ၊ သွားကြရအောင်"

"ဟင်. . . မင်း နားချင်ပြီလား၊ အိပ်ချိန်စောပါသေးတယ်ကွ"

"မဟုတ်ပါဘူး. . . မအိပ်ချင်သေးပါဘူး၊ ဟိုကို သွားကြမယ်လေကွာ"

"ဘယ်ကိုလဲ တက်နေ"

ဆန်နီဘိုင်းက စားလက်စကို လက်စသတ်ပြီး သူ့ကို မေးခွန်းထုတ်သည်။ သည်မြေ သည်အရပ်ပေါ် ပြန်ခြေချမိကတည်းက နှုတ်မှဖွင့်ဟ မခေါ်ဖြစ်ခဲ့သည့် အမည်နာမတစ်ခုကို သူ ပထမဦးဆုံး ရွတ်ဆိုပြောပြဖြစ်လိုက်သည်။





"ဘယ်နေရာ ရှိရမှာလဲ ဆန်နီရာ၊ မြတ်နိုး. . . မြတ်နိုးတို့အိမ်တိုပေါ့"

"အင်း. . . ဝသုန်မြတ်နိုးတို့အိမ် ဟုတ်လား၊ မင်းက ဘာသွားလုပ်မလို့လဲဟင်"

"ဘာလုပ်ရမှာလဲကွ. . . ထုံးစံအတိုင်း ပိုင်ဆိုင်ခွင့် ပေးလို့မျက်နှာချင်း ဆုံခွင့်လေးတောင် မရှိတော့တဲ့ ငါ့လဝန်းပျိုရဲ့အရိပ်ကို ခိုးကြောင်ခိုးဝှက် မော့ကြည့်ရအောင်ပေါ့ကွာ"

"အင်း. . . ဟော့ကောင်"

ဆန်နီဘိုင်းက လေနင်နေသလို မျက်နှာနှင့် တက်နေစိုးကို မျက်လုံးပြူးကြည့်သည်။ ပြီးမှ သူ ဘာမှသိထားပုံမရကြောင်း စဉ်းစားမိသဖြင့်. . .

"ဝသုန်မြတ်နိုးမှ မရှိတာဘဲ၊ သွားလည်း အပိုပေါ့"

ဆန်နီစကားကြောင့် သူ ထိတ်ခနဲဖြစ်သွားပြီး နားမလည်သလိုမေးလိုက်သည်။

"ဘာလဲ. . . မြတ်နိုးတို့ ခရီးသွားလို့လား၊ ဒါမှမဟုတ် ဟို. . . ဟို. . . တခြားပြောင်းသွားကြလို့လား၊ ဘယ်ကို ပြောင်းသွားတာလဲ၊ ခင်း လိပ်စာသိလား ဆန်နီ. . . ဟင်. . . မြတ်နိုး ဘယ်သွားလို့လဲ"

မေးခွန်းတွေက တရစပ်။

ရောက်ကတည်းက တက်နေစိုးတစ်ယောက် ပြောချင်ပုံမရဟန်ဖြင့် ဝသုန်မြတ်နိုးအကြောင်း တစ်ခွန်းမှ မစလာသည်မို့ သူလည်း စိတ်ထဲ ပြောချင်စိတ် မရှိသည့်အတူတူ တစ်ခွန်းမှ မဟဖြစ်ခဲ့ပါ။ ခုတော့. . .

"ဟော့ကောင် ဆန်နီ. . . ငါ မေးနေတယ်လေ၊ မြတ်နိုး ဘယ်မှာလဲ၊ မြတ်နိုး ဘယ်သွားလို့လဲ"

လှုပ်လှုပ်သည်းသည်းဟန်ဖြင့် မေးလာသည့် တက်နေစိုး၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ကြည့်ပြီး ဆန်နီဘွိုင်က လေးလေးပင်ပင် စကားဆိုလိုက်လေသည်။

"ခု မင်းမေးတဲ့မေးခွန်းရဲ့အဖြေကို ဝသုန်မြတ်နိုးရဲ့မိဘတွေရော သားလတ်ကိုရဲ့မိဘတွေရော နောက်ဆုံး ငါတို့တစ်မြို့လုံးကပါ သိချင်နေကြတာ တက်နေ"

သူ တစ်ခုခု ဝင်ပြောရန် ပြင်သည်ကို ဆန်နီဘွိုင်က လက်ကာပြရင်း ဆက်ပြောလေသည်။

"သားလတ်ကိုနဲ့ စေ့စပ်ပွဲ လုပ်မလို့ဆိုလား၊ မင်္ဂလာပွဲ လုပ်မလို့ဆိုလား၊ နှစ်ဖက်မိဘတွေနဲ့အတူ ရန်ကုန်မှာ တက္ကသိုလ် တက်နေတဲ့ သားလတ်ကိုဆီ သွားရင်း ဝသုန်မြတ်နိုး ရန်ကုန်အရောက်မှာ ပျောက်သွားခဲ့တာ၊ ခုဆို နှစ်လ သုံးလလောက် ရှိသွားပြီ၊ ဘာမှထူးထူးခြားခြား သတင်းစုံစမ်းလို့ မရကြသေးဘူးလို့ ကြားတယ်. . .

အရပ်ထဲမှာတော့ သားလတ်ကိုနဲ့ လက်မထပ်ချင်လို့ ဝသုန်မြတ်နိုး ထွက်ပြေးသွားတာလို့ ပြောတဲ့သူကပြော၊ ဝသုန်မြတ်နိုးက ယဉ်ယဉ်လေး ရူးနေတာမို့ ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကို သွားပြရင်း စိတ်ဖောက်ပြီး ပျောက်သွားတာလို့ ပြောတဲ့သူက ပြောနဲ့. . .

ဘယ်ဟာအမှန်လဲကတော့ ကာယကံရှင်တွေပဲ သိကြမှာပေါ့ကွာ"

ဆန်နီဘွိုင်း စကားဆုံးတော့ သူ ကြောင်စီစီနှင့် ငြိမ်သွားရသည်။ ဆန်နီဘွိုင်းက စားပွဲထိုးတစ်ယောက်ကို ဝီစကီနှစ်ပက် နှစ်ခွက်မှာယူလိုက်ပြီး တစ်ခွက်ကို တက်နေစိုးထံ လှမ်းပေးလိုက်သည်။ ဆန်နီဘွိုင်း လှုပ်ရှားသမျှကို မျက်လုံးအကြောင်သား လိုက်ကြည့်နေသောသူ . . . ကမ်းပေးလာသည့်ခွက်ကို ယူ၍ တရှိန်ထိုး မော့ချလိုက်၏။ ခါးသီးပူလောင်မှုက လည်ချောင်းဝမှတဆင့် ရင်ညွှာတောက်လျှောက် လောင်မြိုက်သွားပြီး စကားတစ်ခွန်း အန်ထွက်လာသည်။





"အား. . . ပူလိုက်တာ မြတ်နိုးရယ်"

စိတ်ဝယက်၏ပဲ့တင်သံများက အလျှိုညီးညီး မြည်ဟည်းထွက်နေသည်မှာ သူ့ခန္ဓာတစ်ခုလုံးအား ယိမ်းယိုင်လှုပ်ယမ်းသွားစေတော့သည်။

မြတ်. . . နိုး. . . ရယ်. . .

တို့အတွက် ခိုးကြည့်ရုံ မြင်သာရာအရပ်ကနေ မင်း ခြေရာဖျောက်သွားခဲ့ပြီလား။

စွဲလမ်းမှုရဲ့စုပ်ဝဲထဲမှာ တစ်စစ နစ်မြုပ်ခံနေရတဲ့ တို့ဆီက မျှော်ငေးခွင့်ကိုတောင် ဆွဲယူပစ်လိုက်ပြီလားကွာ။

သားလတ်ကို,ကို လက်မထပ်ချင်လို့ မြတ်နိုး ထွက်ပြေးတာတဲ့လား။

ဒါ. . ဒါဆို တို့ထင်သလို မြတ်နိုးရင်ထဲမှာ သားလတ်ကို ရှိမနေဘူးပေါ့။

မြတ်နိုးနှလုံးသားမှာ နေရာလပ်ဆဲပေါ့။ ဟုတ်လား မြတ်နိုး။

ဟား. . . တို့ပျော်လိုက်တာ။ ပိုင်သူမရှိရင် မျှော်လင့်ခွင့်ဆိုတာ ရှိနေသေးတာပဲ မဟုတ်ဘူးလား။

ဒါပေမယ့်ကွာ. . .

မြတ်နိုးက ယဉ်ယဉ်လေး ရူးနေတဲ့သူဆို။ အို. . . ဒါ. . . ဒါဖြင့် မြတ်နိုး အဲလိုဖြစ်သွားတာကို. . ဟို. . ဟို. . တို့တွေ ကြုံတွေ့ခဲ့တဲ့ မတော်တဆ ဆိုင်ကယ်အက်ဆီးဒင့်ရဲ့အကျိုးဆက်လားဟင်။

ဒါ. . ဒါဆို တို့ ဘာလုပ်ရမလဲဟင် မြတ်နိုး။ တို့ဘာလုပ်ရမလဲ။

အမုန်းမီးတောက်ပေါ် နာကြည်းမှုဓာတ်ဆီတွေ လောင်းထည့်ထားတဲ့ မြတ်နိုးရဲ့ခွင့်လွှတ်ခြင်းတစ်မျှင်တစ်စကိုတော့ တို့ မျှော်လင့်ထိုက်ပါသေးရဲ့လား။

အို. . . ဘာပဲဖြစ်ဖြစ်ကွာ. . .



www.burmeseclassic.com

www.burmeseclassic.com



တို့ မြတ်နိုးကို မတွေ့တွေ့အောင် စကြာဝဠာ ပတ်ပြီး ရှာမယ်။

မြတ်နိုးဝေဒနာကို ပျောက်အောင် ကုသပေးမယ်။ မြတ်နိုးကို စောင့်ရှောက်မယ်၊ ဖေးကူမယ်၊ ပြုစုမယ်၊ ကြင်ကြင်နာနာ အလိုဖြည့်မယ်။ ပြီးရင်. . .

အဲ. . . ပြီးရင်တော့. . . ပြီးရင်တော့. . .

မြတ်နိုးပျော်ရာအရပ်. . . မြတ်နိုး ရည်ရွယ်ရာရင်ခွင်မှာ မြတ်နိုး လွတ်လပ်ကြည်နူးစွာ နေတော့နော်. . .

အဲဒီရင်ခွင်အရပ်ဟာ တို့မှတစ်ပါး အခြားသောအရပ်ဖြစ်ခဲ့ရင်. . .

ဟူး. . . ဖြစ်ပစေပေါ့။

မြတ်နိုး ပျော်ရွှင်ကျေနပ်တယ်ဆို တို့ အသက်ဇီဝရဲ့တည်ရှိနေခြင်းဟာ ပြည့်စုံပြီပဲ။

ခုလိုပဲ မျှော်ငေးရင်နင့် ကြည်နူးခွင့်နဲ့ ရှင်သန်ရပါပြီကွယ်။ တို့ မြတ်နိုးကို မတွေ့တွေ့အောင် ရှာမယ်။ တွေ့ရမယ်လို့လည်း ယုံတယ်။

အို. . . အတုမဲ့ ဗုဒ္ဓမြတ်စွာဘုရား။

ဘုရားတပည့်တော် တက်နေစိုးသည် မြတ်နိုး. . . အဲ. . . ဝသုန်မြတ်နိုးအပေါ် နှလုံးသည်းပွတ်နှင့်အမျှ စုံမက်စွဲလမ်း ချစ်မြတ်နိုးခဲ့ပါသည်ဘုရား။

ဤစကားသည် သစ္စာစကားဖြစ်ပါသည်ဘုရား။

ဤသစ္စာစကားသည် မှန်ကန်ခဲ့ပါက ဘုရားတပည့်တော်၏ နှလုံးသားစေရာအတိုင်း မြတ်နိုးကို ရှာဖွေတွေ့ရှိရပါစေသား။

မြတ်နိုးကို ပြုစုစောင့်ရှောက်ခွင့်ရပါစေသား. . .

မြတ်နိုးကို ပိုင်ဆိုင်(အဲ. . . ကိစ္စမရှိပါဘူးလေ) မြတ်နိုးရဲ့အမုန်းတွေ ပြေပျောက်ရပါစေသား. . .





အရှင်ဘုရား. . .

ထိုညက ဝသုန်မြတ်နိုးရဲ့မီးမှိတ်အခန်း အိမ်ခြံဝန်းထောင့် မှောင်ရိပ်လမ်းဘေးမှာ သူနှင့်ဆန်နီဘိုင် မိုးလင်းလုလုတိုင် ထိုင်ဖြစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပြီးရင်
ပြန်ပိတ်မရတဲ့ "ဗုံး" လို
စနက်တံကို ကံကြမ္မာဆီကခဲပြီး
လက်နက်ကိုပြန်မြှုပ်ခဲ့ရ...ပါ၊
ချစ်သူရေ
ကံမကုန်သေးရင်
မင်းနဲ့ပါပြန်ဆုံမယ်...၊







## (၂၀)

**နောက်**တစ်နေ့...

ညက အိပ်ရေးပျက်သဖြင့် နေအတော်မြင့်မှ နိုးလာရသည်။ သူ့ခရီးဆောင်ကျောပိုးအိတ်ကို ပြင်ဆင်နေသောကြောင့် ဆန်နီဘွိုင်းက...

"ဟေ့ကောင် တက်နေ... ဘာလုပ်နေတာလဲ၊ မျက်နှာသစ်လေ၊ မြို့ထဲ ဒိုးကြမယ်၊ ငါနိုးနေတာ ကြာပြီ၊ မင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ သက်သက်မဲ့ မနှိုးဘဲ ထိုင်စောင့်နေတာ"

"အေးကွာ သူငယ်ချင်း၊ ငါ ဒီနေ့ပဲ ရရာကားနဲ့ ရန်ကုန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်တော့မယ်၊ အန်တီနဲ့အန်ကယ်ကို တစ်ခါတည်း နှုတ်ဆက်ကန်တော့သွားရအောင်”

“အာ. . . ဖွတ်ဖလိုးတဲ့မှ၊ မင်းဟာက ကောက်ခါငင်ခါ ဘာဖြစ်ရတာလဲ၊ အစကတော့ တစ်ပတ်ဆယ်ရက် နေဦးမယ်ဆိုပြီး”

“တစ်ချိန်ချိန်တော့ ငါပြန်ရောက်နိုင်ဦးမှာပါ ဆန်နီရာ၊ အခုက အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့”

“ဘယ်လောက်အရေးကြီးတဲ့ကိစ္စမို့လို့ မင်းက ဖုတ်ပူမီးတိုက်ဖြစ်နေရတာလဲ၊ တစ်ရက်နှစ်ရက်တောင် မနေနိုင်တော့ဘူးလား”

ဆန်နီဘွိုင်က စိတ်မကျေနပ်ဟန်ဖြင့် ပြောနေသဖြင့် တက်နေစိုးက သူငယ်ချင်းဖြစ်သူ၏လက်မောင်းကို ဆုပ်ကိုင်ရင်း. . .

“ငါ့အသက်လောက် အရေးကြီးတဲ့ကိစ္စရှိလို့ပါ သူငယ်ချင်းရယ်”

“ဘာကိစ္စလဲ”

“ဝသုန်မြတ်နိုးကို ရှာဖို့၊ မြတ်နိုးကို မတွေ့တွေ့အောင် ရှာဖို့လေ”

“ဟာ. . . ဖွတ်ဖလိုးတဲ့မှ”

ဆန်နီဘွိုင်း စိတ်ပျက်လက်ပျက် ရေရွတ်လိုက်ပြီးမှ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဆက်ပြောလိုက်သည်။

“မင်းက သူရှိတဲ့နေရာကို သိလို့လား တက်နေ”

သူ ဆန်နီဘွိုင်မျက်နှာကို တည်ငြိမ်စွာ တစ်ချက်ပြန်လှည့်ကြည့်ရင်း. . .

“ပျောက်သောသူ ရှာရင်တွေ့တဲ့၊ တကယ်ရှာချင်ရင် စကြဝဠာအပြင်ဘက် ရောက်နေရင်တောင် ရှာဖွေတွေ့မှာပါ ဆန်နီ၊

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ။ ငါ့နှလုံးသားရဲ့အပြင်းအထန်ဟောင်းဆိုမှုကြောင့် ငါ့ကိုယ်စောင့်နတ်က မြတ်နိုး ရှိတဲ့နေရာကို မဖြစ်





မနေ ညွှန်ပြပေးပါလိမ့်မယ်”

ဟု တကယ့်ကို နှစ်နှစ်ကာကာ ယုံယုံကြည်ကြည်ကြီး ပြောချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# (၂၂)

**ဝိမ်း** × မြ × × သစ်ရွက်တို့ × × ကြွေနေ × × ဆဲ × ×
× မင်းအတွက် × × ငါ × ငိုနေတုန်း × × ပေါ့ × ×
တချို့တွေ × × နေ × နိုင် × × လွန်း × × တယ် × ×
× × × ရဲ × × ရင့် × × ကျောက်ခတ်တို့ × × ပြို × နေ × ဆဲ
× × × ငါ့အတွက် × × အဖြေ × × ရှာနေ × × တုန်း × × ပေါ့ × ×
× × တချို့တွေ × × နေ × × နိုင် × × လွန်း × × ပေါ့ × ×
တစ်ရေး × × မှ × မပျော်တဲ့ည × × မှောင်လွန်း × × နေ ×
× ဆဲ × ×
× × တစ်ယောက် × × တည်း × × ငါ × × ငို × နေ × ဆဲ





× ×× × ရင် × ထဲ × မှာ × မ × ကျေ × နပ် × ဆုံး × ×
× × အသည်း × × နာ ဒါ × × နောက် × ဆုံး × × ပေါ့ ×
တချို့တွေ × × နေ × နိုင် × လွန်း × × တယ် × × ×
တချို့တွေ × × နေ × နိုင် × လွန်း × × တယ် × × ×
. . . . . . . . . . . . . . .

ပဲခူးမှအပြန် ဆိုင်ကယ် အကြို့သင့်သဖြင့် မရောက်တာ ကြာပြီဖြစ်သော မမကြီးထံသို့ တက်နေစိုး ဝင်ခဲ့ခြင်းဖြစ်သည်။

မှောင်ရီပျိုးစပြုပြီမို့ မမကြီးအိမ်မှာ ဘက်ထရီ နှစ်ပေချောင်းမီးရောင်လေး ထွန်းထားနှင့်နေလေပြီ။ အိမ်ပေါ်ကို တက်စကပင် သီချင်းတစ်ပုဒ်ကို တိုးတိုးညှင်းညှင်းလေး တိုရောက်သည်ရောက်ဖြင့် သီဆိုနေသံကို ကြားရသည်မို့ သူ အသံမပြုဖြစ်သေးဘဲ အိမ်ပေါ်ရောက်ခဲ့သည်။

"အော်. . . မမကြီးလည်း အိမ်ထောင်မပြု ဘာမပြုဆိုတော့ သည်လိုပဲ ညအိပ်ညနေ ရွာထဲက သင့်ရာတော်ရာ မိန်းကလေး အဖော်အလျော် ခေါ်ထားရတုန်းပါပဲလား" ဟု တွေးရင်း မမကြီးအရိပ်အယောင်များ မြင်ရမလားဟု ထရံကာ ကန့်ထားသည့် အိပ်ခန်းဆီ ခေါင်းလှို့ကြည့်လိုက်မိသည်။

မိန်းမပျိုမှာ ခေါင်းအုံးတစ်လုံးကို ပွေ့ပိုက်၍ ပြတင်းပေါက်ဆီမော့ငေးပြီး သီချင်းကို ကပေါက်တိ ကပေါက်ချာ ညည်းဆိုနေဆဲဖြစ်သည်။ ဘက်ထရီမီးရောင် အပျောက်အကွက်ကြားမှာ ကျောပေးနေသည့် မိန်းကလေးတစ်ယောက်တည်းမို့ မသင့်တော်ဘူး ဟူသည့်အတွေးဖြင့် မမကြီးကို အော်ခေါ် အသံပြုရန် နောက်သို့ ခေါင်းရုပ် ခြေလှမ်းပြန်ရုပ်လိုက်စဉ်. . .

"မမကြီး. . . မမကြီး ပြန်လာပြီလား၊ ဒီနေ့ နောက်ကျလိုက်တာ၊ အိမ်မှာ သုန်သုန်တစ်ယောက်တည်း ပျင်းလို့ သေတော့မယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား ယမုံအတုကြီးရဲ့"

နားမစိမ်းသည့် အသံကျက်ကျက်လွင်စူးစူးလေးကြောင့် ခန်းစည်းကန့်လန့်ကာစကို ဆွဲဖယ်ရင်း အသံရှင်မိန်းကလေးကို စူးစမ်းကြည့်လိုက်မိသည်။ မိန်းကလေးကလည်း အပြင်ကို ထွက်ရန် ထလျက်တန်းလန်းနှင့် သူ့ကို မော့ကြည့်လာသည်။ မီးရောင်မှာ မျက်နှာလေး ထင်းခနဲ။

သူ့တစ်ကိုယ်လုံး ရေခဲမြစ်ထဲ ထိုးကျသွားသလို အေးစက်တောင့်တင်းသွားရသည်။

'မြတ်. . . နိုး' ဟူသည့် တော်လည်းသံကြီးက ရင်ကို ဆောင့်တွန်းလိုက်သော်လည်း သူ ပါးစပ်ကို စိစိပိတ်ထားနိုင်လိုက်သဖြင့် တော်ပါသေးသည်။ ရုတ်တရက် ဝမ်းသာသွားပြီး တစ်ပြိုင်တည်း စိုးထိတ်တုန်လှုပ်သွားသည်။ မြတ်နိုး သူ့ကို တွေ့ရင် ဘာလုပ်မလဲ၊ ဘယ်လိုနေမလဲ၊ ဘာတွေဖြစ်ကုန်မလဲ၊ ရင်ဝမှာ အပူလှိုင်း ဖြတ်သွားသော်လည်း ခြေလှမ်းကို ရွှေ့မရ၊ မျက်လုံးကို ရွှေ့မရ။

ကန့်လန့်ကာစကို ကိုင်ပြီး အိပ်ခန်းဝမှာ မတ်တတ်ရပ် ငြိမ်နေသည့် သူ့ထံ သူမ လျှောက်လာပြီ။ သူ့ရင်ခုန်သံက နားနှစ်ဖက်မှ အတွင်းလေပူတွေကို မှုတ်ထုတ်နေသည်။

"ဟင်. . . ရှင် ဘယ်သူလဲ. . . ဘာလုပ်တာလဲ၊ ဒီမှာ မိန်းကလေးအိပ်ခန်းထဲ ဘာလို့ ဝင်လာရတာလဲ၊ လူမှုရေး နားမလည်ဘူးလား ရှင့်အိမ်မှာ ဘုရားစင် မရှိဘူးလား၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် တက်လာရတာလဲ၊ မိန်းကလေးတစ်ယောက်တည်းဆိုပြီး မဟုတ်တမ်းတရားတော့ စိတ်မကူးနဲ့နော်၊ ရှင် ဒုက္ခရောက်သွားမယ်၊ သုန်သုန်က ကရာတေး အထက်ဆင်အနက်နော်. . . သဘောပေါက်"

သူ့မျက်နှာကို ကြည့်၍ စကားတွေ ပလူပျံအောင် ပစ်လွှတ်နေသည့် မြတ်နိုးကို ကြည့်ရင်း သူ တစ်ချက်ဝမ်းသာသွားရသည်။ ကြည့်ရ





သည်မှာ မြတ်နိုး သူ့ကို မှတ်မိပုံ မပေါ်ချေ။ ဖြစ်နိုင်သည်။ သူ့ဝိုစ် သူ့မျက်နှာကလည်း သည်နှစ်နှစ်ကျော်ကာလအတွင်းမှာပင် ဘဝတာမီးပေး ပုံလောင်းထားသဖြင့် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ သူ မြတ်နိုး ထူးဝူးဝါးဝါး မဖြစ်ခင် ပေးလာသည့်အခြေအနေအတိုင်း မျှောဝင်ကြည့်လိုက်သည်။

"ဟို. . . ကျွန်တော် မမကြီးမောင်ပါ၊ ဟို. . မမကြီးရှိတယ်မှတ်လို့၊ ပြီးတော့ ဒီကလည်း မရှိဘူးမှတ်လို့. . . အဲဒါ. . ."

"ဟင်. . . နာမည်ကလည်း မမကြီးမောင် ဟုတ်လား၊ ယောက်ျားကြီးဖြစ်ပြီး ကြုံကြုံဖန်ဖန် မှည့်စရာရှားလို့"

"အဲ. . . မဟုတ်ဘူးလေ၊ ကျွန်တော်ပြောတာက မမကြီးရဲ့မောင်၊ ဒီအိမ်က ဒေါ်ယမုံစိုးရဲ့မောင်လို့ ပြောတာပါ"

သူမ တစ်ချက် ယောင်ခနဲ ငြိမ်သွားပြီးမှ ချက်ကနဲ မေးလိုက်သည်။

"အင်း. . . တစ်ခါမှလည်း ပြောသံမကြားဖူးဘူး၊ ရှင့်နာမည်က ဘယ်သူလဲ"

"ကျော်စံကေး"

သူ့ပါးစပ်ထဲ အစပ်တည့်ရာ နာမည်တစ်ခု ချက်ချင်းရေရွတ်လိုက်မိသည်။

"ဟယ်. . . ကျော်စံကေး ဟုတ်လား၊ နာမည်လေးက ချစ်စရာလေးတော်၊ လူနဲ့တောင် မလိုက်ဘူး၊ လူက ရုပ်ကြမ်းကြီးနဲ့၊ နာမည်ကျတော့ အပျံစား မဆလာနဲ့ ပင်စိမ်းနံ့လေးတောင် မွှေးနေသလိုပဲ"

"ဟူး. . ."

အခုမှပင် သူ စိတ်ချလက်ချ လေပူသက်ပြင်း မှုတ်ထုတ်ခွင့်ရတော့သည်။ ထိုစဉ် သူမက သူကျောပေးထားရာ အိမ်ပေါက်ဝကြီးဆီ အကြည့်တစ်ချက် ပြောင်းသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . မမကြီး ပြန်လာပြီ၊ မမကြီးရေ. . . ဒီမှာ မမကြီး မောင် ကျော်စံကေးဆိုတာ ရောက်နေတယ်"

"ဟဲ့. . . ဘယ်သူ"

တအံ့တသြ မေးရင်း လှမ်းမော့ကြည့်လိုက်သည့် မမကြီးကို သူမနောက်ကွယ်၌ သူ့ကို လက်မထိုးပြ ခေါင်းယမ်းပြ၊ လက်ခါပြ၊ သူမကို လက်ညှိုးထိုးပြနှင့် တစ်ခဏအတွင်း (body language) မျိုးစုံဖြင့် အချက်ပြ သဘောပေါက်ဟန်ဖြင့် ဖောကရိတ်နှင့် ရောကြိတ်လိုက်ပါသည်။

"ဟဲ့. . . စော်ကြံကွေး၊ အဲ. . . ကျော်စံကေး၊ နင့်မလည်း. . ခုမှပဲ ပေါ်လာရသလား၊ ကိုယ့်အစ်မတစ်ယောက် ရှိသေးတယ်ဆိုတာ မေ့နေတယ်ပေါ့၊ အဲဒါပဲ ကြည့်တော့ သုန်သုန်ရေ၊ မောင်တွေများ ဘယ်လောက်အားကိုးရသလည်းဆိုတာ၊ ခုမှ ရောက်လာဖော် ရတာ သာကြည့်"

"အမယ်. . . ယမုံအိတုကြီးကျတော့ စကားထဲတောင် ထည့်ပြောဖော် မရပါဘူးနော်၊ သုန်သုန်ဖြင့် တစ်ခါမှ မကြားဖူးလို့ မောင်ရှိမှန်းတောင် မသိဘူး"

"အဲ. . ."

ချက်ကျလက်ကျ ဝင်ပြောလိုက်သည့် သူမစကားကြောင့် မမကြီး ပါးစပ်ဟောင်းလောင်းပွင့်သွားရတော့၏။ သူ ပျော်ရွှင်ပေါ့ပါးစွာ တစ်ချက်ရယ်လိုက်ပြီး ကိုယ့်အမိပွါယ်နှင့်ကိုယ် မမကြီးကို ပြောလိုက်မိသည်။

"ဟား. . ဟား. . စိတ်ချ မမကြီးရေ၊ မမကြီးရဲ့ကျေးဇူးတွေကြီးမားလွန်းလို့ ကျွန်တော် မမကြီးနဲ့ ဒီမှာ အတူနေတော့မှာပေါ့ မမကြီးရဲ့"

ဒေါ်ယမုံစိုးကတော့ အခြေအနေကို ဘာမှန်းမသိသော်လည်း





ပျော်ရွှင်တက်ကြွနေပြီး သူမနှင့် အတူနေတော့မည်ဟု ပြောသည့် တစ်ဦးတည်းသော မောင်ထွေးလေး တက်နေစိုးကို ပြုံးငေးကြည့်နေရင်း ပျော်ရွှင်သွားမိသည်။ နောက်တော့. . .

မျက်လုံးတွေနှင့် မေးခွန်းထုတ်နေသည့် မမကြီးကို သူ. . . "မနက်ကျရင် ကျွန်တော် အားလုံးရှင်းပြပါ့မယ်၊ လောလောဆယ် ကျွန်တော့်ကို တက်နေစိုးဆိုတာ မသိပါစေနဲ့" ဟု သူမအလစ်မှာ တိုးတိုးကပ်မှာထားလိုက်ရသည်။

နောက်တစ်နေ့မှာ ရွာထဲ လမ်းလျှောက်ရင်း မမကြီးကို အဖြစ်အပျက်အားလုံး ရှင်းလင်းပြောပြလိုက်တော့. . .

"အေးဟယ်. . . အံ့သြစရာပဲနော်၊ တိုက်တိုက်ဆိုင်ဆိုင် ကြုံရတာ" ဟု ရင်ဘတ်လက်ဖိ ပြောရှာလေသည်။ ပြီးမှ. . .

"တကယ်တော့. . သုန်သုန့်မှာရှိနေတဲ့ ကိုယ်ဝန်ကလည်း မမတို့နဲ့ မဆုံခင် ဘယ်လိုပုံစံမျိုးနဲ့ ဘာဖြစ်သွားတယ်ဆိုတာ. . . ဘုရားမှတပါး ဘယ်သူမှ မသိနိုင်တော့ဘူးလေ. . လောလောဆယ်တော့ စိတ်ဝေဒနာကလွဲလို့ သုန်သုန့်မှာ လွယ်ထားတာ ဘာတစ်ခုမှ မရှိဘူး. . . အဲ့ဒါ အသေအချာပဲ"

"ဒီတော့. . သူ့မိဘများဆီ မြန်မြန်အကြောင်းကြားလိုက်တော့လေ တက်နေ၊ သူ့မိဘတွေလည်း ဝမ်းသာသွားရအောင်၊ နောက်. . သုန်သုန်လေးကို ဆေးဝါးကုသပေးလို့ရအောင်"

ဟု ဆိုလာသည်။

သူ. . မမကြီးမျက်နှာကို တောင်းပန်သလို ကြည့်ပြီး တိုးလျှိုးသံဖြင့် ပြောလိုက်မိသည်။

"ဟုတ်တယ်. . . ပြန်ပို့မှာပါ၊ မြတ်နိုးကို သူ့မူလနေရာ ရောက်အောင် ကျွန်တော်ကိုယ်တိုင် ပြန်ပို့မှာပါ မမကြီး၊ ဒါပေမယ့် မမကြီးရယ် . . . ကျွန်တော် ညက မအိပ်တမ်း စဉ်းစားပြီး ဆုံးဖြတ်ထားပြီးပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြတ်နိုးအပေါ် မတရားရာ ကျနေမယ်ဆိုတာလည်း သိပေမယ့် ခုလို ကျွန်တော့်အပေါ် နာကျည်းမှု မုန်းတီးစိတ် ပျောက်ကွယ်နေတဲ့မြင်နိုး၊ ကျွန်တော်လည်း အသည်းပေါက်အောင် ချစ်ရတဲ့မြတ်နိုး မြတ်နိုးနဲ့ အနီးကပ် နေခွင့်လေးတော့ ရှိပါရစေ၊ အများကြီး မဟုတ်ပါဘူး မမကြီးရာ၊ တစ်လ. . တစ်လတည်းပါ၊ ကျွန်တော့်ဘဝအတွက် မြတ်နိုး အမုန်းမဲ့ကာလ တစ်လစာလောက်တော့ ကျွန်တော် ပိုင်ဆိုင်ကြည်နူးပါရစေ၊ ပြီးရင်. . ပြီးရင်. . မြတ်နိုး ရှိအပ်တဲ့နေရာဆီ ကျွန်တော်. . . ကျွန်တော် ဆက်ဆက်ပြန်ပို့ပေးမယ်ဆိုတာ မမကြီးကို ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် ကတိဖျက်ခဲ့ရင်. . . ကတိဖျက်ခဲ့ရင် သွေးအန်ပြီး. . ."

"ဟဲ့. . . တက်နေ မကျိန်နဲ့လေ၊ အဲလို မကျိန်ရဘူးလေ တက်နေရဲ့၊ အော်. . . မောင်လေးရယ်"

သူ့နှုတ်ခမ်းကို အလန့်တကြား ပိတ်၍ သူ့ကို ဖက်ပြီး မမကြီးငိုတော့ စကတည်းက ညို့ဝေနေသည့် သူ့မျက်ရည်တွေကြွေခသွားခဲ့ရပါသည်။ သည်လိုနှင့်. . .

"ကျော်စံကေး"

"ဗျာ. . ."

"သုန်သုန်ကို သိလားဟင်"

"သိတယ်လေ. . . ဘာဖြစ်လို့လဲ"

"ဘာ. . . သိတယ်၊ ထင်သားပဲ. . . ကျော်စံကေးဟာ ကျော်စံကေးအတုကြီး ဖြစ်ရမယ်မှန်း စိတ်ထဲက ရိပ်မိလို့ သုန်သုန့်ကို သုန်သုန်မှန်း မသိအောင် ကြံပြီး သုန္ဒရီလို့ ပြောထားတာ၊ တော်ပါသေးရဲ့. . . ခု ကျော်စံကေး သုန်သုန့်ကို သုန်သုန်မှန်း မသိတော့ဘူးမို့လား"

"ဪ. . . အင်း. . . မသိဘူး၊ ဟုတ်တယ်. . . ဟုတ်တယ် သုန်သုန်မှန်း မသိတော့ဘူး"





"ဟောတော့်. . . ကျော်စံကေး ရှင် ရူးများနေလား၊ သုန်သုန်နဲ့ စကားပြောနေရင်း သုန်သုန့်ကို သုန်သုန်မှန်း မသိဘူးတဲ့၊ ခစ်. . . ခစ် ရှင်တော့ ဂေါက်နေပြီ၊ မှတ်ထား. . . သုန်သုန်က သုန်သုန်ရှင့်"

". . . . . . . . . . . . . . . ."

"ကျော်. . . စံ. . . ကေး"

"ဟင်. . . ဘာလဲ မြတ်၊ အဲ. . . သုန်သုန်"

"မှန်မှန်ပြောစမ်း. . . ကျော်စံကေးမှာ တခြားနာမည်တစ်ခု ရှိသေးလား"

"အဲ. . . မရှိ. . မရှိပါဘူး သုန်သုန်၊ ဟို. . ဘာဖြစ်လို့ မေးတာလဲဟင်"

"ဘာဖြစ်လို့ မရှိရတာလဲ၊ ခက်တာပဲ. . . သုန်သုန် ဘယ်လို လုပ်ရပ့ါ"

"ဘာလုပ်မလို့ ဘာတွေ ခက်နေတာလဲ. . . ပြောပါဦး"

"သုန်သုန်. . ကျော်စံကေးကို ယူချင်လို့"

"ဘာ. . ဘာပြောတယ် သုန်သုန်"

"ကျော်စံကေးကို သုန်သုန်လိုချင်တယ်လို့ ပြောတာလေ"

"တကယ်ပြောနေတာလား"

"တကယ်ပေ့ါ. . . သုန်သုန်မွေးတဲ့ကလေးကို ကျော်စံကေးလို့ နာမည်ပေးချင်လို့"

"ဪ. . . ဒီလိုလား၊ ပေးလေ. . . ပေးပေ့ါ သုန်သုန်ရဲ့၊ ဘာဖြစ်လဲ"

"အာ. . . ကျော်စံကေးမှာ တခြားနာမည်တစ်ခုမှ မရှိတာ၊ သုန်သုန် ယူလိုက်ရင် နာမည်ဟောင်းလောင်းကြီး ကျန်ခဲ့တော့ ရှက်စရာကြီး ဖြစ်နေမှာပေ့ါ"

"မဟုတ်ဘူး. . . ဒီလိုလေ သုန်သုန်ရဲ့၊ သုန်သုန်က ကိုယ့်နာ



www.burmeseclassic.com

www.burmeseclassic.com



မည်ကို ကလေးမွေးပြီးမှ ယူမှာမဟုတ်လား၊ သုန်သုန့်ကလေးကို တို့နာမည်ပေးပြီးတော့ တို့က နောက်နာမည်တစ်ခု ဝယ်လိုက်မှာပေါ့”

“အိုး. . . ဟုတ်သား၊ ဒါမျိုးကျတော့ ကျော်စံကေးတို့က တော်သွားပြန်ရော၊ ဒါကြောင့် သုန်သုန် ကျော်စံကေးကို ချစ်တာ”

“အဲ. . .”

“. . . . . . . . . . . . . .,”

“မိန်းမသားချင်းမို့ မမကြီးကို လက်တို့ပြီး အတင်းတုတ်ရဦးမယ်သိလား”

“အလိုတော်. . ဒေါ်ရွှေသုန်. . ကျားသားမိုးကြိုး ဘယ်သူကအတင်းတုန်း. . . ဆိုပါဦး”

“ဘယ်သူ့အတင်း ရှိရမှာလဲ”

“မမကြီးမောင်ပေါ့”

“အင်း. . . သူက ဘာဖြစ်နေလို့လဲ”

“သူ. . . သူ. . . သုန်သုန်ကို ချစ်ရေးဆိုတယ်”

“ဟင်. . . ကျော်စံကေးက”

“အို. . . မမကြီးကလည်း၊ မမကြီးမောင်ကပါဆို”

“အေးလေ. . . သူက ဘယ်တုန်းကလဲ”

“ညက အိပ်ရာထဲမှာ”

“ဘုရား. . ဘုရား. . ဒီကောင်လေးနှယ်၊ သုန်သုန်ကရော ဘာလို့ လက်ခံရတာလဲ၊ မမကြီးတို့ နှိုးလိုက်ရောပေါ့ကွယ့်”

“သူက အတင်းဝင်လာတာကြီးဟာ၊ နောက်ပြီး သူချစ်နေတာ သုန်သုန် ဟိုးအရင်ကတည်းက သိပြီးသားပဲဟာ. . . မနှင်ရက်ပါဘူး”

“ဒုက္ခပါပဲ သုန်သုန်ရယ်. . . ခက်ကုန်တော့မှာပဲ”

“ဟုတ်တယ်. . . ခက်ကုန်တော့တာပေါ့ မမကြီးရယ်၊ သုန်သုန် သူ့ကို ပြန်ချစ်ချင်ပေမယ့် သုန်သုန့်မှာက ကိုယ်ဝန်ကြီးက ရှိနေ





တာမို့လား၊ ဒီတော့ သူ့ကို အတင်းပြန်တွန်းထုတ်ရတော့တာပေါ့”

“ဟင်း. . . တော်ပါသေးရဲ့”

“အမယ်. . . မတော်ပါသေးနဲ့ရှင့်၊ သုန်သုန် ဘယ်လောက်တောင်းပန်တောင်းပန် ဘယ်လောက်ရှင်းပြရှင်းပြ. . . မရဘူး၊ သူတအွတ်ကြီးရယ်”

“ဘုရား. . .”

“ဒါပေမယ့် သနားပါတယ်၊ သုန်သုန် ရှူးပေါက်ချင်လို့ လန့်နိုးသွားတော့ အိပ်မက်ထဲက သူထွက်သွားရှာတယ် မမကြီးရဲ့. . . သိလား”

“အမလေး သုန်သုန်ရယ်၊ ညည်းနဲ့တော့ ကျုပ်နီးပြီ. . . နီးပြီ”

“. . . . . . . . . . . . . . . .”

“သုန်သုန်. . .”

“ဟင်. . . ဘာလဲ မမကြီးမောင်”

“သုန်သုန် အိမ်ပြန်ရောက်သွားရင် တို့ကိုမေ့သွားမှာလား”

“ဘာ. . . သုန်သုန် အိမ်ပြန်ရမယ်၊ အော်. . . ဟုတ်သား၊ သုန်သုန် ကလေးမွေးပြီးရင် အိမ်ပြန်ရမှာ မေ့နေတာ၊ ဘာလို့ မေ့ရမှာလဲ၊ သုန်သုန်ကို ဒီလောက်ချစ်တဲ့ အလိုလိုက်တဲ့ စောင့်ရှောက်ပြုစုပေးတဲ့ မမကြီးနဲ့မမကြီးမောင်ကို သုန်သုန်က ဘယ်တော့မှ မမေ့ပါဘူး၊ ဖြစ်နိုင်ရင် သုန်သုန့်အနားမှာ အမြဲခေါ်ထားချင်တာ၊ မမကြီးမောင်တို့နဲ့ နေရတာ သုန်သုန် ပျော်လည်း ပျော်တယ်၊ စိတ်လည်း ချမ်းသာတယ် သိလား”

“ဩော်. . . သုန်သုန်ရယ်၊ ဒါနဲ့ အခုတလော တို့ကို ဘာလို့ မမကြီးမောင်ချည်းပဲ ခေါ်နေရတာလဲ၊ ကျော်စံကေးလို့ မခေါ်တော့ဘူးလား”

“ဟော့. . . ဟော့. . . ပေးပြီးမှ ရှုံ့ချည်နှပ်ချည် လာလုပ်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



. . . မရဘူး၊ ကျော်စံကေးကို သုန်သုန် ဟောဒီဗိုက်ထဲ အပိုင်သိမ်းထားပြီးပြီနော်၊ တစ်သက်လုံး ပြန်တောင်းဖို့ မကြိုးစားနဲ့ . . . ဒါပဲ"

**သည်**လိုနှင့် . . .


အချိန်ကာလကို ခြေကန်တောင့် ဆွဲထားလို့မရမှန်း သူ သိခဲ့ပါသည်။ သို့သော် အချိန်ဟာ လိုတာထက် ပိုမြန်လွန်းနေသည်ဟုတော့ သူ အကြောက်အကန် ထင်ချင်နေမိသည်။ သူ ကျိန်တွယ်ကတိပြုခဲ့သည့် မြတ်နိုး၏အနားမှာ နေပိုင်ခွင့်ရှိသော တစ်လအတိုင်းအတာမှာ သက်ကျန်သိပ်မရှိတော့။ နှစ်ရက်လား သုံးရက်လား ကျန်တော့သည်။

မနက်ကပင် မမကြီးက . . .

"ကြာရင် ဒီထက်ပိုပြီး ခံစားကြရလိမ့်မယ်၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ပြင်ပါတော့ မောင်လေးရယ်"

ဟု မျက်နှာအိုအိုနှင့် သူ့ကို သတိပေးခဲ့သည်။ သူ ကြည်နူးစွာ တကျနပ်နိုင်ရန်အတွက် ကြေကွဲစွာ ကျန်ရစ်ခဲ့ရပါဦးမည်။

အောင်မြင်စာပေ




www.burmeseclassic.com

www.burmeseclassic.com





(၂၂)

အာဆောင်ရှေ့က မရမ်းပင်နှင့် တောင်ပိန္နဲပင်များပေါ်မှ နှင်းမှုန်ပွင့်များ ဝေဝေဆာဆာ ပွင့်နေကြပြီ။ နေခြည်အလင်းဖျော့အောက်၌ ဆောင်းသည် ခရမ်းနုရောင် အထက်အောက် ဆင်တူဝတ်၍ လမ်းမထက် နွဲ့နွဲ့လျားလျား လျှောက်လာနေသည်။ ဆောင်းဝင်စပေမယ့် အအေးဓာတ်ကတော့ ရှိုက်ဖိုကြီးငယ်နှင့် ဖြစ်နေပြီ။

ဆောင်းပျော်အခံစိတ်ဖြင့် သားလတ်ကို နံနက်စောစော အဆောင်ရှေ့က စံပယ်ရုံဘေး ခုံတန်းလေးမှာ ဆောင်းသက်ခံပြီး နှင်းငွေ့လှုံနေသည်။ မျက်နှာကြွေတစ်ရွက်က စိတ်အမြင်လွှာမှာ လာကပ်





သည်။ ဖတ်ကြည့်လိုက်တော့. . .

ဝသုန်မြတ်နိုး. . .။

သုန်သုန်. . . ခေါင်းစဉ်အောက်မှာ အဖြစ်အပျက်ကို သူ တောက်လျှောက်ပြန်ဖတ်ကြည့်မိတော့၏။ သူ သုန်သုန့်ကို လက်ထပ်မည်ဟု ကတိပေးပြီးကာမှ သုန်သုန်ကို စိတ်ကျန်းမာရေးဆေးရုံ ပြသရန် အခြေအနေဖြစ်လာခဲ့သည်။ ဆေးရုံမရောက်မီ ရန်ကုန်မြေ ခြေအချမှာပဲ သုန်သုန် ပျောက်ဆုံးသွားခဲ့သည်။ သက်ဆိုင်ရာကို တိုင်ကြား၊ လူပျောက်ကြော်ငြာ၊ နီးစပ်ဆက်စပ်ရာမှာ အပူတပြင်း ရှာဖွေခဲ့ကြသော်လည်း ခြေရာပျောက်နေခဲ့သည်။ ယခုဆိုလျှင် သက္ကရာဇ် နှစ်တစ်ဝက်ကို ကျိုးခဲ့ပြီဖြစ်သည်။

မျှော်လင့်ချက်ကြီးစွာထားသည့်သူများ မိမိမျှော်လင့်ချက်တို့ မိမိ သံသယဝင်ချင်စရာ ဖြစ်လာနေသည်။ သူ ကြီးစွာသော စိတ်ပူပန်မှုနှင့် ကရုဏာသံယောဇဉ်ရဲရဲ ကြေကွဲခဲ့ရပါသည်။ အပြစ်ကင်းသည့် သိုးဖြူမလေးအပေါ် ကျူးလွန်မိသည့် သဒ္ဒါလွန် ပြစ်မှုအတွက် သူ့နှလုံးအိမ်နှင့် အသိဦးနှောက်တစ်ခုလုံးသည် နောင်တကျပ်ခိုး အထပ်ထပ် စွဲနေခဲ့ရပါသည်။

အကယ်၍များ ကြမ္မာဆိုးတစ်ခုက သုန်သုန့်ကို ဝှက်ထား၍ အပေးအယူ လုပ်ရန် အခွင့်ပေးလျှင် သူ သုန့်သုန့်နေရာမှာ အစားထိုးလဲလှယ်ပေးလိုက်ချင်ပါသည်။ နှစ်ဖက်မိဘများဆန္ဒအရ သူ ကျောင်းဆက်ပြန်တက်ဖြစ်ခဲ့သော်လည်း တက်ကြွမှု တစ်ခြမ်းပုပ်နေခဲ့ရသည်။ အနှစ်သားမဲ့ ဥခွံတစ်ခုပမာ သူ လိမ့်ပါခဲ့ရသည်။ သည်အချိန်မှာ သူ့ဘဝ ရည်မှန်းရာ ပညာရေးပန်းတိုင်ကို အလံထောင် လှူပ်ပြရင်း ဖေဖေက စိတ်အားဖြည့်ပေးခဲ့သည်။ သူ၏ဖိအားသင့် စိတ်ယိုင်နဲ့မှုကို အကြောလျှော့ပေးခဲ့သည်။ မဖြစ်သေးတာနှင့် ဖြစ်ပြီးတာတွေကြားက လျှိုထွက်ပြီး ဖြစ်ပျက်ဆဲ အခြေအနေပေါ်မှာ သဘာဝအတိုင်း ရင်ဆိုင်ခုန်တက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဇူးက ဖေးကူသင်ကြားခဲ့သည်။ အတိတ်အတွက် 'ခွင့်လွှတ်ပါ သုန်သုန်ရယ်' ဟု ပြောလျှင် ပစ္စုပ္ပန်အတွက် 'ကျေးဇူးအနန္တပါ ဇူး' ဟု သူ ဆိုမိမှာ သေချာပါသည်။ အနာဂတ်အတွက် သူ ကွက်လပ်မြေမှာ ကွက်ရှင်မတ် ရေးထားဖြစ်ပါသည်။

"တီတီ. . . တီတီ. . . တီတီ"

အဆောင်ခြံဝမှ ကာဟွန်းသံကြောင့် သားလတ်ကို နိုးမက်မက်နေရာမှ ပြန်လွှတ်ကျလာရသည်။ မျက်မှန်ကို ချွတ်၍ သီဝေနေသည့်နှင်းစကို လက်ကိုင်ပဝါဖြင့် သုတ်ပြီး ပြန်တပ်ကြည့်လိုက်တော့. . . ဇူး၏ကား။

မကြာမကြာ လာတတ်သော်လည်း ဒီနေ့တော့ စောစောစီးစီးကြီးပါလားဟု တွေးရင်း ခြံတံခါးဝသို့ လျှောက်လာခဲ့သည်။ သူ ခြံဝင်းတံခါးချက်ကို ဖြုတ်ဆွဲဖွင့်ပြီး ကားအနား ကပ်သွားတော့ ကားမှန်တစ်ဝက် လျှော့ချ ခေါင်းငဲ့ထုတ်ကြည့်ရင်း ဇူးအသံ ထွက်လာ၏။

"ဘယ်လိုလဲ ဆရာကြီး၊ တစ်ယောက်တည်း နှင်းကသိုဏ်း ရှုနေတာလား၊ သွား. . . အဝတ်အစား သွားလဲချည်"

"ဘယ်ကိုလဲ" ဟု သူ မမေးဖြစ်ပါ။ ဇူး စေရာအတိုင်း ဝတ်စားပြင်ဆင်ပြီး ကားပေါ် ထိုင်မိတော့မှ ကားမောင်းထွက်ရင်း. . .

"ပဲခူးဘက်ကို ပစ္စည်းလူကြုံ သွားပို့မလို့ ကိုရဲ့၊ ဒီနေ့တော့ တိုကို့ ဇူး တစ်နေကုန် ချောဆွဲရတော့မှာ. . . ဖြစ်တယ်မို့လားဟင်"

ဟု ဆိုသည်။

"မေးစရာလား ဇူးရယ်" လို့ သူပြောတော့. . .

"အဲဒါလေးတွေ. . . အဲဒါလေးတွေ. . . ဒါလေးတွေကြောင့် မိဇူးတို့ ကြွေနေရတာ" ဆိုပြီး လက်တစ်ဖက်က သူ့ပါးကို လာလိမ်လိုက်သဖြင့် တားက ဟိုသည် အနည်းငယ် ယမ်းသွားသည်။





"ဇူးရယ်. . . ကားကို ဂရုစိုက် မောင်းပါ"

"ဘာလဲ. . . ကိုက သေမှာ ကြောက်တယ်ပေါ့"

"ဟင့်အင်း. . . အသက်ရှုလို့ မရတော့မှာကိုပဲ ပူတာပါ"

"ဟင်း. . . ဟင်း. . . ဟင်း. . . မပူပါနဲ့ ကိုရယ်၊ ဇူးမှာ မရှိမဲ့ရှိမဲ့ မှုးရင်ရှူစရာ၊ မောရင် ရှိုက်စရာ၊ မွန်းရင် ရှူ့စရာ ဒါလေးတစ်ယောက် ရှိတဲ့ဟာ"

"အော်. . . ကတိုးနှာဘူးလေးဆိုပါတော့"

"ဆိုနိုင်ဘူးလေ. . . ကိုယ့်ကိုယ်ကိုယ် သိမှာပေါ့. . . မဟုတ်ဘူးလား"

အသည်းယားစရာဟန်နှင့် ဖျစ်ညှစ်ချင်စရာအသံကြောင့် သူ ဇူးအနား အတင်းကပ်ပြီး ဇူးခါးလေးကို ဖက်ထားလိုက်မိသည်။ နှာသီးဖျားမှာလည်း မွှေးထုံအီ ရနံ့သင်းလေး တစ်ရှိုက် ရှူမိလေသည်။ ကားလေးက မြို့ပြင်ရောက်လာသည်နှင့် လမ်းရှင်းစွာ အသွက်မြန်လာသည်။ နှင်းလက်ကျန်တစ်စို့လေးပင် နေရောင်သိမ်းသွားပြီဖြစ်သည်။

သူနှင့်ဇူး ပဲခူးမရောက်ခင်မှာ ရပ်ပြီး ခဏနား ဘရိတ်ဖတ်စ်စားပြီးမှ တစ်ဆင့်ဆက်မောင်းခဲ့၏။ ဇူး ကားမောင်းနေသည်ကို မှေးမှိုလိုက်ရင်း. . . အင်း. . . ကားမောင်းတော့ သင်ထားဦးမှ၊ ဒါမှ ဇူးတို တစ်လှည့်နားခိုင်းပြီး မောင်းပေးနိုင်မှာဟု သူ တွေးဖြစ်နေသည်။

"နေပါဦး ဇူးရဲ့၊ ခု သွားရမှာက ဘယ်ကို. . ."

"ပဲခူးအကျော်မှာပါ. . ညောင်ခါးရှည်ဆိုတဲ့ရွာလေးကိုလေ၊ နီးပြီနဲ့တော့ တူပါတယ်"

"ဟင်. . . ဇူးက မရောက်ဖူးဘူးလား"

"ဟင့်အင်း. . . "

"ဒါဆို. . . ဘယ်လိုသွားမလဲ မသိဘဲနဲ့"

"အို. . . ကိုကလည်း၊ ဒါနဲ့ သွားမှာပေါ့" ဟု ဆိုပြီး နှင်းဆီဖူး



www.burmeseclassic.com

www.burmeseclassic.com



လေး ဟုပြောသဖြင့် သူ ရုတ်တရက် သတိရသွားပြီး. . .

"ဖူး. . . ခဏ. . ခဏ. . ကားခဏရပ်ပါဦး"

ဟု ပြောလိုက်၏။ ဖူးက ကားကို အရှိန်လျှော့၊ လမ်းဘေး တပ်ရပ်လိုက်ရင်း. . .

"ဘာဖြစ်လို့လဲ ကို. . . ရှူးပေါက်ချင်လို့လား"

ဟု မေးသဖြင့် ခေါင်းယမ်းပြပြီး ဖူးနှုတ်ခမ်းကို လက်ဖြင့် တို့ပြ ပြီး. . .

"ကို. . . အနမ်းဆာလို့"

"သြော်. . . တကယ့်အရေးပေါ်အခြေအနေပါလား ကိုရယ်၊ တော်ပါသေးရဲ့. . . ဆေးမီလိုက်လို့. . . ဟင်း"

ပြောရင်း ယိုင်ဆင်းလာသော ဖူးမှာ ထူးဆန်းသောအနမ်း လေးများ ဝှက်ထားကြောင်း သူ ခဏအတွင်း သိရှိခဲ့ရပြန်တော့သည်။ ကားမောင်းထွက်လာခဲ့ကြတော့ သူ ဖူးပေါင်ပေါ် ပက်လက်ခေါင်းတင် လှဲလိုက်လာရင်း စကားတစ်ခွန်း ပြောဖြစ်လိုက်၏။

"ဖူး. . . အပြန်ကျရင် ကို့ကို ကားပေါ်တင် ခိုးပြေးပါတော့ လားကွာ"

ဖူး ခဏငြိမ်သွားပြီးမှ လုပ်ရယ်လေး ရယ်၍. . .

"ဟင်း. . ဟင်း. . အထုပ်အပိုးလည်း ပြင်ပြီးပြီ၊ နောက်ပိုင်း အရှုပ်အရှင်းလဲ မရှိ၊ အသက်လည်းပြည့်၊ လေးဘက် နံရံပိတ်တဲ့အခန်း လည်း ကြိုက်တယ်ဆိုရင်တော့ ဘုရားသာ တ,ပေတော့ ကိုရေ. . . အ ဟင်း အဟင်း ဟင်း"

တာဖုံလမ်းဆုံမှာ စုံစမ်းလမ်းမေးပြီး လမ်းအချိုးအတိုင်း ကွေ့၍ ဝင်လိုက်ပြီး နာရီဝက်ခန့် မောင်းပြီးသည့်အခါ လိပ်စာပါ ရွာသို့ ရောက် လာခဲ့သည်။

"ကဲ. . . ကို၊ လိပ်စာကတော့ ဒီအိမ်ပဲ၊ ကို လိုက်ချင်လဲလိုက်ခဲ့၊





မလိုက်ချင်လဲ ကားထဲမှာ စောင့်နေ"

လက်ဆောင်ထုပ်ကို ယူပြီး ဖူး ဆင်းသွားတော့ သူ ခဏ ကားထဲ မှာ ထိုင်နေဖြစ်သေးသည်။ ပြီးမှ အညောင်းပြေ ခါးဆန့်ရင်း ဖူး သွားရာ အိမ်လေးဘက်ဆီ ဖြည်းဖြည်းလျှောက်လိုက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





(၂၃)

ပုံစံထူးခြားခြား သည်ရှာလေးမျိုးဆီ ရောက်ခဲ့သည့် အမျိုးကောင်း ကားလေးတစ်စီး တာရိုးမှ မောင်းလာပြီး ခြံရှေ့ ရပ်လိုက်ကတည်းက တက်နေစိုး ရှေ့လက်စ ပန်းအိုးကို ချပြီး ရပ်စောင့်ကြည့်နေမိသည်။ ကားတံခါးဖွင့်၍ ရုပ်ရည်အတော်ချောဖြောင့်သော အမျိုးသမီးတစ်ယောက် လက်ထဲမှာ ဆွဲခြင်းငယ်တစ်လုံး ကိုင်ကာ ဆင်းလာ၏။ တာရိုးပေါ်မှ ဆင်း၍ ခြံစည်းရိုး ဝင်းတံခါးဝ အရောက်မှာတော့. . .

"ဒေါ်ယမုံစိုး အိမ်ပါလားရှင်၊ ဆရာမ ဒေါ်ယမုံစိုး ရှိပါသလား"

တက်နေစိုး ဘူးစင်အကွယ်မှ ထွက်၍ အသံပြုန်ပြုလိုက်ရင်း





ခြံဝဘက်သို့ လျှောက်ထွက်လာခဲ့သည်။

"ဟုတ်ကဲ့. . . ဟုတ်ပါတယ်. . . ရှိပါတယ်၊ ဘာကိစ္စပါလဲ"

"ဟို. . . ဦးသက်နိုင်ဦးနဲ့ ဒေါ်သော်တာစိုးတို့ ပါးလိုက်တဲ့ ပစ္စည်းလူကြုံ လာပို့တာပါရှင့်"

"ဟာ. . . မမလေးတို့ဆီကပဲ၊ ဟုတ်ကဲ့. . . ဝင်ပါ ကြွပါခင်ဗျား"

ဟု ပြောရင်း အိမ်ဘက်သို့လည်း တက်နေစိုး လှမ်းအော်လိုက်လေသည်။

"မမကြီးရေ. . . ဧည့်သည်ဗျို့၊ မမလေးတို့ဆီက လူကြုံတဲ့"

"အေး. . . အေး. . . လာပြီ မောင်လေးရေ၊ ဧည့်သည် အိမ်ပေါ် ခေါ်ပါဟဲ့"

ခေါ်သံအော်သံ ကြားလိုက်ကတည်းက ဝသုန်မြတ်နိုး ကြားနေရသည်ဖြစ်၏။ ခေါင်းထဲ၌ မူးဝေဝေလည်းဖြစ်နေ၊ ကိုယ့်ကိစ္စလည်း မဟုတ်သဖြင့် အိပ်ရာထဲ ခွေမြဲအတိုင်း ဆက်လှဲနေသည်။

"ဟို. . . ဒီက ညီမလေး အိမ်ပေါ် တက်ပါဦး. . . လာပါ"

အိမ်ဝမှ ဒေါ်ယမုံစိုး ဆီးကြိုဖိတ်ခေါ်ပြီး အိမ်ပေါ်မှာ ဖျာခင်း၍ နေရာချပေးလိုက်ရင်း. . .

"ညီမလေးက ရခိုင်ဘက်က လာရတာလား"

"မဟုတ်ပါဘူးရှင့်. . . ရန်ကုန်ကတင်ပါ"

"အြော်. . . ထိုင်ပါ၊ ရေနွေးသောက်ပါဦး၊ ဒါနဲ့ သော်တာတို့နဲ့က ဘယ်လို"

"ဇူတို့အဒေါ်အိမ်မှာ နေကြတာပါ၊ ကိုသက်နိုင်ဦးနဲ့က ဆွေမျိုးနီးစပ် တော်ပါတယ်၊ အဲဒီထဲက ခင်နေကြတာဆိုတော့ ဇူးအစ်ကိုကြီး အရောင်းအဝယ်ကိစ္စနဲ့ ရခိုင်ဘက် ရောက်တုန်း အစ်မသော်တာနဲ့ ဆုံပြီး လူကြုံပါးလိုက်တာပါ၊ အစ်ကိုကြီးက မအားလို့ ဇူး လာပို့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်. . . တကူးတကကြီး လာပို့ရတာ အားနာစရာကွယ်၊ ကျေးဇူးအရမ်းတင်ပါတယ် ညီမလေးရယ်"

ဒေါ်ယမုံစိုးနှင့် ဖူးဖူးမွန်တို့ အချီအချစကားကြောင့် စပ်စုချင်လာသဖြင့် ဝသုန်မြတ်နိုး အားယူ ထထိုင်လိုက်၏။

"ဟို. . . ဒီက ညီမဖူးက တစ်ယောက်တည်း လာရတာလား အလှမ်းက ဝေးတော့ကွယ်"

"မဟုတ်ပါဘူးရှင့်. . . ဖူး အမျိုးသားအဖော် ပါ,ပါတယ်၊ ကားပေါ်မှာ ကျန်ရစ်လို့"

"အို. . . ဘယ့်နှယ် ကားပေါ် ထိုင်နေရတယ်လို့ မဟုတ်တာ၊ မောင်လေး သွားခေါ်ချည်ပါ. . . သွား"

"ဟုတ်ကဲ့ မမကြီး"

တက်နေစိုး. . . ဖူး၏အမျိုးသားကို ခေါ်ရန် ဆင်းသွား၏။ ထိုအချိန်မှာပင် ဖူးအသံက ထွက်လာပြန်သည်။

"ဒါဆို အဲဒီအစ်ကိုက ကိုတက်နေစိုးဆိုတာပေါ့၊ မမသော်တာ ပြောထားဖူးတယ်"

တက်နေစိုးဟူသည့်အမည် ကြားလိုက်သလိုလိုကြောင့် ဝသုန်မြတ်နိုး မျက်မှောင်တစ်ချက် ကုတ်သွားသည်။ အိပ်ခန်းဝသို့ ထွက်လာစဉ် ဒေါ်ယမုံစိုးက စကားဆက်လေသည်။

"ဟုတ်တယ် ဖူးရဲ့၊ မမကြီးတို့က မောင်နှမသုံးယောက်ပဲ ရှိတာ၊ မမကြီးနဲ့ သော်တာစိုးနဲ့က နှစ်နှစ်ကြီး နှစ်နှစ်ငယ်၊ အဲ. . . သော်တာနဲ့ မောင်လေးတက်နေစိုးကျတော့ ငါးနှစ်တောင် ကွာတာ"

ဝသုန်မြတ်နိုး ဆတ်ခနဲ ကန့်လန့်ကာစကို ဆွဲဖယ်ပြီး ဧည့်ခန်းသို့ ထွက်လိုက်သည်။

ဖူးအမျိုးသားကို အိမ်ပေါ် ဖိတ်ရန် သွားခေါ်သော တက်နေစိုး ခြံဘက်သို့ လျှောက်လာသည့် သားလတ်ကိုအား တွေ့၍ အနီးသို့





လှမ်းလာရင်း ပြောလိုက်သည်။

"ဒီက ဘရားသားရဲ့အမျိုးသမီးက အိမ်ပေါ် လိုက်ခဲ့ပါတဲ့. . . ကြွပါခင်ဗျ"

"ဩော်. . . ဟုတ်ကဲ့. . . ကျေးဇူးပဲ"

နှစ်ယောက်သား မျက်နှာချင်းဆိုင် ဆုံမိခိုက် ကြောင်ကြည့်နေမိသည်။ သားလတ်ကိုက မျက်မှန်ကို ချွတ်၍ ပဝါနှင့် သုတ်ပြီး ပြန်တပ်၍ တက်နေစိုးကို ကြည့်ခိုက် တက်နေစိုးက အရင်မှတ်မိသွားလေသည်။

"ဟင်. . . သားလတ်ကို"

သားလတ်ကိုလည်း အံ့ဩသွားသည်။ တက်နေစိုး၏ငယ်ရုပ်ကို ဖမ်းမိလိုက်သည်။

"တက်. . . တက်နေ. . . တက်နေစိုး"

နှစ်ယောက်သား ဘာဆက်ပြောရမှန်း မသိ၍ ကြောင်ကြည့်ပြီး အိမ်ဘက်ဆီ အသံတိတ် ဆက်လျှောက်နေမိကြလေ၏။

အိမ်ပေါ်သို့ တက်လာသည့် သားလတ်ကိုနှင့် တက်နေစိုးတို့ ဝသုန်မြတ်နိုး လှမ်းမြင်လိုက်ချိန်မှာ မျက်လုံးဝိုင်း ကြောင်ကြည့်နေသည်။ မျက်တောင်မခတ်မိ၊ ခဏမျှအကြာ၌ သုတ်ခနဲ နောက်ဖေးမီးဖိုချောင် ရေကပြင်မှ ခုန်ဆင်း၍ အိမ်နောက်ကျော ချောင်းရိုးဆီသို့ ပြေးထွက်သွားလေသည်။

ချောင်းက ရေတသွင်သွင်စီး၍ ကြိုလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"**ဆ**ရာမ ဒေါ်ယမုံရေ. . . ဒီမှာ သုန်သုန် ရေနစ်နေလို့. . . လာကြပါဦး"

အိမ်ပေါ်၌ စကားဝိုင်းဖွဲ့နေကြသူအားလုံး အလန့်တကြားဖြင့် ပြူးပြူးပျာပျာ ဖြစ်ကုန်ကြ၏။ ဆတ်ခနဲ ခုန်ထလိုက်သည့် တက်နေစိုးကို သားလတ်ကိုက. . .

"တက်နေ. . . သုန်သုန်. . . သုန်သုန်ဆိုတာ. . ."

ဟု မတ်တတ်ရပ်ရင်း မေးလိုက်သည်တွင်. . .

"ဟုတ်တယ် သားလတ်၊ အဲဒါ ဝသုန်မြတ်နိုး"

ဟု အော်ပြောရင်း အိမ်ပေါ်မှ ပြေးဆင်းသွားလေသည်။ တက်နေစိုး နောက်မှာ ကပ်၍ အပြေးလိုက်ပါလာသူမှာ သားလတ်ကို ဖြစ်၏။ နောက်မှ အပြေးတစ်ပိုင်း လိုက်ခဲ့ကြသူများက ဇူဇူမွန်နှင့် ဒေါ်ယမုံစိုး တို့ပင်။

ထမိရင်ရှားနှင့် အော်ဟစ်နေသူ အမျိုးသမီး လက်ညှိုးညွှန်ပြ ရာ၊ ချောင်းရေစီးထဲမှာတော့ ဝသုန်မြတ်နိုး ခန္ဓာကိုယ်က မြုပ်ချည်ပေါ်





ချည်။

"သုန်သုန်. . ."

ဟု ငယ်သံပါအောင် အော်ပြီး ချောင်းထဲ ခုန်ဆင်းလိုက်သည်က သားလတ်ကို။

'မြတ်နိုး' ဟု ဝမ်းခေါင်းသံဖြင့် မြည်ကြွေး၍ ချောင်းထဲ ဒိုင်ဗင်ထိုးဆင်း ကူးခတ်သွားသူက. . . တက်နေစိုး။

ချောင်းထဲမှ ဝသုန်မြတ်နိုးကို တက်နေစိုးက ကူးဆယ်လာပြီး ကမ်းစပ်မှ ထမ်းပြေးနေသည်။ ပြီး ရေအန်ထွက်ပြီးသည့် နှုတ်ခမ်းကို နှုတ်ခမ်းချင်း တေ့၍ လေမှုတ်သွင်း ရင်ဝကို ဆင့်ဆင့်ဖိပေးနေသည်။ ချောင်းစပ်မှာ ယက်ကန်ယက်ကန် ဖြစ်နေသည့် သားလတ်ကိုအား ဇူဇူမွန်က ချောင်းထဲ ခုန်ချတွဲတင်ပြီး. . .

"ကိုက ရေလည်း မကူးတတ်ဘဲနဲ့ကွာ၊ ရေနစ်တဲ့သူကို ကယ်ချင်ရင် ကိုယ်က ရေကျွမ်းကျွမ်းကျင်ကျင် ကူးတတ်ရတယ် ကိုရဲ့"

ဟု ပြောရင်း ခေါင်းက ဆံပင်များကို ပွတ်သပ်ပေးနေသည်။

ဒေါ်ယမုံစိုးက ဝသုန်မြတ်နိုး၏လက်ကောက်ဝတ်ကို စမ်းလိုက်၊ တက်နေစိုး၏မျက်နှာကို မော့ကြည့်လိုက် ဖြစ်နေ၏။

. . . . . . . . . . . . . . . . . . . . . . . . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



**ရူး**၏ ကမာရင်ကွဲရောင် မတ်တူးကားလေးသည် မိုင်ကုန်ဖွင့် မီးထိုးမောင်းလျက် ပဲခူး-ရန်ကုန် ကားလမ်းမကြီးပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေဆဲ။ ကားဦးတည်ရာအရပ်မှာ ရန်ကုန်။

'One by Four . . . နဲ့
အ သံ တိတ် ဘိုင် စ ကုပ် ကား ထဲ
စ ကား ပြော အ ရှပ် တွေ ကြိုး ဆွဲ က
မျက် စိ စုံ မှိတ် နား စွင့် လိုက် ကြ စမ်း
Four in One . . . တဲ့'









(၂၄)

**ရန်**ကုန်စိတ်ရောဂါကုဆေးရုံအတွင်း တာဝန်ကျ ဆရာဝန်ကြီး၏ ရုံးခန်းအတွင်း၌ လူအများ စုဝေးနေကြသည်။

ဦးမင်းမြင့်မောင် + ဒေါ်နွဲ့သိင်္ဂီ
ဦးခင်ကိုလတ် + ဒေါ်သက်ငုံဖူး
ဒေါ်ယမုံစိုးနှင့် တက်နေစိုး
ဖူးဖူးမွန်နှင့် သားလတ်ကို
နောက်. . .
တာဝန်ကျ ဆေးရုံအကူဝန်ထမ်းများ. . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက ဝသုန်မြတ်နိုး ဖြစ်ခဲ့သည့်စိတ်ရောဂါဖြစ်စဉ်ကို စိတ်မြင်ယောင်မှား မှတ်ထင်ပြုမူလေ့ခြင်းအရာ။ စွဲသိစိတ် ဟုတ်ယောင်ထင် အပြုအမူ၊ စိတ်လှုံ့ဆော်မှုနှင့် ခန္ဓာကိုယ် ဆက်စပ်တုံ့ပြန်ပုံများကို သာမန်လူများ နားလည်လွယ်နိုင်သည့်စကားဖြင့် ရှင်းလင်းပြောပြနေသည်။

အတော်ရှည်ရှည်လျားလျား ပြောလိုက်ရသည့်အတွက် စားပွဲပေါ်ရှိ ရေသန့်ဘူးမှ ရေတစ်ခွက် လောင်းထည့် မော့သောက်လိုက်၏။ တိုက်ပုံအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာနှင့်လည်ကုပ်ကို သုတ်လိုက်ပြန်သည်။ ပြီးမှ. . .

"အဲဒီတော့ ကျွန်တော့်အနေနဲ့ နောက်ဆုံးပြောပြနိုင်တာကတော့ ခုဆို သမီး ဝသုန်မြတ်နိုးဟာ မူလ ပကတိစိတ်အတိုင်း ပြန်လည်ရောက်ရှိသွားပြီဆိုတာပါပဲ. . .

အားအင်ပြည့်ပြီး ကောင်းမွန်တဲ့ကျန်းမာရေးအတွက် နောက်တစ်ရက်နှစ်ရက်လောက် ဒီမှာ အနားယူပြီးရင် ပြန်ခေါ် သွားနိုင်ပါပြီ၊ သမီးရဲ့မိဘများကို လိုအပ်လို့ ကျွန်တော် အနူးအညွတ် မေတ္တာရပ်ခံပါရစေ. . .

ဒါကလည်း သမီးဝသုန်မြတ်နိုးရဲ့ဖွင့်ဟတောင်းဆိုမှု ဖြစ်ပါတယ်. . .

ဘာလဲဆိုတော့. . . သူမရဲ့စိတ် ဟုတ်ယောင်ထင်မှားမှုနဲ့ အရှိဒိဋ္ဌလောကကြားမှာ ပူးတုံခွာတုံ ဖြတ်သန်းခဲ့ရတဲ့ အိပ်မက်ဆိုးကြီးကနိုးထလာစမှာ. . .

သူမရဲ့အသက်ဆုံးတိုင်ထိ ဖြတ်သန်းမယ့်ဘဝလမ်းအတွက် ချစ်မြတ်စုံမက်စွာ လက်တွဲသွားမယ့်သူတစ်ယောက်ကို ဦးဆုံးမြင်တွေ့ခွင့် ရလိုကြောင်း ကျွန်တော့်ထံ တောင်းဆိုဆန္ဒပြုခဲ့ပါတယ်. . .

ဒါဟာ သူမရဲ့ ကျန်းမာရေးရှုထောင့်အရဖြစ်ဖြစ် သူမရဲ့ ပုဂ္ဂလ





ခံစားမှု ရှုထောင့်ကဖြစ်ဖြစ် စီစဉ်ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အတွေ့အကြုံများစွာအရ လက်ခံခဲ့ပါတယ်. . .

ဘာပဲဖြစ်ဖြစ် သူမဟာ ဘဝသစ်၊ နွေသစ်၊ လောကသစ်တစ်ခုထဲကို ဝင်ဖို့အတွက် စတင်မယ့်ခြေလှမ်းဟာ သူမ ယုံကြည်အားကိုးရာအစစ်မှန်တစ်ခုကိုသာ မှီတွဲအားပြုမှာပါပဲ. . .

အားလုံးက နားလည်စွာ လိုက်နာကြမယ်လို့ ယုံကြည်တဲ့အတွက်. . .

သမီးဝသုန်မြတ်နိုးရဲ့ဆန္ဒအတိုင်း. . .

သမီးလေးနဲ့ တွေ့ဆုံခွင့်ရသူကတော့. . . . . .

. . . . . . . . . . . . . . ."

တစ်ခန်းလုံး ငြိမ်သက်စွာ စောင့်မျှော်နားစွင့်နေကြသူများအား ဆရာဝန်ကြီးက အမည်နာမတစ်ခုကို ထုတ်ဖော်ပြောကြားပြီး ဝသုန်မြတ်နိုးရှိရာ အဆောင်ခန်းသို့ အတူခေါ် ဆောင်သွားလေတော့သည်။



www.burmeseclassic.com